# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၀၃)


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အင်္ဂမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ်(၃/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ မေ ၂၂ ရက်)**

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**အင်္ဂမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အင်္ဂမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်(၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) တနင်္လာနေ့၊ ၁၃း ၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)မန်းဝင်းခိုင်သန်း**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အင်္ဂမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ် (၁/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ မေ ၂၂ ရက်)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**အင်္ဂမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အင်္ဂမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) တီခွန်မြတ်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အင်္ဂမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ် (၁/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ မေ ၂၂ ရက်)**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**အင်္ဂမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အင်္ဂမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# ၂၀၁၇- ၂၀၁၈ ပညာသင်နှစ် အခြေခံပညာအဆင့် အောင်စာရင်းများ ထုတ်ပြန်

**နေပြည်တော် မေ ၂၂**

၂၀၁၇ - ၂၀၁၈ပညာသင်နှစ် အခြေခံပညာအဆင့် အောင်စာရင်းများကို ယနေ့တွင် ထုတ်ပြန်လိုက်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

**အောင်ချက်ရာနှုန်းပြည့်**

အခြေခံပညာ အလယ်တန်းအဆင့် အင်္ဂမတန်းနှစ်ဆုံးစာမေးပွဲကို နေပြည်တော် ကောင်စီနယ်မြေရှိ စာစစ်ဌာန ၂၁၃ ခုတွင် ကျောင်းသားကျောင်းသူ ၁၇၄၇၁ ဦးက ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်သူအရေအတွက်မှာ ၁၇၄၇၁ ဦးရှိ၍ အောင်ချက်ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁*



## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော် အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ဒုတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

## ဓာတုလက်နက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု သံသယရှိရာနေရာကို ဓာတုလက်နက် တားဆီးရေးအဖွဲ့ စုံစမ်းစစ်ဆေး

နိုင်ငံတကာသတင်း စာ » ၁၄




# နိုင်ငံတကာရာဇဝတ်ရုံး၏ ရှေ့နေချုပ်ဖြေရှင်းပေးရမည့် မေးခွန်းများ

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအစီအစဉ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့၌ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ ဤလက်မှတ်ရေးထိုးပြီး အစီအစဉ်နှင့်အညီ မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအနက် ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနှင့် မူဆလင် ၇၅၀ ဦး အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဖြည့်စွက်ပုံစံပြန်လည်ပေးပို့ထားသူ ၈၀၃၂ ဦး အနက်မှ စိစစ်ပြီးသူ ၆၀၀ ကျော်တို့အား ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသိပေးအကြောင်းကြားပြီး ဖြစ်ပါသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအနက် တစ်စုံတစ်ဦးကိုမျှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းမရှိသေးပါ။ မြန်မာနိုင်ငံက လက်ခံလိုပါလျက်၊ လက်ခံရန် အဆင်သင့်ဖြစ်ပါလျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက လွှဲပြောင်းပေးရန် ယခုအချိန်အထိ အဘယ်ကြောင့် ပျက်ကွက်နေရပါသနည်း။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် ဖြည့်စွက်ပုံစံတို့ကို နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ရေးဖြည့်ပေးရေးသည် နိုင်ငံတကာကျင့်ဝတ်ကျင့်ထုံးဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံသို့ စာရင်းပေးပို့ခဲ့သည့် ၈၀၃၂ ဦး၏ ဖြည့်စွက်ပုံစံတို့ကို နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ အဘယ်ကြောင့် ရေးဖြည့်ပေးရန် ပျက်ကွက်ရပါသနည်း။ ပို၍ အံ့သြစရာကောင်းသည်မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးသည် နှစ်နိုင်ငံသဘောတူထားသည့် ပုံစံအတိုင်း ဖြည့်စွက်ထားခြင်းမရှိကြောင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံမှ သိရှိခြင်းဖြစ်ပါသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကော့ခ်ဘဇားခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ ပြန်လည်လက်ခံရန် စိစစ်အတည်ပြုပြီးသူတို့အား တွေ့ဆုံခွင့်ပေးရန် မေတ္တာရပ်ခံချက်ကို သက်ဆိုင်ရာ အာဏာပိုင်တို့က လျစ်လျူရှုခဲ့ခြင်းသည်လည်း "အဘယ်ကြောင့်"ဟူသော အတွေးတို့ကို ရှောင်လွှဲမရဖြစ်ပေါ်စေပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တွေ့ရှိခဲ့သော နေရပ်စွန့်ခွာနေထိုင်သူများစခန်းရှိ ပုဂ္ဂိုလ်တို့က ဖြည့်စွက်ပုံစံတို့ကို မသိသကဲ့သို့ မည်သည့်ပုဂ္ဂိုလ်မှ လာရောက်ရှင်းလင်းခြင်းမရှိကြောင်း ပြောဆိုခဲ့မှုတို့အပေါ် အဘယ်ကြောင့် ဤကဲ့သို့ဖြစ်ရသည်ကို မေးခွန်းထုတ်ရမည် ဖြစ်ပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဘာသာရေးခေါင်းဆောင်များ အပါအဝင် ရပ်မိရပ်ဖတို့နှင့် တွေ့ဆုံခွင့်ပြုရန် မေတ္တာရပ်ခံချက်အပေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လျစ်လျူရှုမှုသည်လည်း မေးခွန်းထုတ်ရမည့် ကိစ္စဖြစ်ပါသည်။

စစ်ရာဇဝတ်မှုများနှင့် လူသားတို့အပေါ် ကျူးလွန်သော ပြစ်မှုတို့ကို သန္နိဋ္ဌာန်ချ စစ်ဆေးရန်လိုအပ်သည်ဟု ခံယူထားသော နိုင်ငံတကာရာဇဝတ်ရုံး **(International Criminal Court- ICC)** ၏ ရှေ့နေချုပ် ဖတူးဘန်ဆူးဒါး **(Fatou Bensouda)** က အထက်၌ ဖော်ပြထားသည့် မေးခွန်းတို့၏ အဖြေရရန် ဦးစွာကြိုးပမ်းသင့်ပါသည်။ သို့သော် အဆိုပါရှေ့နေချုပ်သည် နိုင်ငံတကာရာဇဝတ်ရုံး **(ICC)** ၏ ပဋိညာဉ်ကို ချိုးဖောက်လျက် နိုင်ငံတကာသဘောတူညီချက် **(The 1969 UN Vienna Convention on International Treaties)** ကို ချိုးဖောက်လျက်၊ ကုလသမဂ္ဂပဋိညာဉ်ကို ချိုးဖောက်လျက် ရခိုင်ပြည်နယ်အရေးကို နိုင်ငံတကာရာဇဝတ်ရုံး **(ICC)** ၌ စစ်ဆေးခွင့်ရရန် လျှောက်ထားလိုက်ခြင်းသည် အချုပ်အခြာအာဏာကျင့်သုံးပိုင်ခွင့်နှင့် နိုင်ငံတကာဆက်ဆံရေး၏ အခြေခံမူတို့ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်း ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးအပေါ် စေ့စပ်သေချာစွာ ချဉ်းကပ်ဖြေရှင်းလိုသည်ဆိုသော အဆိုပါ ရှေ့နေချုပ်အနေဖြင့် အထက်၌ တင်ပြထားသည့် မေးခွန်းတို့ကို ဦးစွာရှင်းလင်းဖြေကြားရန် လိုအပ်ပါကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# ရေးမြို့၌ ကရင်စာပေသင်တန်းများ တိုးတက်ဖွင့်လှစ်နိုင်ရေးဆွေးနွေး

**ရေး ဧပြီ ၂၂**

မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်သည် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား ရေးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၂ ရက်က တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီး ဦးအောင်မြင့်ခိုင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရအနေဖြင့် ကူညီပံ့ပိုးပေးမှုအခြေအနေနှင့် ဆက်လက်ကူညီပေးသွားရန်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များက နွေရာသီ ကရင်စာပေသင်တန်းများ တိုးတက်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများနှင့် စာသင်ကျောင်းမှ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် နည်းလမ်းများကို အကြံပြုတင်ပြသွားခဲ့ကြောင်း သိရသည်။

ရေးမြို့နယ်အတွင်း ယခုနွေရာသီကာလတွင် ကရင်စာပေသင်တန်းလေးနေရာဖွင့်လှစ်ပေးထားပြီး သင်တန်းအထောက်အကူပြု အဘိဓာန်စာအုပ်များဖြန့်ဝေပေးသည့်အပြင် ကူညီပံ့ပိုးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**



# မြို့နယ် မြေစစ်ကော်မတီများနှင့် ရပ်/ကျေးမြေစစ်ကော်မတီဝင်များ အလုပ်ရုံဆွေးနွေးပွဲ ဘိုကလေးမြို့၌ ကျင်းပ

**ဘိုကလေး ဧပြီ ၂၂**

ဘိုကလေးမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ကြီးမှူး၍ မြို့နယ်မြေစစ်ကော်မတီများနှင့် ရပ်/ကျေးမြေစစ်ကော်မတီများ၏ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၁ ရက်က ဘိုကလေးမြို့တော်ခန်းမ၌ ပြုလုပ်ခဲ့သည်။

"ရပ်/ကျေး လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီတွေရဲ့ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးမြှင့်တင်နိုင်ဖို့အတွက်ရည်ရွယ်ပြီး ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပတာဖြစ်ပါတယ်၊ အခုရပ်/ကျေး မြေစစ်ကော်မတီဝင်တွေအနေဖြင့် ယခင် ဗဟိုမြေစစ်၏ ၁/၂၀၁၇ ဆုံးဖြတ်ချက် ၈ ရပ်မှ ယခုပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ချမှတ်သည့် မူဝါဒ ၁၀ ရပ်၊ တပ်သိမ်းမြေများနှင့် စပ်လျဉ်းသည့် မူဝါဒ ၃ ရပ်၊ သိမ်းဆည်းမြေပြန်လည်ပေးအပ်ခြင်းအတွက် စိစစ်ရန် အချက် ၄ ချက်၊ စွန့်လွှတ်နိုင်ခြင်းမရှိသည့် သိမ်းဆည်းမြေစိစစ်ရန် ၅ ချက်၊ သိမ်းဆည်းဌာနမှ စွန့်လွှတ်သည့်မြေတွေအတွက် စိစစ်ရန် ၆ချက်၊ စွန့်လွှတ်မြေတွေ သက်ဆိုင်ရာတောင်သူလက်ဝယ်အမြန်ရောက် ရေးလုပ်ငန်းစဉ် ၉ ရပ်တို့ကို အသေးစိတ်လုပ်ငန်းနမူနာများဖြင့် ရှင်းလင်းဆွေးနွေးခြင်းဖြစ်ပါတယ်၊ ဒီလုပ်ငန်းတွေကို သက်ဆိုင်ရာ ရပ်/ကျေးမြေစစ်ကော်မတီတွေက သိရှိပြီး ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပြည်သူတွေရဲ့လိုလားချက်ကို မှန်ကန်မြန်ဆန်စွာ ဝန်ဆောင်မှုပြုနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု မြို့နယ်မြေစစ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ပြောသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်းက တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ် မြေစစ်ကော်မတီဥက္ကဋ္ဌမှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေး ဗဟိုကော်မတီက ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဆွေးနွေးတက်ရောက်လာကြသည့် ရပ်/ကျေးမြေစစ်ကော်မတီဝင်များကလည်း ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၂-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၈ .၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၉ .၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၁ .၆ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၃၅ .၈ |
| ထိုင်း | တစ်ဘတ် | ၄၂ .၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ .၁ |
| တရုတ် | တစ်ယွမ် | ၂၁၁ .၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ .၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင် နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍ အလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့၊ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ် ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည် ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## သီကိရ်ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကြည့်ရှုစစ်ဆေး

**ထန်တလန် မေ ၂၂**

ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကိရ်ကျေးရွာသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် မေ ၂၂ ရက် နံနက် ၇ နာရီခွဲက သီကိရ်တမံရှင်းလင်းဆောင်၌ ချင်းပြည်နယ် သစ်တောဦးစီးဌာန၏ဆောင်ရွက်ထားရှိမှုများအား ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းနိုင်လေးက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးကလိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၏ ကော်ဖီပျိုးပင် ၃၀၀၀ ဆောင်ရွက်ထားမှုနှင့် သစ်တောဦးစီးဌာန၏ဂျပန်ချယ်ရီ၊ ဗက်တီဘာမြက် စိုက်ပျိုးထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်များ မှာကြားခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီကိရ်ကျေးရွာနစ်ခြင်းဘုရားကျောင်း၌ ဒေသခံမိဘပြည်သူများနှင့်တွေ့ဆုံကာ ဆိုလာမီး ၁၀ စုံ၊ အဓမ်းမီးဖို ၁၀ လုံး ထောက်ပံ့ပေးအပ်ပြီး သီကိရ်ကျေးရွာတိုက်နယ်ဆေးရုံဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ သီကိရ်အထက(ခွဲ) ကျောင်းဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် သီကိရ်ဆုတောင်းကုန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ထန်တလန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များသက်တမ်းတိုးပေးမည်

**နေပြည်တော် မေ ၂၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ်၊ မေလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | တနိုင်း၊ ဖားကန့် |
| ၂။ | ကရင်ပြည်နယ် | နဘူး |
| ၃။ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန် |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင်၊ ကောလင်း၊ ဝန်းသို၊ပင်လည်ဘူး၊ ဒီပဲယင်း |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံး၊ ကျွန်းစု၊ ဘုတ်ပြင်း |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ပေါက်ခေါင်း၊ ကျောက်ကြီး၊ ဇီးကုန်း |
| ၇။ | မကွေးတိုင်းဒေသကြီး | မြို့သစ်၊ မြိုင်၊ ဆိပ်ဖြူ၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း၊ ငါန်းဇွန်၊ တံတားဦး၊ မိုးကုတ် |
| ၉။ | မွန်ပြည်နယ် | ချောင်းဆုံ၊ ကျိုက်ထို |
| ၁၀။ | ရခိုင်ပြည်နယ် | ဘူးသီးတောင်၊ မောင်တော |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ တွံတေး |
| ၁၂။ | ရှမ်းပြည်နယ် | ရပ်စောက်၊ ဖယ်ခုံ၊ ခိုလမ်၊ တန့်ယန်း၊ မိုင်းတုံ၊မိုင်းဆတ်၊ မိုင်းယောင်း |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | အိမ်မဲ၊ ငန်ဖြူ၊ မြန်အောင်၊ ကြံခင်း၊ ကျိုက်လတ် |

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် မေ ၂၂**- ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၂ ဒီဂရီစင်တီ ဂရိတ်စီ၊ မန္တလေးမြို့၊ မင်းဘူးမြို့၊မကွေးမြို့၊ ဆင်ဖြူကျွန်းမြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တီးတိန်မြို့တွင် ၀ ဒသမ ၃၉ လက်မနှင့်တွန်းဇံမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

## ငွေဆောင်မြို့နယ်ခွဲရှိ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲရှိ Ayeyarwaddy Fishery Development Co.,Ltd ၏ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းများဖြစ်သော မိရိုးဖလာမွေးမြူခြင်းနှင့် နည်းပညာမြင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ သွားရောက်ရာတွင် လုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ရှိသူများက ရေချိုပုစွန်မွေးမြူရေးစီမံကိန်း လက်ရှိဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းထုတ်လုပ်မှု လုပ်ငန်းများကို တိုးတက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပို့ကုန်တိုးမြှင့်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားရန်လိုကြောင်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မတီမှ ယုံကြည်စွာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းအပေါ် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများအား အောင်မြင်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်းရှိ ဒီရေတောများကိုလည်း စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုပါ ကုမ္ပဏီသည် နိုင်ငံခြားမှ နည်းပညာအကူအညီဖြင့် ရေချိုပုစွန်မွေးမြူရေးကန်ပေါင်း ၂၄၀ ကန် ဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး မွေးမြူသည့်နည်းစနစ်မှာ ၁ ကုဗမီတာတွင် ပုစွန်သားလောင်း ၁၅၀ ကောင် ထည့်သွင်းမွေးမြူ၍ အသားတင် အသက်ရှင်နှုန်းမှာ ၈၀ ကောင်ရှိမည်ဖြစ်ကြောင်း၊ မွေးမြူရေး ကန်တစ်ကန်တွင် ပုစွန် ၁၅ ဒသမ ၃၆ တန်ခန့် အသားတင်ထွက်ရှိနိုင်မည်ဖြစ်ပြီးကာလအားဖြင့် တစ်နှစ်လျှင် သုံးကြိမ်မွေးမြူနိုင်မည်ဖြစ်သဖြင့် စုစုပေါင်း ပုစွန် ၁၁၀၀၅၉ တန် ထွက်ရှိနိုင်မည်ဖြစ်သည်။ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၅ သန်းခန့် ခန့်မှန်းထားကြောင်း၊ ပုစွန်ကန်များအတွင်း ရေဖလှယ်သန့်စင်သည့် စနစ်၊ အညစ်အကြေး ဖယ်ထုတ်ခြင်း စနစ်တို့ကို ခေတ်မီစက်ကိရိယာများဖြင့် နည်းစနစ်တကျ ပေါင်းစပ်မွေးမြူလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ပုစွန်သားလောင်းဖောက်ခြင်း လုပ်ငန်းအား ပူးတွဲဆောင်ရွက်လျက်ရှိရာ တစ်ပတ်လျှင် ပုစွန်သားလောင်း ၁၅ သန်းခန့် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် သားလောင်းပေါင်း ၇၅၀ သန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ရေချိုပုစွန်မွေးမြူရေးစီမံကိန်း ရာနှုန်းပြည့် အကောင်အထည်ဖော် ပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် လုပ်သားပေါင်း ၃၀၀၀ ခန့် အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်ပြီး ယခုအချိန်မှ စတင်ကာ လုပ်သားများအား လုပ်ငန်းသုံးစက်ကိရိယာကျွမ်းကျင်မှုသင်တန်းနှင့် ရေချို



ပုစွန်အစာအတွက် ခတ်ခွဲခြင်းသင်တန်းများအား ပို့ချပေးလျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီတွင် ပုသိမ်မြို့ရှိ ပြည်နယ်အဆင့် ဝန်ကြီးဌာနရှိ ဦးစီးဌာန/ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုများကို တွေ့ဆုံမေးမြန်းခဲ့ပြီး လိုအပ်ချက်များအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဖလမ်းစာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

ဖလမ်း မေ ၂၂

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ယနေ့ မွန်းလွဲပိုင်းက ချင်းပြည်နယ် ဖလမ်းမြို့နယ် စာရင်းစစ်ရုံး၌ စာရင်းစစ်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦးတို့က ဝန်ထမ်းများကို မှာကြားရာတွင် မိမိကျရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အမှားမရှိစေရေးနှင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ပြောကြားကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ချင်းပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စာရင်းစစ်အရာရှိများနှင့် ခရိုင်၊ မြို့နယ် စာရင်းစစ် ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာနှစ်ဆုံးစာမေးပွဲအောင်စာရင်းများ ထွက်ရှိ

ရန်ကုန် မေ ၂၂

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် နှစ်ဆုံးစာမေးပွဲအောင်စာရင်းကို ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာကျောင်းများ၌ ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုကြသည်။

ထိုကဲ့သို့ ထုတ်ပြန်ကြေညာမှုကြောင့် နံနက် ၆ နာရီခန့်မှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းများ၌ နှစ်ဆုံးစာမေးပွဲ အောင်စာရင်း လာရောက်ကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများဖြင့် တိုးဝှေ့စည်ကားလျက်ရှိသည်။

မရမ်းကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် နဝမတန်းဖြေဆိုခဲ့သူ မဖူးပွင့်ဝေက "မနက်ကျရင် အောင်စာရင်းတွေ ထွက်မယ်ဆိုတော့ ညကတည်းက အိပ်လို့ မပျော်ခဲ့ပါဘူး၊ သမီးကတော့အောင်ပါတယ်၊ အောင်မယ်ဆိုတာကိုလည်း ယုံကြည်မှုရှိခဲ့ပါတယ်၊ အောင်စာရင်းကို ကိုယ်တိုင်ကြည့်ချင်တဲ့အတွက် သူငယ်ချင်းတွေနဲ့အတူ မနက်အစောကြီးထပြီး လာကြည့်တာပါ၊ ကိုးတန်းမှာကျတဲ့ သူတွေရှိတယ်လို့ သိရတယ်၊ သူတို့အတွက်တော့ စိတ်မကောင်းပါဘူး"ဟု ပြောသည်။

အလားတူ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားမိဘ ဦးအောင်ကိုညွန့်က "ကျွန်တော့်သားနဲ့သမီးက ဒီကျောင်းမှာတက်တာပါ၊ အခုသားက နဝမတန်းအောင်ပါတယ်၊ သမီးကတော့ သတ္တမတန်းအောင်တယ်၊ သားရော၊ သမီးရောအောင်မြင်တဲ့အတွက် ဝမ်းသာပါတယ်၊ တစ်ကျောင်းလုံးက ကျောင်းသား ကျောင်းသူတွေလည်းအောင်တဲ့အတွက် သူတို့ရဲ့မိဘတွေလည်း ဝမ်းသာကြမှာပါ"ဟု ပြောသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမတန်းကို သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားကာ စာသင်ခန်းအတွင်း ပုံမှန်စစ်ဆေးမှုပြုလုပ်၍ စစ်ဆေးအကဲဖြတ်သတ်မှတ်ခဲ့ပြီး ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း၊ ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်းများ၏ ကျောင်းတွင်း နှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီလတွင် စစ်ဆေးကျင်းပခဲ့ခြင်းဖြစ်သည်။

အောင်စာရင်းများ ထွက်ရှိလာမှုကြောင့် မိဘအုပ်ထိန်းသူတစ်ဦးအနေဖြင့် မိမိ၏ သားသမီးများအား လာမည့်ပညာသင်နှစ်တွင်သင်ကြားရမည့် သင်ခန်းစာများကို ကျောင်းမဖွင့်မီ အချိန်ကာလအတွင်း၌ ကြိုတင်လေ့လာသင်ယူစေခြင်းနှင့် အားနည်းသည့် ဘာသာရပ်များကို ပိုမိုအလေးထားကာ ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားမိခင် ဒေါ်ခင်မိုးမိုးက ပြောသည်။



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် နှစ်ဆုံးစာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုနေကြစဉ်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဒုတိယတန်း၊ တတိယတန်း၊ ပဥ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်းတို့တွင် ဖြေဆိုသူကျောင်းသား ကျောင်းသူများအားလုံး အောင်မြင်ကြပြီး ခရိုင်အဆင့် စစ်ဆေးမှုဖြစ်သော စတုတ္ထတန်းတွင် ကျောင်းသား ကျောင်းသူ ၁၀၅၀၀၀ ဖြေဆိုရာ ရာခိုင်နှုန်းပြည့် အောင်မြင်ကြသည်။

အလားတူ တိုင်းဒေသကြီးအဆင့် စစ်ဆေးမှုဖြစ်သော အဋ္ဌမတန်း စာမေးပွဲတွင် ဖြေဆိုသူ ၉၂၅၅၀ အနက် ၉၂၅၃၁ ဦး အောင်မြင်ရာ (၉၉ ဒသမ ၉၈) ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် နဝမတန်းတွင် ဖြေဆိုသူ ၈၉၀၈၁ ဦးအနက် ၈၅၇၄၂ ဦး အောင်မြင်ရာ (၉၆ ဒသမ ၂၅) ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး အောင်မြင်ကြကြောင်းသိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အခြေခံပညာအဆင့် ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်းများအပါအဝင် စာရင်းရှိ ကျောင်းသား ကျောင်းသူဦးရေမှာ မူလတန်းတွင် ၅၆၆၈၂ ဦး၊ အလယ်တန်းတွင် ၃၉၃၇၅၇ ဦး၊ နဝမတန်းတွင် ၉၀၂၅၂ ဦးတို့ ပညာသင်ကြားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။ **သတင်း-ဇော်ကြီး၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**

✻ ***ရှေ့ဖုံးမှ***

ထို့အတူ အခြေခံပညာ မူလတန်းအဆင့် စတုတ္ထတန်း နှစ်ဆုံးစာမေးပွဲကို နေပြည်တော် ကောင်စီနယ်မြေရှိ စာစစ်ဌာန ၇၇၀ တွင် ကျောင်းသား ကျောင်းသူ ၂၂၅၅၀ က ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်သူ အရေအတွက်မှာ ၂၂၅၅၀ ရှိ၍ အောင်ချက်ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။



ထိုသို့ အောင်ချက်ရာခိုင်နှုန်းပြည့် အောင်မြင်ရခြင်းသည် အခြေခံပညာ အဆင့်၌ အတန်းတွင်း လစဉ်စာမေးပွဲများကျင်းပကာ ကျောင်းသား ကျောင်းသူများ၏ တန်းဆုံးစာမေးပွဲများကို အခက်အခဲမရှိ ဖြေဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ယနေ့ထုတ်ပြန်သော အခြေခံပညာအဆင့် အောင်စာရင်းများကို နဝမတန်းအထိ ထုတ်ပြန်ခဲ့ပြီး တက္ကသိုလ်ဝင်တန်း (၁၀ တန်း) စာမေးပွဲအောင်စာရင်းများကိုလည်း မကြာမီ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**



ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးတွဲဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေးပွဲသို့ တက်ရောက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ဦးဆောင်သော အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ တင်မောင်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ကတန်ကျွန်းပတ်လမ်းပေါ်ရှိ တံတားနှစ်စင်း အမြန်ပြုပြင်တည်ဆောက်ရန် လိုအပ်နေ

**မြိတ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကတန်ကျွန်းပတ်လမ်းမပေါ်တွင် ဒေသခံပြည်သူများ နေ့စဉ် ဖြတ်သန်းသွားလာလျက်ရှိသည့် တံတားနှစ်စင်းသည် ပျက်စီးယိုယွင်းလျက်ရှိရာ ပြည်သူများ ခရီးသွားလာရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ခရီးသွားလာမှု ပြတ်တောက်မှု မရှိစေရေးအတွက် ယင်းတံတားနှစ်စင်းကို အမြန်ပြုပြင်တည်ဆောက်ရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

ကျွန်းစုမြို့နယ်သည် မိုးများသောဒေသတစ်ခုဖြစ်ပြီး နှစ်စဉ် မိုးရေချိန် ၂၀၀ လက်မကျော် ရွာသွန်းလျက်ရှိကာ ပျက်စီးယိုးယွင်းလျက်ရှိသည့် တံတားနှစ်စင်းသည် ထိန်ချောင်းကျေးရွာမှ မေတ္တာပေါင်းကူးတံတား ၇၅ ပေအရှည်နှင့် တီးပူကျေးရွာက တီးပူကျေးရွာတံတား ၄၈ ပေအရှည်တို့ဖြစ်ကာ ရေစီးသန်သည့် ချောင်းများကို ဖြတ်သန်းတည်ဆောက်ထားသော တံတားများဖြစ်ကြောင်း၊ အဆိုပါတံတားနှစ်စင်းကို ဒေသခံပြည်သူများက အမြန်ပြုပြင်တည်ဆောက်ပေးရန် တင်ပြချက်အရ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မတ်လတတိယအပတ်တွင်း ကွင်းဆင်းခဲ့ကြရာ တံတားနှစ်စင်းမှာ ပျက်စီးယိုယွင်းလျက်ရှိပြီး လာမည့်မိုးရာသီတွင် ရေစီးတိုက်စားမျောပါသွားနိုင်သည့် အခြေအနေရှိသည်ဟု စိစစ်တွေ့ရှိရကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးထံမှ သိရသည်။

ယင်းတံတားနှစ်စင်းကို လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တံတားအသစ်ဆောက်လုပ်ရန် သက်ဆိုင်ရာသို့ လျာထားတင်ပြထားကြောင်း လမ်းဦးစီးဌာနမှ သိရသည်။ မေ ၂၁ ရက်က တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကတန်ကျွန်းပတ်လမ်းသို့ ရောက်ရှိစဉ် မြို့နယ်အုပ်ချုပ်ရေးမှူးက တံတားအခြေအနေများကို တင်ပြခဲ့ရာ ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကတန်ကျွန်းပတ်လမ်းတွင် ကျေးရွာ ၁၂ ရွာရှိပြီး ယင်းတံတားနှစ်စင်းကို ထိန်ချောင်း၊ လိပ်ကြယ်၊ တီးပူ၊ ကဘင်းချောင်း၊ လဲ၀ါပြင် စသောကျေးရွာပြည်သူများ နေ့စဉ် ဖြတ်သန်းသွားလာလျက်ရှိကြသဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေး ဒေသခံပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။ **ခိုင်ထူး(မြိတ် ပြန်/ဆက်)**



# လွိုင်လင်-ပန်ကေတု-သီပေါတောင်ပေါ်ကားလမ်း အထူးစီမံကိန်းကြီးအဖွဲ့(၅)နှင့် လွိုင်လင်ခရိုင် လမ်းဦးစီးမှ လမ်းချဲ့ကတ္တရာခင်းနေ



ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်-သီပေါ လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

**လွိုင်လင် မေ ၂၂**

လွိုင်လင်-ပန်ကေတု-သီပေါကားလမ်းသည် မိုင်အားဖြင့် ၁၀၂ မိုင် ၂ ဖာလုံရှိပြီး ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော လမ်းမကြီးဖြစ်သည်။ ယင်းကားလမ်းသည် ရှမ်းပြည်နယ်၏ အဓိကကျသော ပြည်ထောင်စုလမ်းမကြီးတစ်လမ်းဖြစ်သည့်ပြင် မဲခေါင်မြစ်ဝှမ်းနှင့် အာဆီယံလမ်းမကြီးလည်း ဖြစ်သည်။

အဆိုပါလမ်းအား ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာကားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား အမှတ်(၂) စစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့ အမှတ်(၁၇) ဌာနချုပ်မှ ၄၅ မိုင် ၆ ဖာလုံ၊ လွိုင်လင်ခရိုင်လမ်းဦးစီးဌာနမှ မိုင် ၅၀၊ ၂ ဖာလုံ၊ အရှေ့မြောက်တိုင်း စစ်ဌာန ချုပ်မှ ၆ မိုင် ၂ ဖာလုံစသဖြင့် အသီးသီးဖောက်လုပ်ခဲ့သော ကားလမ်းဖြစ်သည်။

လမ်းဖောက်လုပ်ပြီးနောက် လွိုင်လင်ခရိုင်လမ်းဦးစီးမှ တာဝန်ယူ ပြင်ဆင်ထိန်းသိမ်းခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ မိုင်တိုင်အမှတ် ၀/၀ လွိုင်လင်မြို့မှ မိုင်တိုင်အမှတ် ၆၀/၀ လွယ်ဖူတောက်ကျေးရွာအထိ မိုင် ၆၀ ကို အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ တာဝန်ယူ၍ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ မတ် ၃၁ ရက်နေ့အထိ လမ်းအခြေအနေမှာ ၁၀၂ မိုင် ၂ ဖာလုံမှာ ကတ္တရာလမ်းဖြစ်သည်။

အဆိုပါလမ်းမကြီးကို အထူးစီမံကိန်းကြီးအဖွဲ့(၅)နှင့်လွိုင်လင်ခရိုင်လမ်းဦးစီးဌာနတို့သည် ၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၆၄၆၇ ဒသမ ၅၅၀ သန်း၊ ပြင်ထိန်းရန်ပုံငွေကျပ် ၃၁၀၃ ဒသမ ၀၂၂၅ သန်း၊ ပြည်နယ်အစိုးရရန်ပုံငွေမှ ငွေကျပ် ၁၀၁၆၃ ဒသမ ၇၀၀ သန်းသုံးစွဲ၍ ၁၈ ပေ ကတ္တရာလမ်းချဲ့ခင်းခြင်းအား ၃၇ မိုင် ၂ ဖာလုံ၊ ၂၃ ပေ ကတ္တရာလမ်းချဲ့ခင်းခြင်းအား ၁ မိုင် ၂၈ ပေ၊ အကျယ် လမ်းချဲ့ခြင်းအား ၇ ဖာလုံ၊ ပေ ၄၀ အကျယ်လမ်း တာပေါင်တင်ခြင်းအား ၆၉ မိုင် ၁ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းအား ၉၉ မိုင် ၄ ဖာလုံ၊ ကတ္တရာနိမ့်မြင့်ရေပိတ်လွှာလောင်းခြင်းအား ၅၄ မိုင် ၄ ဖာလုံ၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်းအား ၂၃၁၀ ပေ၊ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်းအား ပေ ၁၉၃၀၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပြွန်များ စုစုပေါင်းတံတား ၁၉၇ စင်းတို့ကို လမ်းပိုင်းတစ်လျှောက်တွင် တည်ဆောက်ထားခဲ့ကြောင်း လွိုင်လင်ခရိုင်မှ လမ်းတာဝန်ရှိ အင်ဂျင်နီယာတစ်ဦးက ပြောသည်။

**ခရမ်းစိုးမြင့်**

# ယန်းကျောက်-ကော်မယ်လိတ်-မယ်လိတ်ပါကော်-ဝှေလေလန် သွားလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှု မကြာမီ ပြီးတော့မည်

**တာချီလိတ် မေ ၂၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၁၀၈၂ ဒသမ ၂၂ သန်းဖြင့် ဆောင်ရွက်နေသည့် တာချီလိတ်မြို့နယ် ယန်းကျောက်-ကော်မယ်လိတ်-မယ်လိတ်ပါကော်-ဝှေလေလန် ကျေးရွာသွားလမ်း အပိုင်း(၁) အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုသည် မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းမှာ အရှည်ရှစ်မိုင်ကျော်ရှိပြီး အပိုင်း(၁)အနေဖြင့် ကတ္တရာလမ်းအကျယ် ၁၂ ပေ၊ လမ်းအရှည် ၅ မိုင်အား ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၀၈၂ ဒသမ ၂၂ သန်းဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်လမ်းအရှည် ၃ မိုင်အား လာမည့် ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်း ယန်းကျောက်-ကော်မယ်လိတ်-မယ်လိတ်ပါကော်-ဝှေလေလန် သွားလမ်း ကတ္တရာလမ်းအဖြစ် ပြီးစီးသွားပါက ကျေးရွာအုပ်စုနှစ်အုပ်စုရှိ ကျေးရွာကိုးရွာနေ ပြည်သူ ၆၇၀၀ ကျော်တို့ သွားလာမှု လွယ်ကူလျင်မြန် ချောမွေ့ကာ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများအတွက် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမာကုက ပြောကြားသည်။

**ဝေယံလင်း(ပြန်/ဆက်)**





# မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ ကွင်းဆင်းလေ့လာရေးခရီးစဉ်ပြုလုပ်

**နေပြည်တော် မေ ၂၂**

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ကူညီထောက်ပံ့မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မိုးရေကို အကျိုးရှိစွာ စီမံခန့်ခွဲခြင်းစီမံကိန်း (GWM) ဆောင်ရွက်မှုအစီအစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘို ရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းကျောင်း၌ တောင်သူပညာပေးနှင့် လက်တွေ့ကွင်း ဆင်းလေ့လာရေးခရီးစဉ်ကို မေ ၂၁ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိမြို့နယ်များမှ တောင်သူ ၅၀ အား ရိတ်သိမ်းချိန်လွန် နည်းပညာများအပါအဝင် ဘေးကင်းစိတ်ချရသော စိုက်နည်းစနစ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံပန်းမန် စိုက်ပျိုးနည်းစနစ်များ၊ ဘိုကာရှိသဘာဝမြေဆွေးပြုလုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပြသပေးခဲ့ပြီး GAP စိုက်ခင်းများအား ဆက်လက်ကွင်းဆင်းလေ့လာခဲ့ကြသည်။ **ကိုပေါက် (ဥက္ကာမြေ)**

## ရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေ သွားရောက်လှူဒါန်း

**နေပြည်တော် မေ ၂၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အောင်ချမ်းသာကျေးရွာတွင် မေ ၂၁ ရက် နံနက် ၉ နာရီ ၁၀ မိနစ်မှ ၁၁ နာရီခွဲအထိ မြို့သစ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းနိုင် ဦးစီးသည့်အဖွဲ့က ယင်းကျေးရွာနေ အိမ်ထောင်စု ၁၂၀၊ လူဦးရေ ၅၉၆ ဦးအတွက် သောက်သုံးရေ ဂါလန် ၂၁၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ကျွန်တော်တို့ အတူတူ ပြောင်းလဲကြပါစို့

သျှင်နေမင်း (ဂန့်ဂေါ)

**မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲတိုးတက်လာမှုများနဲ့အတူ အစိုးရအဖွဲ့အစည်းများရဲ့ လုပ်ငန်းစဉ်များကလည်း ပြည်သူဗဟိုပြုပုံစံဖြင့် ပြည်သူသည်သာအဓိက ပြည်သူသည်သာ ပထမ စသည်ဖြင့် ပြောင်းလဲလာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။**

ပြည်သူ့ဝန်ထမ်း ပြည်သူ့လစာ စားနေသူများဟာ ပြည်သူကို ပြန်လည်ပြီးတော့ အလုပ်အကျွေးပြုရမှာ ဖြစ်ပါတယ်၊ မိမိတို့ဝန်ဆောင်မှုပေးတဲ့ ရုံးတွေမှာ သတ်မှတ်ထားတဲ့ ဥပဒေနဲ့လည်းညီတယ်၊ ပြည်သူကလည်း ဒီဥပဒေနဲ့အညီ တောင်းဆိုတယ်၊ လုပ်ပေးပါ၊ ခွင့်ပြုပေးပါဆိုရင် လုပ်ပေးရမှာ ဖြစ်ပါတယ်၊ ခွင့်ပြုပေးရမှာ ဖြစ်ပါတယ်။ ထမင်းစားနေတုန်းမို့ နောက်နေ့မှလာခဲ့ပါ၊ ဘာလုပ်ဖို့လဲ၊ ဘာကိစ္စလဲ မအားသေးဘူးဆိုပြီး မျက်နှာထားကို တည်တည်နဲ့ ပြောလို့မရပါဘူး၊ အချိုသာဆုံးအပြုံးနဲ့ မိမိတို့ရုံးလာတဲ့ ပြည်သူကို ဘာအကူအညီပေးရမလဲ၊ ကျွန်တော်တို့ ဘာလုပ်ပေးရမလဲဆိုပြီး နွေးနွေးထွေးထွေးကြိုဆိုလို့ လိုအပ်တာကို လုပ်ပေးရမှာ ဖြစ်ပါတယ်၊ ဒါမှ ပြည်သူ့ဝန်ထမ်းရယ်လို့ သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။

### ပြုံးလိုက်ကြစမ်းပါ

ကျွန်တော်ငယ်ငယ်က ဟောပြောပွဲလာရောက်ပြောဆိုသူ (စာရေးဆရာမဟုတ်ပါ) လူကြီးတစ်ဦးရဲ့ ဟောပြောပွဲကို နားထောင်ဖူးပါတယ်၊ သူပြောတာက ဝန်ထမ်းတွေဟာ အပြုံးအင်မတန်မှပဲနည်းသတဲ့ ပြုံးကြစမ်းပါ၊ အပြုံးပန်းတစ်ပွင့်ဟာ လူကိုဘယ်လောက်ထိ အပျော်တွေ ကူးစက်နိုင်သလဲဆိုရင် စိတ်ညစ်နေသူကို စိတ်ပျော်ရွှင်စေပါတယ်တဲ့၊ ဒါကြောင့် ဝန်ထမ်းတွေ ပြုံးလိုက်ကြစမ်းပါတဲ့။

နောက်သူပြောတာတစ်ခုက(ဘယ်ဘဏ်ဆိုတာကိုတော့ မပြောတော့ပါဘူး) "ကျွန်တော်ဗျာ ဘဏ်တစ်ခုကို ငွေသွားထုတ်တာ ဘဏ်ဝန်ထမ်းတစ်ယောက် ဆက်ဆံရေးက တော်တော်လေးကို မကောင်းတာကြုံခဲ့ရတယ်၊ မျက်နှာကလည်း စူပုပ်နေပြီး ကျွန်တော်တို့လာလို့ပဲ သူတို့အလုပ်ရှုပ်ရသလိုမျိုးနဲ့ ဆက်ဆံပြောဆိုတာကို ကြုံခဲ့ရတယ်၊ လမ်းဆုံမှာထားတဲ့ ဗန္ဓုလကြေးရုပ်လိုမျက်နှာမျိုးနဲ့ဗျာတဲ့၊ အဲဒါနဲ့ နောက်တော့ ကျွန်တော့်ဆီ ငွေလွှဲတဲ့သူတွေကို ဒီဘဏ်ကို မလွှဲနဲ့တော့ တခြားဘဏ်ပဲ လွှဲပေးပါလို့ ပြောလိုက်ရတယ်၊ နောက်ထပ် ငွေလွှဲခိုင်းတဲ့ဘဏ်က ဝန်ထမ်းတွေကတော့ သကြားဖျော်ရည်သောက်ပြီး စကားပြောသလားအောက်မေ့ရတယ်၊ ချိုချိုသာသာနဲ့ ငွေထုတ်ရတာ မြန်ကလည်းမြန်လိုက်တာ အတော်လေး အဆင်ပြေသွားတာကို သိလိုက်ရပါတယ်" ဆိုပြီး ပြောတာကို နားထောင်ခဲ့ဖူးပါတယ်။

### ပြည်သူတွေဟာ အလုပ်အပ်တဲ့သူ

အလုပ်ဟာ အလုပ်အပ်တဲ့သူရှိမှ အောင်မြင်တာပါ၊ အလုပ်အပ်တဲ့သူမရှိတဲ့ အဖွဲ့အစည်းဟာ အောင်မြင်မှာ မဟုတ်ပါဘူး၊ ပြည်သူတွေဟာ အလုပ်အပ်တဲ့သူတွေဖြစ်ပါတယ်၊ အပ်တဲ့အလုပ်ကို အကောင်းဆုံး ဝန်ဆောင်မှုပေးဖို့ လိုပါတယ်၊ ဝန်ဆောင်မှုပေးတာ ညံ့တယ်ဆိုရင် ဝန်ဆောင်မှုကောင်းကောင်းပေးတဲ့ နေရာကိုသွားမှာ ဖြစ်ပါတယ်၊ ဝန်ဆောင်မှုပေးတာကောင်းရင် ကောင်းသလောက် အသုံးပြုသူ (ဒါမှမဟုတ်) ပြည်သူက ဝန်ဆောင်ခကို ပေးပြီးသားပါ၊ ဒီဝန်ဆောင်ခတွေနဲ့ပဲ အလုပ်ရှင်တွေက အလုပ်သမား (သို့) ဝန်ထမ်းတွေကို လစာပြန်ပေးတာပါ၊ လစာကောင်းကောင်းပေးနိုင်ဖို့ ဝန်ဆောင်မှု ကောင်းကောင်းပေးဖို့ လိုပါတယ်။

### ဝန်ဆောင်မှုကောင်းခြင်း

ထိုင်းနိုင်ငံက ဆေးရုံတွေဟာ ဝန်ဆောင်မှု အင်မတန်ကောင်းတာကြောင့် အလယ်ပိုင်းနိုင်ငံတွေဖြစ်တဲ့ ကာတာ၊ ကူဝိတ် စတဲ့နိုင်ငံတွေကပါ လာရောက်ပြီး ဆေးလာကုကြတာကို တွေ့ရပါတယ်၊ မင်းတို့နိုင်ငံက ဆေးရုံတွေကလည်း အဆင့်မီတာပဲ ဘာကြောင့် မင်းတို့နိုင်ငံမှာ ဆေးမကုသလဲ ဆိုတော့ ထိုင်းနိုင်ငံဆေးရုံတွေက ဝန်ဆောင်မှုပိုကောင်းတယ်ကြားလို့ လာရောက်ဆေးကုသမှုခံယူပါတယ်ဆိုပြီး ပြန်ပြောတာကြားဖူးပါတယ်၊ ဒါကြောင့် အဖွဲ့အစည်းတွေရဲ့အောင်မြင်မှု ရလဒ်ဟာ ဝန်ဆောင်မှုကောင်းခြင်းပါပဲ။

အလုပ်အပေါ်ထားရမယ့် စိတ်နေစိတ်ထားများနဲ့ အလုပ်လုပ်တဲ့အပေါ်မှာ စိတ်နှစ်ပြီးလုပ်တဲ့သူနဲ့ အပေါ်ယံလုပ်သူတို့နှစ်ဦး ကွာခြားတဲ့ အပြုအမူနဲ့ ပတ်သက်ပြီး စာရေးဆရာတစ်ယောက်ရေးထားတာကို မှတ်မိနေပါသေးတယ်၊ စာရေးဆရာအမည် မမှတ်မိတော့ပါ၊ သူရေးသားတင်ပြထားတာလေးက အတော်လေး ကောင်းပါတယ်၊ "ကုမ္ပဏီတစ်ခုက အရာရှိတစ်ယောက်က အမျိုးသမီးဝန်ထမ်းနှစ်ယောက်ကို ခေါ်ပြီး စကားပြောတယ်၊ အခန်းထဲရောက်တော့ ကောင်မလေးတစ်ဦးက ရာထူးတိုးခံရတယ်၊ နောက်တစ်ယောက်ကတော့ ဒီလိုရာထူးတိုးရင် သူကျန်ခဲ့လိမ့်မယ်ဆိုတာ မထင်ထားတော့ အံ့သြသွားတယ်လို့ ဆိုပါတယ်၊ အရာရှိပြောတာက B မင်းရာထူးတိုးတယ်၊ ကုမ္ပဏီတစ်ခုရဲ့ ခေါင်းဆောင်ဖြစ်သွားပြီ၊ ဒီလိုကြားတာနဲ့ A မိန်းကလေးက ချက်ချင်းထပြီး ပြန်မေးလိုက်တယ်တဲ့၊ ကျွန်မတစ်ခုခု အမှားလုပ်ခဲ့မိလို့လား ဒါမှမဟုတ် ကျွန်မသူ့ထက် နောက်ကျမှ အလုပ်ဝင်ခဲ့လို့လားလို့ ပြန်မေးလိုက်တော့ အရာရှိက ပြန်မဖြေသေးဘဲနဲ့ နှစ်ယောက်လုံးကို အလုပ်တစ်ခု အတူတူပေးလိုက်ပါတယ်၊ ကောင်မလေးနှစ်ယောက်လုံးကို နောက်အပတ်ထဲမှာ လာဖို့ရှိတဲ့ နိုင်ငံခြားကုမ္ပဏီတစ်ခုကို ဆက်သွယ်ခိုင်းတာပါ၊ ဒီလိုနဲ့ ၁၀ မိနစ်လောက်ကြာတော့ A ကောင်မလေးက အခန်းထဲ ပြန်ဝင်လာပြီး ကုမ္ပဏီကို ဆက်သွယ်လို့ရခဲ့ပါပြီ၊ နောက်တစ်ပတ်အတွင်း လာမယ်လို့ပြောပါတယ် ဆိုပြီး အရာရှိဆီကို တင်ပြတာပေါ့၊ အရာရှိကလည်း နောက်တစ်ပတ်က ဘယ်နေ့လဲ ပြန်မေးတော့ မိန်းကလေးက ဒါကိုတော့ ကျွန်မ မမေးလိုက်ရသေးဘူးဆိုပြီး ပြန်အဖြေပေးပါတယ်၊ အရာရှိက ဆက်ပြီး ဘယ်လိုလာကြမလဲ၊ လာမယ့်လူက ဘယ်နှယောက်လဲ ထပ်ပြီးမေးတော့လည်း ကောင်မလေးက မဖြေနိုင်ပြန်ဘူးတဲ့၊ ဆရာ အဲဒါတွေ ကျွန်မကို မမေးခိုင်းဘူးဆိုပြီး ပြန်ပြောတာပေါ့၊ အဲဒီအချိန်မှာပဲ B မိန်းကလေး အခန်းထဲရောက်လာပြီး အလုပ်အကြောင်းကို အသေးစိတ် ပြောပါတယ်၊ Customer တွေ နောက်တစ်ပတ် သောကြာနေ့မှာ လာမယ်လို့ပြောပါတယ်၊ လာမယ့်လူက ငါးယောက်ပါ၊ သူတို့လေယာဉ်နဲ့ တိုက်ရိုက်လာမယ်လို့ ပြောပါတယ်ဆိုပြီး တင်ပြတာပေါ့ ၊ အဲဒါတင်မကပဲနဲ့ သူတို့တည်းခိုနိုင်မယ့် ဟိုတယ်မေးလို့ ရုံးနဲ့နီးတဲ့ ဟိုတယ်တစ်ခုကို ညွှန်ပြတာ သူတို့က ဘိုကင်လုပ်ခိုင်းထားပါတယ်တဲ့၊ နောက်ပြီး ခရီးစဉ်ကို စဉ်းစားနိုင်အောင်လို့ ဒီက ရာသီဥတုအခြေအနေပါ ပြောပြထားပါတယ်ဆိုပြီး အရာရှိကို ပြန်တင်ပြလိုက်ပါတယ်၊ B မိန်းကလေး တင်ပြလို့အပြီးမှာ အရာရှိက A မိန်းကလေးမျက်နှာကို ကြည့်လိုက်တဲ့အချိန်မှာပဲ မိန်းကလေးက ရာထူးဘာကြောင့်တိုးရတယ်ဆိုတဲ့ အဖြေကို ရသွားပါတယ်၊ ဒါကြောင့် ပြောချင်တာက အလုပ်ကို ထဲထဲဝင်ဝင်လုပ်မှ အောင်မြင်ပါမယ်၊ စိတ်ပါဝင်စားစွာလုပ်ဖို့လိုပါတယ်" ဆိုတာကို ပြောချင်တာပါ။

### ပြည်သူချစ်တဲ့အဖွဲ့အစည်း

နိုင်ငံ့ဝန်ထမ်းများကို အရည်အသွေးမြင့်မားစေရန်ဆိုပြီး လိုက်နာဆောင်ရွက်ရမယ့် အချက်တွေထဲမှာ တစ်ခုပါဝင်တဲ့ ပြည်သူတို့၏အကျိုးစီးပွားကို အလေးထား၍ လိုက်နာဆောင်ရွက်ရမည် ဆိုတာပါသလို၊ ကိုယ်၊ နှုတ်အမူအရာ ယဉ်ကျေးရမယ်ဆိုပြီး ဝန်ထမ်းကျင့်ဝတ်တွေထဲမှာ ပါပါတယ်၊ ဒါကို အလေးထားလိုက်နာမယ်ဆိုရင် ပြည်သူချစ်တဲ့ ဝန်ထမ်း၊ ပြည်သူချစ်တဲ့ ဌာန၊ ပြည်သူချစ်တဲ့အဖွဲ့အစည်း ဖြစ်လာမှာ မလွဲပါဘူး ၊ ဒါကြောင့် ကျွန်တော်တို့အတူတူ ပြောင်းလဲကြပါစို့လို့ ရေးသားတင်ပြချင်ပါတယ်။ ။

> ❖ **ပြည်သူ့ဝန်ထမ်း ပြည်သူ့လစာ စားနေသူများဟာ ပြည်သူကို ပြန်လည်ပြီးတော့ အလုပ်အကျွေးပြုရမှာ ဖြစ်ပါတယ်၊ မိမိတို့ ဝန်ဆောင်မှုပေးတဲ့ ရုံးတွေမှာ သတ်မှတ်ထားတဲ့ ဥပဒေနဲ့လည်း ညီတယ်၊ ပြည်သူကလည်း ဒီဥပဒေနဲ့အညီ တောင်းဆိုတယ်၊ လုပ်ပေးပါ၊ ခွင့်ပြုပေးပါဆိုရင် လုပ်ပေးရမှာ ဖြစ်ပါတယ်၊ ခွင့်ပြုပေးရမှာ ဖြစ်ပါတယ်။**
>
> ❖ **အလုပ်ဟာ အလုပ်အပ်တဲ့သူရှိမှ အောင်မြင်တာပါ၊ အလုပ်အပ်တဲ့သူမရှိတဲ့ အဖွဲ့အစည်းဟာ အောင်မြင်မှာ မဟုတ်ပါဘူး၊ ပြည်သူတွေဟာ အလုပ်အပ်တဲ့သူတွေ ဖြစ်ပါတယ်၊ အပ်တဲ့အလုပ်ကို အကောင်းဆုံး ဝန်ဆောင်မှုပေးဖို့ လိုပါတယ်။**

# ဖျာပုံ ဇမ္ဗူသုခကုသိုလ်ဖြစ်ဆေးခန်းမှ လူနာပေါင်း ၈၀၀ ကျော်အား အခမဲ့ဆေးကုသပေးခဲ့

**ဖျာပုံ ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ် ၈ ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဇမ္ဗူသုခ ကုသိုလ်ဖြစ်ဆေးခန်းနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ဧပြီ ၂၁ ရက်မှ ၂၂ရက် အထိ ဖျာပုံမြို့ ဇမ္ဗူသုခကုသိုလ်ဖြစ်ဆေးခန်း၌ လူနာပေါင်း ၈၀၀ ကျော်အား အခမဲ့စမ်းသပ်ဆေးဝါးကုသမှုပြုပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာပဲ အထူးကုဆရာဝန်ကြီးတွေနဲ့ တွေ့ဆုံ ပြသခွင့်ရလို့ဝမ်းသာပါတယ်၊ စီစဉ်ပေးသူအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု လူနာတစ်ဦးက ပြောသည်။

အဆိုပါ ဆေးကုသရေးအစီအစဉ်တွင် မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းမှ အထွေထွေရောဂါကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများ၊ သွားနှင့်ခံတွင်း အထူးကု ဆရာဝန်ကြီးများ၊ မျက်စိနှင့် မျက်မှန်ကျွမ်းကျင်ပညာရှင်များက အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး ဆေးဝါးကုန်ကျစရိတ်များကို ဇမ္ဗူသုခကုသိုလ်ဖြစ်ဆေးခန်းမှ ကုန်ကျခံကုသပေးခဲ့သည်။



ထို့အပြင် ဆေးကုသရန် လာရောက်သည့် လူနာများနှင့်ပြည်သူများကို ကျန်းမာရေး အသိပညာများ ဟောပြောဆွေးနွေးပေးခဲ့ကြောင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများကိုလည်း အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ကုသပေးခဲ့ပြီး ခွဲစိတ်ခန်းကို ဖျာပုံမြို့ ဧရာဝတီဆေးရုံမှ အခမဲ့ အသုံးပြုခွင့်ပေးခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့ရှိ ဇမ္ဗူသုခကုသိုလ်ဖြစ်ဆေးခန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်းဖွင့်လှစ်ကာ လူမျိုး ဘာသာမရွေး လူနာများကို အခမဲ့ကုသပေးလျက်ရှိကြောင်းသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

### မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အလယ်တန်းသင်ဆရာအရေအတွက်




### မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် မူလတန်းသင်ဆရာအရေအတွက်



# ငါးလုပ်ငန်းစခန်း(သထုံ)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကြည့်ရှုစစ်ဆေး

**သထုံ ဧပြီ ၂၂**

မွန်ပြည်နယ်အတွင်း သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်း (သထုံ) ၌ တည်ဆောက်နေသော ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) နှင့် S .D.C ၏ ရန်ပုံငွေဖြင့် Helvetas Myanmar ပေါင်းစုလုပ်အား ကူညီပေးရေးအဖွဲ့ (Network Activities Group - NAG) နှင့် IUCN တို့မှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသော ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သုတေသန ပူးပေါင်းဆောင်ရွက်မှုစင်တာ ( Fishery Development and Research Collaboration Center) သင်တန်းကျောင်း(တည်ဆောက်ဆဲ)နှင့် ငါးလုပ်ငန်းစခန်းအား ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီခွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လာရောက်စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

**ပိုက်ဆွဲပြသ**

ပြည်ထောင်စုဝန်ကြီးအား ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်မှူး ဦးသံချောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် သင်တန်းကျောင်း တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် တည်ဆောက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ငါးကန်အတွင်းမှ ငါးသားဖောက်ရန်မွေးမြူထားသော ငါးမျိုးစုံတို့အားဝန်ထမ်းများက လက်တွေ့ပိုက်ဆွဲပြသသည်။ **(ယာပုံ)**

အဆိုပါ သင်တန်းကျောင်းကို ဖေဖော်ဝါရီလအတွင်းက စတင်တည်ဆောက်ခဲ့ပြီး 2 Storey R. C. C Building (၅၆ပေ ၆လက်မ × ၃၆ပေ) ဖြစ်ပြီး Rayal Than Lwin (morlamyine) Contruction Co.,Ltd မှ ငွေကျပ်သိန်း ၁၁၄၀ ဖြင့် မေ ၅ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ် ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တိုင်းရင်းငါးမျိုးတွေနဲ့ ဈေးကွက်ဝင် ငါးမျိုးတွေကို အရည်အသွေးကောင်းတဲ့ ငါးသားပေါက်တွေ မွေးမြူထုတ်လုပ်နိုင်မယ့်နည်းပညာ၊ အတတ်ပညာတွေကို သင်ကြားပေးပြီး၊ သင်တန်းသားတွေကို နေရာထိုင်ခင်းတွေပေးပြီးတော့ သင်ကြားပေးမယ့် သင်တန်းကျောင်းဖြစ်ပါတယ်၊ ငါးမွေးမြူသူတွေကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးနိုင်ဖို့နဲ့ သဘာဝချောင်းမြောင်းတွေထဲကို စဉ်ဆက်မပြတ် ငါးမျိုးတွေ စိုက်ထည့်ပေးနိုင်ဖို့အတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ငါးလုပ်ငန်းစခန်း (သထုံ) မှ တာဝန်ခံ ဦးဝင်းဗိုလ်က ပြောသည်။

ထို့အပြင် ငါးလုပ်ငန်းဦးစီးဌာနက ဝန်ထမ်းများနေထိုင်ရန်အတွက် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးအား တည်ဆောက်ပြီးစီးသွားပြီ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ခွန်(ဝင်းပ)**



# UEHRD ၏ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်(ဆဌမအကြိမ်)အတွက် လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်လှစ်

**ရန်ကုန် ဧပြီ ၂၂**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း(UEHRD) ၏ စေတနာ့ဝန်ထမ်းလူငယ် အစီအစဉ် (ဆဌမအကြိမ်) လုပ်ငန်းခွင်အကြိုသင်တန်းအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများ၊ Online မှ လျှောက်ထားသည့် စေတနာ့ဝန်ထမ်းလူငယ်များ၊ ပြဟ္မစိုရ်အသင်း၊ HCYT အဖွဲ့နှင့် လူရည်ချွန်အဖွဲ့(ရခိုင်ပြည်နယ်) တို့မှ စေတနာ့ဝန်ထမ်းလူငယ်များ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက ယခုကဲ့သို့ UEHRD စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်လုပ်ငန်းခွင် အကြိုသင်တန်း သုံးရက်တာကျင်းပရခြင်းသည် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခတွေ့ကြုံခံစားနေရသော ဒေသများတွင် နေထိုင်သူများအား အခြေခံစားနပ်ရိက္ခာများထောက်ပံ့ခြင်း၊ စာရင်းဇယားများ ကောက်ယူခြင်းစသော လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထားရှိရမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံစည်းမျဉ်းများ၊ ထားရှိရမည့် စိတ်သဘောထားများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းများအားသိရှိနားလည် သဘောပေါက်စေရန်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ယခုသင်တန်းနှင့်ဆက်လက်ဆောင်ရွက်မည့် ထောက်ပံ့ရေး ကွင်းဆင်းခရီးစဉ်မှ ရရှိသော အတွေ့အကြုံကောင်းများ၊ ပညာဗဟုသုတများကို မိမိတို့ဘဝ တိုးတက်ရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေအကျိုးရှိစွာ အသုံးပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆဌမအကြိမ်မြောက် စေတနာ့ဝန်ထမ်းခရီးစဉ်တွင်လည်း လူငယ်အချင်းချင်းတစ်ဦးကိုတစ်ဦး မောင်ရင်းနှမသဖွယ် ချစ်ခင်စည်းလုံးစွာဖြင့် ဝိုင်းဝန်းစောင့်ရှောက်ကူညီကြရန် လိုအပ်ကြောင်းနှင့် ရက်ရှည်ခရီးစဉ်ဖြစ်သည့်အတွက် ကျန်းမာရေးအထူးဂရုစိုက်ကြရန်နှင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စုပေါင်းဆောင်ရွက်တတ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အဆိုပါ ဆဌမအကြိမ်မြောက် လုပ်ငန်းခွင်အကြိုသင်တန်းအား ဧပြီ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပြီးမြောက်ချိန်တွင် ရခိုင်ပြည်နယ်ရှိ မောင်တော ဒေသတွင် လူသားချင်း စာနာထောက်ပံ့မှုအကူအညီပေးရေး လုပ်ငန်းများအားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

● *ကျောဖုံးမှ*

"ကျွန်းအပိုင်း ၅ ပိုင်းမှာ ၂(က)က တော့ ၂၀၁၇-၂၀၁၈ မှာ တာပေါင်ဖို့တာ ရာခိုင်နှုန်းပြည့် ပြီးစီးမှာဖြစ်တဲ့အတွက် လယ်မြေဧက ၇၅၀၀ ကို ရေငန်ကာကွယ်ပြီးတော့ လယ်စပါးစိုက်ဧကတွေ တိုးချဲ့ပြီးတော့ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်၊ ရန်ပုံငွေ ရရှိတဲ့အပေါ်မှာ မူတည်ပြီး ကျန်တဲ့ ကျွန်းပိုင်းတွေကို အပိုင်းလိုက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မိုးကျော်က ပြောသည်။

ထို့ပြင် ကျွန်းအပိုင်း ၂(က)ပေါ်တွင် ရေတံခါး စုစုပေါင်းငါးခုဆောင်ရွက်ရမည်ဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ရေတံခါး အားလုံးဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် နွေစပါးလယ်မြေဧက ၂၅၀၀ ခန့်ကို ရေချိုသွင်းပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

လပွတ္တာမြို့နယ် ကန်ဘက်အုပ်စု ရွှေမိတ်ကျေးရွာမှ လယ်သမား ကိုလင်းက "ရွှေမိတ်ရေတံခါးမပိတ်ခင်က စပါးစိုက်ရင် ပိုးလည်းသိပ်ကျတာ၊ ရေငန်အမြဲထိုးတော့လေ မိုးတစ်သီးပဲ စိုက်ခဲ့တာ၊ အခု မိုးစပါး၊နွေစပါးနှစ်သီးစိုက်တယ်၊ အခုဆိုပိုးလည်းမကျတော့ဘူး၊ စီးပွားရေးအဆင်ပြေပါတယ်" ဟု ပြောသည်။ အဆိုပါ လပွတ္တာမြို့နယ်တွင် ဆောင်ရွက်ဆဲဖြစ်သည့် ရွှေးမြစ်နဲ့ ပြာမလော့ မြစ်ကြားတွင် တည်ဆောက်နေသည့် ရေငန်တားတာများ တည်ဆောက်ပြီးစီးသွားပါက စီမံကိန်း၏ ရည်မှန်းချက်ဖြစ်သည့် လယ်မြေဧက ၄၅၀၀၀ ကို ရေငန်ကာကွယ်ပြီး ရေချိုရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးနိုင်သည့် လယ်မြေဧရိယာများ တိုးတက်များပြားလာမည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လပွတ္တာမြို့နယ်အတွင်း ရေငန်တားတာများ တည်ဆောက်ပေးခြင်းဖြင့် ဒေသတစ်ခုနှင့်တစ်ခုသွားလာရေး၊ ဆက်သွယ်ရေး တိုးတက်လာပြီး ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေးကိစ္စများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ရေငန်ကာကွယ်ပေးနိုင်သည့် နေရာများတွင် နွေစပါးစိုက်နိုင်ပြီး တခြားသီးနှံများလည်း တိုးချဲ့စိုက်ပျိုးလာနိုင်သည့်အတွက် လူနေမှုဘဝများလည်း အဆင့်အတန်းမြင့်မားလာမည်ဖြစ်သည်။ တည်ဆောက်ရေး (၉) မှ ဦးစီးအရာရှိ ဦးတင်မိုးကျော်က "ဒေသခံတောင်သူတွေက နှစ်သီးကနေ သုံးသီးစိုက်လာနိုင်ရင် ဒေသမှာစက်မှုလယ်ယာလည်းဖြစ်လာမယ်ဆိုရင် ဒီဒေသရဲ့ဖွံ့ဖြိုးမှုက မြန်ဆန်လာမယ်၊ ဆည်မြောင်းဌာနရဲ့လုပ်ငန်းတွေ အားလုံးသည် သဘာဝတရားကို အံတုပြီးလုပ်ရတာဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး ဂေဟစနစ်တွေ မပျက်စီးအောင် ဆောင်ရွက်တယ်၊ ပြည်သူလူထု ပိုက်ဆံနဲ့ ဆောက်တဲ့စီမံကိန်းတွေဟာ ပြည်သူတွေကို အကျိုးပြုတယ်လို့ ပြန်ကြားရရင် ကျွန်တော်တို့ဌာနအနေနဲ့ ဝမ်းသာမိပါတယ်" ဟု ပြောသည်။ **မင်းသစ်(MNA)**

# တောင်သူများ အကျိုးအမြတ်ရရှိနိုင်သော ဈေးကွက်ဖြင့် နွေစပါးရာသီ စတင်

**ရေတာရှည် ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် ဇန်နဝါရီ ၁ ရက်မှ ရေများစတင်ပေးဝေကာ နွေစပါးများစတင်စိုက်ပျိုးခဲ့ကြပြီး ဧပြီလဒုတိယပတ်မှ စတင်၍ ရက်ကိုးဆယ် သက်ရင်မျိုးဖြစ်သော ထိုင်းကောက်စပါးများစတင်ရိတ်သိမ်းနေကြပြီဖြစ်သည်။ နွေစပါးရာသီစိုက်ပျိုးသည့် စပါးမျိုးများအနေဖြင့် ထိုင်းကောက်၊ ရတနာတိုး၊ ဗျော့ထွန်း၊ ဆင်းသုခနှင့် ကောက်ကြီး ဘေးကြားများကို အများဆုံးစိုက်ပျိုးကြသည်ကိုတွေ့ရှိရသည်။ "ကုန်းနဲနဲကျတဲ့အကွက်တွေကျတော့ ထိုင်းကောက်က အဆင်ပြေတယ်၊ ရေငတ်လည်းခံတယ် သက်တမ်းကသုံးလဆို တော့ အစောပေါ်ရင်ဈေးကွက်လည်းကောင်းတယ်" ဟု ဒေသခံ တောင်သူတစ်ဦးက ပြောသည်။



လက်ရှိစတင်ရိတ်သိမ်းလျက်ရှိသော စပါးခင်းများအား လမ်းဝင်၍မရပါက လုပ်သားများငှားရမ်းကာရိတ်သိမ်းရပြီး လမ်းအဝင်အထွက်အဆင်ပြေပါ က စပါးရိတ်စက်များဖြင့် ရိတ်သိမ်းလျက်ရှိသည်ကို တွေ့ရှိရသည်။ "စပါးပွဲစားတွေက စက်နဲ့ရိတ်တဲ့စပါးကို ပိုကြိုက်တယ်၊ အမှုန်အမွှားကင်းပြီးပြောင်တာကို ခြွေစက်နဲ့ကျတော့ စပါးဂုတ်သားအကျိုးနဲ့အမှုန်အမွှားတွေပါတော့ သိပ်မကြိုက်ကြဘူး၊ လောလောဆယ်တော့ စက်အကျအစိုတင်း ၁၀၀ ကို ငွေကျပ် ၅၃၀၀၀၀ ပေးပြီးဝယ်တယ်၊ နောက်ပိုင်းမှာ ဈေးတက်နိုင်တဲ့အတွက် တောင်သူတွေကလည်း အကြွေးဆပ်ဖို့လောက်ပဲရောင်းကြတာပါ"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု၊ မှန်စီကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

စပါးစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် ရိတ်သိမ်းခအပြင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတို့မှာ အတိုးဖြင့် အကြွေးဝယ်ယူထားကြရခြင်းဖြစ်ပြီး စပါးပေါ်ပါက အတိုးပေးရငွေသက်သာစေရန် အလျင်ဦးဆုံးပေးဆပ်ကြခြင်းလည်း ဖြစ်သည်။"စပါးဈေးက ငါးသိန်းအထက်ဆို တောင်သူတွေ တွက်ခြေကိုက်ပါတယ်၊ အလွန်ကြီးလည်းမတက်စေချင်ပါဘူး၊ ဈေးအလွန်တက်သွားရင် တစ်နေ့လုပ်မှတစ်နေ့စားကြရသူတွေအတွက် အခက်အခဲတွေအများကြီးဖြစ်ကုန်မှာ စပါးဈေးနှုန်း ၅ သိန်းနဲ့ခြောက်သိန်းအကြားဆို တောင်သူတွေလည်း အဆင်ပြေ၊ အလုပ်သမားတွေအတွက်လည်း ဆန်ဝယ်စားကြရတာ သိပ်အခက်အခဲမရှိနိုင်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **ကိုလွင်(ဆွာ)**

# မဟာမုနိရုပ်ရှင်တော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မန္တလေး ဧပြီ ၂၂

**မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါဘုရားကြီး ပရိဝုဏ်၌ ကျင်းပသည်။**

အခမ်းအနားတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ဗန်းမော်ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော် အပါး ၁၀၈၀ တို့က ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ခဲ့ကြသည်။ ယင်းနောက် ဆရာတော်သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်မိသားစုများ၊ တာဝန်ရှိသူများက လောင်းလှူကုသိုလ်ပြုခဲ့ကြသည်။



ဆက်လက်၍ မိုးကောင်းဓမ္မာရုံ၌ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အလှူရှင် ရဟန်းရှင်လူတို့၏ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အရှင်သူမြတ်ထံမှ ဩွဲ့ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဩဝါဒကထာကို နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဝန်ကြီးချုပ်၏ ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများကို တင်ပြလျှောက်ထားပြီး မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစိုးလင်းက မဟာမုနိဘုရားကြီး ပရိဝုဏ် ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် မစိုးရိမ်တိုက်သစ် မဟာနာယက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရားတော်များကို နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်ကြီး ၅၂ ပါးတို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်းနှင့် အလှူရှင် ရွှေသံလွင် ကုမ္ပဏီလီမိတက်မှ ဒေါ်နီနီတို့က ဓမ္မစကြာပြခန်း ၊ သမိုင်းပန်းချီပြခန်း၊ အဆင့်မြင့် ကြေးရုပ်ပြခန်းတို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများအား လှည့်လည် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ လိပ်သိုမြို့ အလယ်ချောင်းအထက်ကျေးရွာ၌ ပြုလုပ်

**လိပ်သို ဧပြီ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ အလယ်ချောင်း အထက်ကျေးရွာတွင် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက် စေရေး၊ ကျေးလက်ပြည်သူလူထု အသိအမြင်ဗဟုသုတ တိုးတက်စေရေးနှင့် စာဖတ်အားပိုမိုကောင်းမွန်လာစေရေး အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ပထမအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီက အလယ်ချောင်းအထက်ကျေးရွာရှိ ဖူးကော်မာ ခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျေအောင်းမြင့်က အမှာ စကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ ကို ရှင်းလင်းပြောကြားပြီး ကျေးရွာသုတဝတီ စာကြည့်တိုက် အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စတင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျေအောင်းမြင့်၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်း၊ လိပ်သိုမြို့ အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်၊ လိပ်သိုကော်ဖီခြံမှ ဦးစီးမှူး ဦးစိုးမြင့်၊ စာရေးဆရာ ဦးသောင်းရွှေ(ကေတုမောင်ညိုလင်း)၊ လိပ်သိုကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇေယျာဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး စောအဲဗင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေဝင်း တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် အကျုံးဝင်သော ကျေးရွာနေလူဦးရေသည် မြို့နေလူဦးရေထက် ၇၅ ရာခိုင်နှုန်း သည် ကျေးလက်နေပြည်သူများဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်ပြည်သူလူထု ဘက်စုံဖွံ့ဖြိုးတိုးတက် စေရေး၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသိအမြင်ဗဟုသုတတိုးတက် စေရေးနှင့် စာဖတ်အားပိုမိုကောင်းမွန်လာစေရေး စသည့် အချက်များအား အသီးသီးဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက် လာသော လိပ်သိုမြို့ရှိ ရပ်မိရပ်ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ် ရေးမှူးများ၊ပရဟိတနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျေးရွာနေပြည်သူများက အပြန်အလှန် ဆွေးနွေးဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# အုတ်လှုကျေးရွာ၌ စက်ရေတွင်းအသစ်တူးဖော်ပြီးစီး၍ ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိပြီ

ရေနံချောင်း ဧပြီ ၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဒါန်းသော စက်ရေတွင်းအသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ညောင်ပင်အိုင့်ကျေးရွာအုပ်စု အုတ်လှုကျေးရွာ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။**




"ကျွန်တော်တို့ရွာမှာ ယခင်ကတူးထားတဲ့ စက်ရေတွင်း ရှိပါတယ်၊ အဲဒီတွင်းက နှစ်ပေါင်း ၄၀ ကျော်ကြာပြီဖြစ်တဲ့ အတွက် ရေထွက်နည်းလာတယ်၊ ပစ္စည်းအပိုလည်း မလာတော့ဘူး၊ ရေထွက်နည်းတော့ မနက်ပိုင်း ရွာအရှေ့ခြမ်း ရရင် ရွာအနောက်ခြမ်းက ညနေပိုင်းမှရတော့ သောက်သုံးရေ အခက်အခဲနဲ့ ရင်ဆိုင်ခဲ့ရတယ်၊ အခု စက်ရေတွင်းအသစ်က တစ်နာရီကို ဂါလန် ၂၅၀၀ ထွက်တော့ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်တော့မှာဖြစ်လို့ ကျွန်တော်တို့ ရွာသူ ရွာသားတွေလည်း ဝမ်းသာပီတိဖြစ်နေကြပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ စက်ရေတွင်းအသစ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လှူဒါန်းငွေ ကျပ်သိန်း ၁၉၀ ဖြင့် ဆောင်ရွက်သော ရေဂါလန် ၅၀၀၀ ဆံ့ ရေသိုလှောင်ကန်အပါအဝင် တွင်းအနက် ပေ ၇၀၀၊ လေးလက်မ စက်ရေတွင်းဖြစ်ပြီး တစ်နာရီကို ဂါလန် ၂၅၀၀ နှုန်း ထွက်ရှိသည့် အတွက် အုတ်လှုကျေးရွာရှိ အိမ်ထောင်စု ၁၅၈ စုမှ လူဦးရေ ၆၇၇ ဦးနှင့် ကျွဲ၊ နွားများအတွက် ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုစိုးကြီး**

# စစ်ကိုင်းမြို့ ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားစွာကျင်းပရန် ဆွေးနွေး

**စစ်ကိုင်း ဧပြီ ၂၂**

စစ်ကိုင်းမြို့ ဆင်များရှင်ဂေါပကအဖွဲ့နှင့် မြို့ပေါ်ရပ်ကွက်များ၏ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံညှိနှိုင်းပွဲကို ဧပြီ ၂၂ ရက်က ဘုရားရင်ပြင်တော်ပေါ်၌ ပြုလုပ်ခဲ့သည်။

**ဆွေးနွေးတင်ပြ**

တွေ့ဆုံပွဲတွင် ဆင်များရှင်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလွင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက တစ်ဦးချင်း ဆွေးနွေးတင်ပြကြသည်။

**ညောင်ရေသွန်းလောင်းကြမည်**

ယခုနှစ် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကို လူမှုရေး အသင်းအဖွဲ့ ရှစ်သင်းမှ ညောင်ရေသွန်းလောင်းကြမည်ဖြစ်ပြီး စနစ်တကျဖြစ်စေရန် မနက် လေးသင်း၊ ညနေ လေးသင်း ခွဲခြားထားကာ မြတ်စွာဘုရားအား အသင်းတစ်သင်းစီမှ တစ်ပတ် ပတ်ပြီး ညောင်ရေသွန်းလောင်းကြမည်ဖြစ်ကြောင်း သိရ သည်။

**ဝ၆၆**

# ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေလိုအပ်နေသည့်ကျေးရွာများအား သောက်သုံးရေ ဖြန့်ဝေလှူဒါန်း



**ညောင်ဦး မေ ၂၂**

ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ရတနာဘုံစံတောရကျောင်းဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ ရေလှူတော်အသင်းနှင့် ဒယ်အိုးဆရာတော် ဦးသုမင်္ဂလ ဦးဆောင်သော သုမင်္ဂလရေလှူတော်အသင်းတို့ ပူးပေါင်း၍ မေ ၂၂ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် တယ်ပင်တဲကျေးရွာ ဘုန်းကြီးကျောင်းနှင့် ညောင်ပင်ကန်ကျေးရွာအုပ်စု လက်ပံပင်တဲတိုက်သို့ သွားရောက်၍ နွေရာသီကာလ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်သုံးစီး သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် တယ်ပင်တဲကျေးရွာ ဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော်နှင့် ကိုရင်လေးများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်စေရန်အတွက် ရေဂါလန် ၃၀၀၀ လှူဒါန်းပေးခဲ့ပြီး ညောင်ပင်ကန်ကျေးရွာ လက်ပံပင်တဲတိုက်မှ အိမ်ခြေ ၄၇ အိမ်မှ လူဦးရေ ၃၂၇ ဦးအတွက် နွေရာသီကာလ သောက်သုံးရေ အခက်အခဲမရှိစေရေး ရေဂါလန် ၁၅၀၀ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ သောက်သုံးရေ လှူဒါန်းပေးမှုကြောင့် ဒေသခံ ကျေးလက်နေပြည်သူများမှာ သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိ၍ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်းနှင့် ညောင်ဦးမြို့နယ်တွင် ရာသီဥတု အပူချိန်မြင့်မားလာသည်နှင့်အမျှ မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ (ရေ/သွေး) ပရဟိတအသင်းနှင့် အခြားသော ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များက ရေသယ်ယာဉ်များဖြင့် စဉ်ဆက်မပြတ် သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ညောင်ဦးခရိုင်၌ ၂၀၁၇-၂၀၁၈ ခုနှစ် နွေသီးနှံရေသောက်နည်းလမ်းအလိုက် ၉၄၃၄ ဧက လျာထားစိုက်ပျိုးပေးသွားမည်

**ညောင်ဦး မေ ၂၂**

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်သည် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ညောင်ဦးမြို့နယ်ရှိ ဒေသခံစိုက်ပျိုးတောင်သူများမှာ မြစ်ရေတင်ကိုအားထား၍ မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးကြရသည်။

ညောင်ဦးခရိုင်အတွင်း မြစ်ရေတင်စနစ်ဖြင့် ရေပေးဝေလျက်ရှိသော လုပ်ငန်းကြီးငါးခုမှာ ငါ့သရောက်မြစ်ရေတင်၊ လက်ပန်ခြေပေါ်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်နှင့် လောကနန္ဒာမြစ်ရေတင်လုပ်ငန်းများ ဖြစ်သည်။ မြစ်ရေများကို ထပ်ဆင့်ရေတင်စခန်း ၁၇ ဆင့်ဖြင့် ရေတင်ပေးလျက်ရှိရာ ပင်မမြောင်း ၁၀ ဒသမ ၆၈ မိုင်နှင့် လက်တံမြောင်း ၁၉ ဒသမ ၆ မိုင်အရှည်ဖြင့် ရေစုပ်စက်အလုံး ၇၀ နှင့် ထရန်စဖော်မာ ၁၉ လုံးအသုံးပြု၍ ဒေသခံကျေးလက်နေ စိုက်ပျိုးတောင်သူများကို ရေဖြန့်ဖြူးပေးဝေနေကြောင်း သိရသည်။

"ညောင်ဦးမြို့နယ်မှာ မြစ်ရေတင်စနစ်ဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးနိုင်ခဲ့တာဆိုရင် မိုးစပါး ၂၀၃၃ ဧက၊ မိုးသီးနှံအခြား ၄၆၃၇ ဧက စုစုပေါင်း ဧက ၆၆၇၀ ကို မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသခံစိုက်ပျိုးတောင်သူတွေ အနေဖြင့် မြစ်ရေတင်ဖြင့် စိုက်ပျိုးမယ်ဆိုရင် မိုးစပါးတစ်ဧက ငွေကျပ် ၆၀၀၀၊ နွေစပါး တစ်ဧက ငွေကျပ် ၉၀၀၀ နှင့် အခြားသီးနှံတစ်ဧက ငွေကျပ် ၃၀၀၀ ကို ကျွန်တော်တို့ဌာနကို ရေတင်ခအနေဖြင့် ပေးဆောင်ကြရမှာပါ၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မြစ်ရေတင်စနစ်ဖြင့် နွေသီးနှံ ၂၆၆၈ ဧက ကို ရေတင်စနစ်ဖြင့် စိုက်ပျိုးပေးသွားမှာ ဖြစ်ပါတယ်" ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းခိုင်က ပြောသည်။

"ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်မှာ အသားတင်စိုက်ပျိုးနိုင်တဲ့မြေမှာ ၁၆၁၀၂၅ ဧကရှိပြီး လယ်မြေ ၂၅၆ ဧက၊ ယာမြေ ၁၅၃၅၂၃ ဧက၊ ကိုင်းကျွန်းမြေ ၇၀၄၁ ဧက၊ ဥယျာဉ်မြေ ၂၀၅ ဧက ရှိပါတယ်၊ ညောင်ဦးခရိုင်အနေနဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မိုးသီးနှံ ၆၁၄၄၃၂ ဧက လျာထားခဲ့သော်လည်း ၅၉၆၈၄၇ ဧကကိုသာ စိုက်ပျိုးပေးနိုင်ခဲ့ပါတယ်၊ ၂၀၁၇-၂၀၁၈ ခုနှစ် နွေသီးနှံကို ရေသောက်နည်းလမ်းအလိုက် နွေစပါး ၃၁၄၅ ဧကနဲ့ အခြားသီးနှံ ၆၂၈၉ ဧက စုစုပေါင်း ၉၄၃၄ ဧက လျာထားစိုက်ပျိုးပေးသွားမှာ ဖြစ်ပါတယ်။

"အလားတူ ဒီဒေသကတောင်သူတွေဆီကို ကွင်းဆင်းပြီး လစဉ်တောင်သူပညာပေး ဟောပြောပွဲများလည်း ပြုလုပ်ပေးလျက်ရှိပါတယ်" ဟု ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဌေးနိုင်က ဆိုသည်။

"ကျွန်တော်တို့ဒေသက မိုးနည်းရပ်ဝန်းဒေသဖြစ်တာကြောင့် စိုက်ပျိုးသီးနှံတွေ စိုက်သလောက်မဖြစ်လို့ တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြရပါတယ်၊ ဒီဒေသက တောင်သူအများစုဟာ သောက်သုံးရေ၊ စိုက်ပျိုးရေအတွက်ပဲ စိတ်ပူနေရတာပါ၊ ဒီဒေသက စိုက်ပျိုးတောင်သူတွေဟာ မြစ်ရေတင်ရှိနေတာကြောင့် စိုက်ပျိုးဖို့နဲ့ သောက်သုံးဖို့ အဆင်ပြေနေတာပါ" ဟု အဆိုပါ ဒေသခံစိုက်ပျိုးတောင်သူများက ပြောသည်။



အဆိုပါဒေသများ၌ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးသီးနှံ စိုက်ဧက ၅၉၆၈၄၇ ဧက ရေသောက်နည်းလမ်းအလိုက် စိုက်ပျိုးပေးနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်၌ နွေသီးနှံ စိုက်ဧကအနေဖြင့် ရေသောက်နည်းလမ်းအလိုက် စုစုပေါင်း စိုက်ဧက ၉၄၃၄ ဧက လျာထားစိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော် (မလှိုင်)**

❒ *ကျောဖုံးမှ*

ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် ထိုင်း ယူ-၂၃ ၊ အင်ဒိုနီးရှား ယူ-၂၃ နှင့် တောင်ကိုရီးယား ယူ-၂၁ အသင်းတို့ကို ဖိတ်ကြားထားပြီး ယင်းအသင်းများ လာရောက်ယှဉ်ပြိုင်ပါက မြန်မာ ယူ-၂၃ အသင်းအတွက် အမှန်တကယ်အကျိုးရှိမည့် ပြိုင်ပွဲဖြစ်လာနိုင်သည်။

**အခြေခံဖွဲ့စည်း**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းအသင်းကို မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်အား ကိုင်တွယ်စေမည်ဖြစ်ပြီး ဇူလိုင်လ တတိယပတ်မှစ၍ စခန်းဝင်လေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၃ ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး အသက်ကျော်လွန်သည့် ကစားသမားသုံးဦး ထည့်သွင်းခွင့်ရထားရာ မြန်မာအသင်းအနေဖြင့် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းဖွယ်ရှိနေသည်။

**ရွှေတံဆိပ် နှစ်ကြိမ်**

မြန်မာအမျိုးသားဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ကိုးကြိမ်ယှဉ်ပြိုင်ဖူးပြီး ယခုနှစ်တွင် (၁၀) ကြိမ်မြောက်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက် ရွှေတံဆိပ် နှစ်ကြိမ်၊ ကြေးတံဆိပ် တစ်ကြိမ် ရဖူးပြီး ထိုင်းနိုင်ငံ၌ကျင်းပသည့် ၁၉၆၆ ခုနှစ် ပြိုင်ပွဲနှင့် ၁၉၇၀ ပြည့်နှစ် ပြိုင်ပွဲများ၌ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဂျပန်နိုင်ငံ၌ ကျင်းပသည့် ၁၉၉၄ ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် နောက်ဆုံးယှဉ်ပြိုင်ခဲ့ပြီး ဂျပန်၊ ယူအေအီး၊ ကာတာစသည့် အာရှအင်အားကြီးအသင်းများနှင့် တွေ့ဆုံခဲ့ကာ ကာတာနှင့် နှစ်ဂိုးစီသရေကျပြီး ကျန်နှစ်သင်းကို ရှုံးနိမ့်ခဲ့သည်။

**သတင်း - ညီမြတ်သော်တာ**

# သင်္ကြန်အလွန် ရန်ကုန်မြို့တွင်း စားသောက်ဖွယ်ရာအချို့ ဈေးနှုန်းတက်လာ

**ရန်ကုန် မေ ၂၂**

သင်္ကြန်ပိတ်ရက်အလွန် စားသောက်ဆိုင်အချို့ ပြန်လည်ဖွင့်လှစ်ရောင်းချလာရာတွင် စားသောက်ဖွယ်ရာအချို့ ဈေးနှုန်းများတက်လာသည်ဟု လမ်းမတော်မြို့နယ်နေသူ ကိုမောင်က ဆိုသည်။

သင်္ကြန်အလွန်တွင် နေ့စဉ်ဝယ်ယူစားသုံးနေရသော စားသောက်ဖွယ်ရာဈေးနှုန်းများသည် တစ်ပွဲလျှင် ငွေကျပ် ၁၀၀၊ ၂၀၀ စသည်ဖြင့် ဈေးတင်ရောင်းချလာသည်။ သားငါးဈေး၊ စားဖိုဆောင်ကုန်စည်ဈေးနှုန်းအများစု ဈေးတက်ခြင်းမရှိသော်လည်း ရန်ကုန်မြို့တွင်းရောင်းချနေသော စားသောက်ဖွယ်ရာဈေးနှုန်းများ မြင့်တက်လာလေ့ရှိတတ်သည်။

စားသောက်ဆိုင်ကြီးများမှ ဈေးနှုန်းမြှင့်တင်လာခြင်းနှင့်အတူ လမ်းဘေးရောင်းချသော ဆိုင်သေးများတွင်ပါ ဈေးမြင့်တက်လာသည်။ တစ်ရက်လုပ်အားခနှုန်းထားပြင်ဆင်ပြောင်းလဲခြင်း၊ နိုင်ငံ့ဝန်ထမ်း အရာထမ်း၊ အမှုထမ်းလစာတိုးမြှင့်ပေးမည့် သတင်းများ တရားဝင်ထွက်ပေါ်လာသော ယခုလပိုင်းတွင် ကုန်ဈေးနှုန်းမြင့်တက်လာမည်ကို စိုးရိမ်နေကြချိန် သားငါး၊ စားဖိုဆောင်ကုန်စည်အများစု ဈေးမတက်သော်လည်း အများပြည်သူစားသုံးနေသော စားသောက်ဖွယ်ရာများ ဈေးနှုန်းစတင်မြင့်တက်လာသည်။



ရန်ကုန်မြို့တွင်း အများပြည်သူလက်လှမ်းမီဝယ်စားနေကြသော ခေါက်ဆွဲ၊ မုန့်ဟင်းခါးအလွတ်တစ်ပွဲလျှင် ရောင်းအားကောင်းဆိုင်အချို့တွင် ငွေကျပ် ၁၀၀ ဈေးတက်လာသည်။ ၂၀၁၇ ခုနှစ် မတိုင်မီထက် တစ်ပွဲလျှင် ငွေကျပ် ၃၀၀ ဝန်းကျင်ဈေးတက်လာရာ ယခုနှစ်သင်္ကြန်အလွန်ကာလတွင် တစ်ပွဲ အကြော်မပါ ငွေကျပ် ၇၀၀ နှုန်း ဝယ်စားလာရသည်။

သို့သော် မြစ်ဝကျွန်းပေါ်မြို့အချို့တွင် ခေါက်ဆွဲ၊ မုန့်ဟင်းခါး အလွတ်တစ်ပွဲ ငွေကျပ် ၂၀၀၊ ၂၅၀ သာ ရှိနေသေးသည်ဟု မော်ကျွန်းမြို့နေ အငြိမ်းစားဝန်ထမ်းတစ်ဦးက ဆိုသည်။

အလားတူ ဂျုံဈေးနှုန်းပြောင်းလဲမှုနည်းသည်မှာ နှစ်အတန်ကြာနေသော်လည်း လက်ဖက်ရည်ဆိုင်များတွင် နံပြားတစ်ချပ် ငွေကျပ် ၂၀၀ နှုန်း ရန်ကုန်မြို့တွင်း ဝယ်ယူစားသုံးနေရသည်။ ပစ္စည်းဖိုး ငွေကျပ် ၁၀၀ လျှင် သယ်ယူပို့ဆောင်စရိတ် ၁၅ ကျပ်ဝန်းကျင်ရှိသည်ဟု ဆိုသော်လည်း ရန်ကုန်မှ ဂျုံ မှာယူအသုံးပြုနေရသော နယ်တွင် နံပြားတစ်ချပ် ငွေကျပ် ၁၀၀ ဖြင့်သာ ဝယ်ယူစားသုံးနေရသည်ဟု မော်ကျွန်း ၉ လမ်းနေ ဈေးသည် တစ်ဦးက ဆိုသည်။

ဆယ်နှစ်တာကာလအတွင်း ဈေးနှုန်းများနှိုင်းယှဉ်ကြည့်ပါက အသားငါးဈေးမြင့်တက်ပြောင်းလဲခြင်းထက် အများပြည်သူဝယ်ယူစားသုံးနေသော စားသောက်ဖွယ်ရာဈေးနှုန်းများ မြင့်တက်ပြောင်းလဲခြင်းက ဈေးနှုန်းများနေသည်။ စားဖိုဆောင်ကုန်စည်များတွင် စားအုန်းဆီ လက်ကားတစ်ပိဿာ ငွေကျပ် ၃၀၀၀ ဝန်းကျင် ၂၀၁၁ နှစ်လယ်ပိုင်းတွင်ရှိခဲ့သော်လည်း ယခုအခါ ငွေကျပ် ၁၆၀၀ ဝန်းကျင်သာရှိနေသည်။ ကြက်သွန်ဖြူဈေးနှုန်းမှာ ယခင်နှစ်ကာလတူအချိန်ထက် ယခုအချိန် ရှမ်းကြက်သွန်ဖြူဈေးနှုန်းသည် ထက်ဝက်သက်သာနေပြီး ကြူကုတ်ကြက်သွန်ဖြူဆိုလျှင် ယခင်နှစ်ကာလတူဈေး၏ ၂၀ ရာခိုင်နှုန်းသာရှိနေသည်။

**ခင်ဆိုင်**

# ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့်အဖွဲ့ မောင်တောဒေသ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးဆိုင်ရာများ ကွင်းဆင်းကြည့်ရှု

**မောင်တော မေ ၂၂**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမှ အငူမော် မောင်တောလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် မောင်တောမြို့သို့ရောက်ရှိပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောဒေသ ပြန်လည်တည်ဆောက်ရေးကုမ္ပဏီများနှင့်တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တော တောင်ပြိုလက်ဝဲမြို့ ကားလမ်းပေါ်ရှိ ပြူးမချောင်းနေရာနှင့် ငါးခူရ-ကြိမ်ချောင်း-တောင်ပြိုလက်ဝဲ-ကြိမ်ချောင်း- ဗန္ဓုလလမ်းအား ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ငါးခူရလက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းရှင်းလင်းဆောင်တွင် သိရှိလိုသည်များအားမေးမြန်းကြရာ စခန်းတာဝန်ရှိသူအဆင့်ဆင့်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လှဖိုးခေါင်ပြန်လည်နေရာချထားရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းအဝင်လမ်းဆောက်လုပ်ရေး၊ အဆောက်အအုံများ ခိုင်ခံ့စေရေး၊ စခန်းအတွင်း လမ်းဘေး ဝဲ၊ ယာ ရေမြောင်းနှင့် Box Culvert များ ပြန်လည်ပြုပြင်ရေး၊ မိုးရာသီရေမမြုပ်စေရေး၊ မြစ်ရေမဝင်ရန်နှင့် မြစ်ရေတားဆီးရန် တာတမံနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ရေးစသည့် လုပ်ငန်းအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လုပ်ငန်းကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့်အဖွဲ့ ငါးခူရ-ကြိမ်ချောင်း-တောင်ပြိုလက်ဝဲ-ကြိမ်ချောင်း-ဗန္ဓုလလမ်း အခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့တွင် တန်ဖိုးနည်းအိမ်ရာ အခန်း ၇၂ ခန်းပါ ခြောက်ခန်းတွဲ သုံးထပ်လေးလုံး တည်ဆောက်ပြီးဖြစ် မကြာမီရောင်းချပေးမည်



ညွှန်ကြားရေးမှူး
ဦးရွှေဝင်း



စစ်တွေမြို့၌ တည်ဆောက်ပြီးစီးသွားသည့် အိမ်ရာတိုက်ခန်းများကို တွေ့ရစဉ်။

**စစ်တွေ မေ ၂၂**

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့အငှားအိမ်ရာများနှင့် တန်ဖိုးနည်းအိမ်ရာတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရွှေဝင်းက ပြောသည်။

"နိုင်ငံ့ဝန်ထမ်းတွေအတွက် ဆောင်ရွက်ပေးမှုအခြေအနေကတော့ အခုအစိုးရ လက်ထက် ၂ နှစ်တာကာလအတွင်းမှာပဲ တိုက်အလုံး ၃၀၊ အခန်းပေါင်း ၄၂၂ ခန်းကို ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ရခိုင်ပြည်နယ်မှာ မြို့နယ် ၁၇ မြို့နယ်ရှိပါတယ်၊ ၁၇ မြို့နယ်မှာ နိုင်ငံ့ဝန်ထမ်းတွေနေဖို့အတွက် ၁၄ မြို့နယ်မှာဆောင်ရွက်ပြီး ဖြစ်ပါတယ်၊ ပုဏ္ဏားကျွန်း၊ ဂွနှင့် အမ်းမြို့နယ်တို့မှာ ကျန်ပါသေးတယ်၊ ဒီသုံးမြို့နယ်ကို နောက်နှစ်တွေမှာ တင်ပြပြီးတော့ ဆောက်လုပ်သွားမှာဖြစ်ပါတယ်"ဟု ဦးရွှေဝင်းက ပြောသည်။

"နောက်တစ်ခုက အငှားအိမ်ရာဖြစ်ပါတယ်၊ အငှားအိမ်ရာကို စစ်တွေမြို့ ရွှေပြည်သာရပ်ကွက်မှာ လေးခန်းတွဲ ခြောက်ထပ်တစ်လုံး၊ ရှစ်ခန်းတွဲခြောက်ထပ်တစ်လုံး တည်ဆောက်နေပါတယ်၊ အခန်းအနေနဲ့ကတော့ စုစုပေါင်း ၇၂ ခန်းဖြစ်ပြီး အခုဆိုရင် ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်၊ တည်ဆောက်ပြီးရင် ဝန်ထမ်းတွေလည်းပါပါမယ်၊ အငြိမ်းစားယူပြီး အိမ်ရာမဝယ်နိုင်တဲ့ သူတွေလည်းပါပါမယ်၊ ပြည်သူလူထုတွေထဲက အိမ်ရာမဝယ်နိုင်တဲ့သူတွေလည်းပါမယ်၊ ငှားရမ်းခကလည်း အစိုးရအနေနဲ့ နှစ်သောင်း၊ သုံးသောင်းကြားထဲမှာပဲ ငှားရမ်းပေးနိုင်ဖို့ စီစဉ်ထားပါတယ်၊ စည်းကမ်းချက်တွေက လျှောက်လွှာမှာပါပါတယ်၊ အိမ်ရာဝယ်ယူနိုင်မှုမရှိရဘူး။ သူတို့ရဲ့ဝင်ငွေတွေ ပြရမယ်၊ တခြားနေရာမှာ ငှားရမ်းနေထိုင်သူဖြစ်ရမယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

"တန်ဖိုးနည်းအိမ်ရာကတော့ ဒီအစိုးရလက်ထက်မှာ မြေတန်ဖိုးကို အစိုးရက ခံပါတယ်၊ ဒါ့အပြင် အခြေခံအပိုင်းဆိုင်ရာဖြစ်တဲ့ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်မီး၊ ထရန်စဖော်မာတွေကိုအစိုးရက လုပ်ပေးပါတယ်၊ အစိုးရက အဆောက် အအုံ ဆောက်လုပ်တဲ့ကုန်ကျစရိတ် တန်ဖိုးလောက်ပဲ ယူတဲ့အခါကျတော့ တော်တော်နည်းတယ် ပြောလို့ရပါတယ်၊ ခြောက်ခန်းတွဲ သုံးထပ်လေးလုံး တည်ဆောက်ပြီးပါပြီ၊ အခန်းက ၇၂ ခန်း ဖြစ်ပါတယ်၊ မြေညီထပ်ဆိုရင် သိန်း ၂၂၀၊ အပေါ်ဆုံးထပ်ဆိုရင် သိန်း ၁၆၀ သတ်မှတ်ထားပါတယ်၊ လျှောက်လွှာတွေက လက်ခံရရှိပြီးဖြစ်ပါတယ်၊ နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်း၊ ပြည်သူလူထုဆိုပြီး လျှောက်လွှာသုံးမျိုးနဲ့ခေါ်ယူထားပြီး စိစစ်ပြီးဖြစ်နေပါပြီ၊ ငွေသွင်းတဲ့စနစ်ကလည်း ငွေကိုဘဏ်တွေနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ငွေကျတော့ တစ်လုံးတစ်ခဲတည်း သွင်းနိုင်သူက သွင်းပေ့ါ၊ မသွင်းနိုင်တဲ့သူကျတော့ တိုက်ခန်းရဲ့ သုံးဆယ်ရာခိုင်နှုန်းကိုသွင်းရပါမယ်၊ ကျန်တဲ့ငွေတွေကို ဘဏ်ကနေ တစ်ဆင့် ရှစ်နှစ် သို့မဟုတ် ၁၂ အတွင်းမှာ အရစ်ကျပေးသွင်းရမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်သူများ၊ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်မှပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ-နိုင်လင်း**

# ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများအား လုပ်ကိုင်ခွင့်မပြုခဲ့သည့် အလုပ်အမျိုးအစား ၁၀ မျိုး ဖြေလျှော့လုပ်ကိုင်ခွင့်ပြု

**ဗန်ကောက် မေ ၂၂**

ထိုင်းနိုင်ငံတစ်ဝန်း အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာလူမျိုးအပါအဝင် ရွှေ့ပြောင်းအလုပ်သမားများအား ယခင်က လုပ်ကိုင်ခွင့်မပြုခဲ့သည့် အလုပ်အမျိုးအစား ၃၉ မျိုးအနက် အလုပ်အမျိုးအစား ၁၀ မျိုးကို ထိုင်းနိုင်ငံအစိုးရမှ ဖြေလျှော့လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း မေ ၂၂ ရက် ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

အဆိုပါ ဖြေလျှော့လုပ်ကိုင်ခွင့်ပြုခဲ့သည့် အလုပ်အမျိုးအစားများမှာ ကျပန်းအလုပ် (ခွန်အားစိုက်လုပ်ရသည့်အလုပ်)၊ စိုက်ပျိုးမွေးမြူရေးသစ်တောအလုပ် ( proficiency) ကျွမ်းကျင်မှုအဆင့်ဆင့်ဌာနခွဲအလုပ်(သို့) မွေးမြူရေးလုပ်ငန်းထိန်းချုပ်ရေးအလုပ်မှအပ)၊ အုတ်ထည်လုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ဆိုင်ရှေ့ဈေးရောင်းသည့်အလုပ်၊ ဆံပင်ညှပ်လုပ်ငန်း၊ အလှပြင်လုပ်ငန်း၊ အိပ်ရာခင်း၊ စောင်စက်ချုပ်လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်း၊ ဦးထုပ်လုပ်ငန်းနှင့် အလှဆင်ပစ္စည်း ဆန်းသစ်တီထွင်မှု လုပ်ငန်းတို့ဖြစ်ကြောင်း အဆိုပါ ဖြေလျှော့ခွင့်ပြုသည့် အလုပ်များအားလုံး၏ လုပ်ငန်းရှင်အဖြစ် ထိုင်းလူမျိုးသာဖြစ်ရမည်ဖြစ်ကြောင်း၊ အလှဆင်ခြင်းအလုပ်သည် သတ်မှတ်ထားသည့် တီထွင်မှုအလုပ် အမျိုးအစားကိုသာ ရွှေ့ပြောင်းအလုပ်သမားများနေဖြင့် လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း (ဥပမာ) ဆိုင်ရှေ့အလုပ်သမားသည် အလုပ်ရှင်လုပ်ပိုင်ခွင့်မရှိဘဲ ဆိုင်ရှင်အားဈေးကူရောင်းပေးခြင်းပြုသည့် ငှားရမ်းအလုပ်သမားအဖြစ် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဖြေလျှော့ခွင့်ပြုခဲ့သည့်အတွက် ထိုင်းရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားတချို့တွင် အလုပ်အကိုင်အခွင့်အလမ်းအမျိုးအစားများ တိုးပွားလာခြင်းဖြစ်ပြီး အလုပ်အမျိုးအစားတစ်ချို့တွင် အသက်မွေးဝမ်းကျောင်း အတတ်ပညာရသော လုပ်ငန်းများပါဝင်လာပြီး နောင်တစ်ချိန် အမိနိုင်ငံသို့ ပြန်လည်လာရောက်ချိန်တွင် မိမိနိုင်ငံနှင့် မိသားစုအား အကျိုးပြုဘဝရပ်တည်နိုင်သည့် စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်သည့်အတွက် မိမိဘဝအတွက် ရေရှည်ရပ်တည်အကျိုးရှိစေမည့် အလုပ်အမျိုးအစားများအား ရွေးချယ်ကြိုးစားလေ့လာလုပ်ဆောင်သင့်ကြောင်း ထိုင်းရောက်ဝါရင့်အလုပ်သမားတချို့၏ သုံးသပ်ပြောဆိုလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်ငန်းခွင်တစ်နေရာ။

## မုဒုံမြို့နယ်၌ ဘီအေ ၉၁ လက်ပစ်ဗုံးသုံးလုံးတွေ့ရှိ

**နေပြည်တော် မေ ၂၂**

မုဒုံမြို့နယ် နိုင်လုံ့ကျေးရွာ အနောက်ပိုင်း ရပ်ကွက် ၁၄ နေ ဦးထွန်းလင်း(၄၀နှစ်)သည် ၎င်း၏ နေအိမ်ခြံဝင်းအနောက်ဘက်၌ မေ ၂၁ ရက် ညနေ ၅ နာရီက အိမ်သာကျင်းတူးစဉ် အနက်ခြောက်ပေခန့်အရောက် သံချေးတက်နေသော ဘီအေ ၉၁ လက်ပစ်ဗုံး ဟောင်း (ဖျူ့စ်တပ်လျက်၊ မကောင်း) သုံးလုံး အားတွေ့ရှိကြောင်း သတင်းအရ မုဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များကသွားရောက်စစ်ဆေးခဲ့ပြီး ယနေ့ည ၈ နာရီ မိနစ် ၂၀ ခန့်က နယ်မြေခံတပ်မှ သိမ်းဆည်းသွားကြောင်း သိရသည်။

**ကိုရဲ**

# ပွင့်ဖြူမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ဧပြီ ၁၉ ရက်က တိုက်ခတ်ခဲ့သည့် လေပြင်းမုန်တိုင်း အရှိန်ကြောင့် လေဘေးဒဏ်ခံစားရသည့် ကျေးရွာများမှ ဒေသခံပြည်သူများအား နေထိုင်စားသောက်မှု အဆင်ပြေစေရန် ရည်ရွယ်ပြုလုပ်သည့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၂ ရက် မွန်းတည့် ၁၂ နာရီက ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ (ယာပုံ)

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက လေဘေးသင့်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အနေဖြင့် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် ကူညီထောက်ပံ့ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းက အမှာစကားပြောကြားပြီးနောက် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများမှ လူနေအိမ်ပြိုကျပျက်စီးသည့် အိမ်ထောင်စုခြောက်စုအတွက် ထောက်ပံ့ငွေကျပ် ၆၀၀၀၀၀၊ လူနေအိမ်အမိုးလန်ပျက်စီးသည့် အိမ်ထောင်စု ၇၃ စုအတွက် ထောက်ပံ့ငွေကျပ် ၂၁၉၀၀၀၀၊ လူဦးရေ ၃၁၅ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာ၊ ငွေကျပ် ၆၆၁၅၀၀၊ စုစုပေါင်း ၃၄၅၁၅၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး အိမ်ထောင်စုခြောက်စု၏ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ အိမ်ထောင်စု ၇၃ စုစာတို့အား လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ကလေးဝမြို့နယ်ရှိ လေဘေးသင့်အိမ်ထောင်စုများအား အသုံးအဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်

**ကလေးဝ ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်အတွင်း ဧပြီ ၁၇ ရက်နှင့် ဧပြီ ၁၈ ရက်တို့တွင် သဘာဝဘေးအန္တရာယ် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးသွပ်များလန်ခြင်းနှင့် အမိုးသွပ်တန်းများလန်ခြင်းတို့ ဖြစ်ပွားခဲ့သော နန်းပင်းကျေးရွာအုပ်စု ဟင်တင်ကျေးရွာ၌နေအိမ်တစ်လုံး၊ ဆင်ခေါင်ကျေးရွာ၌ နေအိမ်တစ်လုံး၊ ရှမ်းစုကျေးရွာအုပ်စု ရှမ်းစုကျေးရွာ၌ နေအိမ်တစ်လုံး၊ ဘွန်ဘွေးခုံကျေးရွာ၌နေအိမ်တစ်လုံး လေဘေးသင့်အိမ်ထောင်စုပေါင်း လေးစုတို့၏ ပျက်စီးဆုံးရှုံးမှုများအပေါ် အိမ်ထောင်စုတစ်စုလျှင် လူ့အသုံးအဆောင်ပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်းငါးမျိုးစီ၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် စုစုပေါင်း ၁၉၀၀၀၀ ထောက်ပံ့ပေးအပ်ခြင်းကို ဧပြီ ၂၀ ရက် နံနက် ၁၁ နာရီက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရုံးခန်း၌ ပြုလုပ်သည်။

လေဘေးသင့် အိမ်ထောင်စုများအား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်ဇော်ထွန်းက ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ယင်းသို့ထောက်ပံ့ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ခြင်းဖြစ်ပြီး အဆိုပါလေဘေးသင့်အိမ်ထောင်စုတို့အား ကလေးဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းမြင့်နှင့်အတူ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လမ်းဦးစီးဌာနနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးတို့က သက်ဆိုင်ရာ ကာယကံရှင်ထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြကာ သက်ဆိုင်ရာတာဝန်ရှိသူများက အားပေးစကားပြောကြားခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**



# ဗျတ္တပန်းဆက်လမ်းသွား ယာဉ်များအား လမ်းတစ်လျှောက် ငွေစွန့်ကြဲခြင်းမပြုကြရန် လက်ကမ်းစာစောင်များဖြန့်ဝေ

**ကျောက်ပန်းတောင်း ဧပြီ ၂၂**

ဗျတ္တပန်းဆက်လမ်းတွင် သွားလာကြသည့် ဘုရားဖူးမော်တော်ယာဉ်များအား၊ လမ်းတစ်လျှောက် ငွေစက္ကူများစွန့်ကြဲခြင်းမပြုကြရန်အတွက် ဧပြီ ၂၂ ရက် နံနက်ရနာရီက ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသခံလူငယ်များနှင့် ဌာနဆိုင်ရာများစုပေါင်း၍ မေတ္တာရပ်ခံလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ် ဆက်သွယ်ထားသည့် ဗျတ္တပန်းဆက်လမ်းတွင် စတင်လမ်းခွဲသည့် တောင်ဇင်းကျေးရွာမှ ပုပ္ပားကျေးရွာအကြားရှိ ကျေးရွာအချို့မှ ဒေသခံများသည် ဘုရားဖူးကားများထံမှ ငွေတောင်းခံခြင်းများကို ယခင်က ပုပ္ပားဘိုးတော်ထွက်ပွဲ ဘုရားဖူးများ အသွားအလာများသည့် ကာလတွင်သာ အများဆုံးတွေ့ရှိရသည်။

ထိုစဉ်က အပျော်သဘောသက်သက်လုပ်ဆောင်ခဲ့ကြသော်လည်း၊ နောက်ပိုင်းတွင် ရာသီမရွေး၊ အချိန်အခါမရွေး ကလေး၊ လူကြီးသာမက ပျို့ရွယ်သူများကပါ စီးပွားဖြစ်လုပ်ငန်းတစ်ခုသဖွယ် နေ့စဉ်လမ်းဘေးထွက်၍ လုပ်ကိုင်လာကြသဖြင့်၊ မြန်မာပြည်အရပ်ရပ် ဘုရားဖူးပြည်သူအချို့မှ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားလာခြင်း၊ နိုင်ငံခြားခရီးသွားများ၏ အမြင်မတင့်တယ်ခြင်းနှင့် ကျောင်းသားရွယ်ကလေးငယ်များပါ စာရိတ္တပိုင်းဆိုင်ရာ ယိုယွင်းအားနည်းမှုများရှိလာနိုင်သဖြင့် ပုပ္ပားဒေသခံလူငယ်များက ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဒေသခံ မှုခင်းသတင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဘုရားဖူးကားများမှ ယာဉ်မောင်းများနှင့် ဘုရားဖူးပြည်သူများအား၊ ဒေသခံကျေးရွာသားများ၏ စာရိတ္တခိုင်မာရေး၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး ကူညီဆောင်ရွက်ပေးသည့်အနေဖြင့် ဗျတ္တလမ်းတစ်လျှောက် ငွေစက္ကူများ စွန့်ကြဲခြင်းမပြုကြပါရန် လက်ကမ်းစာစောင်များ ဖြန့်ဝေနှိုးဆော်နေခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ မေတ္တာရပ်ခံလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို သင်္ကြန်မတိုင်မီက သုံးကြိမ်ဆောင်ရွက်ခဲ့ပြီး ယနေ့ဆောင်ရွက်မှုသည် စတုတ္ထအကြိမ်ဖြစ်ကြောင်းနှင့်ထပ်မံ၍လည်း ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာ တာဝန်ရှိသူများ၊ လူငယ်များနှင့် ပူးပေါင်း၍ ကျေးရွာများအရောက် ပညာပေးစည်းရုံးခြင်းတို့ကို ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း ပုပ္ပားကျေးရွာလူငယ်အဖွဲ့မှ ဦးကျော်ဟိန်းက ပြောသည်။ အဆိုပါ လက်ကမ်းစာစောင်များကို ပုပ္ပားကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံရွှေနှင့် ရပ်မိရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင် လူမှုကူညီရေးအသင်းမှ ဦးကျော်ဟိန်းနှင့် အဖွဲ့ဝင်လူငယ်များ၊ မှုခင်းသတင်းအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၂**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# လေဘေးသင့်ပြည်သူများအား ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ဟသ္သာတ ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးလန်ပြိုလဲပျက်စီးသွားသော လေဘေးသင့်အိမ်ထောင်စုများအား ငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ဧပြီ ၂၁ ရက် နံနက်ပိုင်းက ဓမ္မိကျေးရွာအုပ်စု အောင်သုခကျေးရွာ(အမက)နှင့် လိပ်ချောင်းကျေးရွာအုပ်စု ကြက်တူရွေး(အထက) ကျောင်းတို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟသ္သာတမြို့နယ်တွင် ဧပြီ ၁၈ ရက် ညနေ ၅ နာရီခန့်က ရုတ်တရက် လေပြင်းများတိုက်ခတ်ခဲ့ပြီး လူနေအိမ်အချို့ အမိုးလန်ခြင်းနှင့် ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါလေပြင်းတိုက်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များအတွက် ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပြိုကျနေအိမ် ၅၅ လုံး၊ အမိုးလန် ၁၂၉ လုံး၊ အမိုးလန်ဘုန်းကြီးကျောင်း ခြောက်ကျောင်းတို့အတွက် ကယ်ဆယ်ရေးပစ္စည်း၊ ထောက်ပံ့ငွေနှင့် လူဦးရေ ၅၁၄၀ အတွက် ဆန်ရိက္ခာအတွက်ထောက်ပံ့ငွေစုစုပေါင်း ၉၀၄၈၃၇၆၅ နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၆၅၀၀၀၀ တို့ကို ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ လှမြတ်သွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ ဧရာဝတီတိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနဦးစီးမှူး ဦးသန်းစိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် ကျေးရွာအုပ်စုများအတွင်းရှိ လေဘေးသင့်အိမ်ထောင်စုဝင်များ၏ နေအိမ်များသို့ လှည့်လည်ကြည့်ရှုခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းကာ လေဘေးသင့်ပြည်သူများအား အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရပါသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# လူကုန်ကူးခံရ၍ ပျောက်ဆုံးနေသည့် သမီးငယ်အား တွေ့ရှိသဖြင့် မိဘများထံ ပြန်လည်အပ်နှံ

**မိုင်းယု ဧပြီ ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်မှ ၁၇ မိုင်အကွာရှိ ပြည်ငြိမ်းအေးကျေးရွာနေ လူကုန်ကူးခံရသူအမျိုးသမီး မမီတူး (၁၅နှစ်)အား မိုင်းယုမြို့ရှိ နိုင်ငံချစ်ကြည်ရေးတံတားဖြစ်သည့် မိုင်းယု-ကျိန်းယဲန်းတံတားပေါ်တွင် ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီကျော်က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်ငြိမ်းအေးကျေးရွာနေ ဦးအောင်မြတ်နှင့် ဒေါ်ဘူးမြောင်၏ သမီး မမီတူးကို တရုတ်ပြည်တွင် အိမ်ဖော်အဖြစ် အလုပ်လုပ်ကိုင်ရန် အထူးဒေသ(၄) နမ့်ပန်းဒေသနေ မောင်ယုခ (၂၄နှစ်)က ခေါ်ဆောင်သွားခဲ့ပြီး အဆက်အသွယ်မရ၍ မတ်လ ၃၀ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့ထံသို့ အကူအညီတောင်းခံခဲ့သဖြင့် ဧပြီ ၁ ရက်တွင် တာချီလိတ်မြို့ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှူး ရဲမှူး ရင်ရင်အေး ဦးစီးသည့် တပ်ဖွဲ့ဝင်များမှ မိုင်းယောင်းမြို့နယ်ရဲစခန်းမှူး ဒုရဲမှူး စံလင်း၊ မိုင်းယုနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဟိန်းဝဏ္ဏမောင်နှင့် တပ်ဖွဲ့ဝင်များ၊ အထူး(၄)၊ နမ့်ပန်းဒေသရှိ ဆက်ဆံရေးရုံးသို့ မမီတူးအား ပြန်လည်ရရှိရေး ပူပေါင်းညှိနှိုင်း၍ စုံစမ်းရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေစဉ် ဧပြီ ၂၀ ရက်တွင် မီတူးအား ပြန်လည်တွေ့ရှိခဲ့ပြီး ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီကျော်က မိုင်းယု-ကျိန်းယဲန်းတံတားပေါ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ပန်းဆက်ဆံရေးရုံးမှ ရဲစခန်းမှူး ဒုရဲမှူး အားဖာနှင့် ဆက်ဆံရေးတာဝန်ခံများက မမီတူးအား မိခင်နှင့်အတူ ရဲတပ်ဖွဲ့စိတ်မှူး ရဲမှူး ရင်ရင်အေး ဦးစီးသည့် ပူးပေါင်းအဖွဲ့များထံ မိုင်းယု-ကျိန်းယဲန်းတံတားပေါ်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါခေါ်ဆောင်သွားသူ မောင်ယုခအား အထူးဒေသ(၄) နမ့်ပန်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# ပုသိမ်မြို့နယ်၌ အရေခွံခွာထားသည့် ဆင်သေတစ်ကောင်နှင့်အတူ လူနှစ်ဦးကို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့ သစ်ဖြူကျေးရွာ ချောင်းသာသစ်တောကြိုးဝိုင်းအတွင်း၌ မေ ၂၀ ရက် နံနက် ၄ နာရီက ဆင်ကိုသတ်၍ အရေခွံခွာသူနှစ်ဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက်က ချောင်းသာ သစ်တောကြိုးဝိုင်းအတွင်း မသင်္ကာဖွယ် လူစိမ်းများရောက်ရှိနေကြောင်း သတင်းအရ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ငွေဆောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဆင်ဆရာဝန် ဦးလင်းလင်းထွန်းပါဝင်သည့် ပူးပေါင်းအဖွဲ့၊ သွားရောက်စစ်ဆေးစဉ် သဇင်ကျေးရွာနေ ငဒူး(ခ)ချစ်မင်းနိုင်(၃၉နှစ်)ပါ အမျိုးသားနှစ်ဦးအား တွေ့ရှိခဲ့သည်။

၎င်းတို့အား စစ်ဆေးရာ လွန်ခဲ့သော သုံးရက်ခန့်က အမျိုးသားနှစ်ဦးမှ ဆင်တစ်ကောင် ပစ်ခတ်သတ်ဖြတ်ထားသဖြင့် အရေခွံသယ်ရန်လာခေါ်၍ လိုက်ပါခဲ့ကြောင်း၊ သစ်ဖြူချောင်းဖျား၌ လွန်ခဲ့သော တစ်ရက်ခန့်က အဆိပ် ခဲသီးများလူးထားသည့် တူမီးသေနတ်ဖြင့် ယာလက်ပြင်အနောက်သို့ ပစ်ခတ်ခံရ၍ သေဆုံးနေသော အရေခွံခွာထားသည့် အမြင့် ၇ပေ၊ လုံးပတ် ၁၄ ပေ ၅ လက်မ၊ အလျား ၁၁ ပေ၊ အစွယ်မပါ ဆင်ထီး တစ်ကောင်အား တွေ့ရှိခဲ့သည်။

ယင်းဆင်သေကောင်အနီးရှိ လျှို့ထဲ၌ ဆင်သားရေ ၄၁ ချပ်အား တွေ့ရှိခဲ့သည်။ ပူးပေါင်းအဖွဲ့မှ ဆက်လက်ရှာဖွေရာ သစ်ဖြူချောင်းဖျားရှိ ငဒူး(ခ)ချစ်မင်းနိုင် နေထိုင်သည့် တဲအနီးရှိ တောထဲမှ အရှည်သုံးပေခန့်ရှိ သံတူရွင်းတစ်ချောင်း၊ အရှည်နှစ်ပေခွဲခန့်ရှိ သစ်သားဒူးလေးတစ်လက်၊ ဒူးလေးကိုယ်ထည်တစ်ခု၊ အရှည်လေးပေခန့်ရှိ တူမီးသေနတ်တစ်လက်၊ ယမ်းမှုန့်ခြောက်ထုပ်၊ ပလတ်စတစ် ယမ်းကတ် ၁၆ ခု၊ အဆိပ်များထည့်ထားသည့် ပင်နီဆီလင် ငါးလုံး၊ ဝါးမြားတံခြောက်ချောင်း၊ သံမြားခေါင်းလေးခုနှင့် အခြားဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းခဲ့ပြီး သက်ဆိုင်ရာ နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုရဲ**



# ပန်ဆိုင်း(ကြူကုတ်)-မုံးကိုးသွား ကားလမ်းပေါ်၌ အဝေးထိန်းမိုင်းတစ်လုံး ပေါက်ကွဲ

**မူဆယ် မေ ၂၂**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မုံးကိုးသွားလမ်းပေါ်တွင် မေ ၂၂ ရက်က အဝေးထိန်းမိုင်းတစ်လုံးပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့တွင် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အမှတ်-၅ ရပ်ကွက် ပြည်သူ့ဆေးရုံ၏ အရှေ့ဘက် ကိုက် ၅၀၀ ခန့် ပန်ဆိုင်း(ကြူကုတ်)မုံးကိုးသွား ကားလမ်းမပေါ်တွင် ပေါက်ကွဲမှုဖြစ်ခဲ့သည်။

အဆိုပါ မိုင်းပေါက်ကွဲနေရာသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ နမ့်ခမ်းမြို့မပြည်သူ့စစ်(ဌာနေ)မှ တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လက်နက်ကိုင်အဖွဲ့တစ်ခု(စုံစမ်းဆဲ) ထောင်ထားသည့် အဝေးထိန်းမိုင်း ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် မုံးကိုးဘက်မှ ပန်ဆိုင်းဘက်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးအား ထိမှန်ခဲ့သဖြင့် ရှေ့လေကာမှန်ကွဲကျေပျက်စီးခဲ့ပြီး ၎င်းယာဉ်မှာ တရုတ်နိုင်ငံ ဝမ်တိန်ဘက်သို့ မောင်းနှင်သွားခဲ့ကြောင်းသိရပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ပေါက်ကွဲမိုင်းမှာ အဝေးထိန်းမိုင်းတစ်လုံးဖြစ်ကြောင်းသိရပြီး ပေါက်ကွဲမှုအား တာဝန်ရှိသူများမှ ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မိုင်းပေါက်ကွဲသည့်နေရာပြပုံ။

**သန့်ဇင်-မူဆယ်**

# မသင်္ကာဖွယ်လူတစ်ဦးအား ကျည်ဆန်များနှင့်အတူ တွေ့ရှိသဖြင့် အရေးယူထား

**နေပြည်တော် မေ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ငွေးပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဥယျာဉ်ကြီးကျေးရွာ ဘုန်းကြီးကျောင်းတွင် မေ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက မသင်္ကာဖွယ်သူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရေနံချောင်းမြို့နယ် သားလူကန်ကျေးရွာနေ ဇော်ဇော်အောင်(ခ)တာတီး(၂၀နှစ်) ဖြစ်ပြီး ၎င်းတွင်ပါလာသည့် ကျောပိုးအိတ်အတွင်းမှ အမ် ၁၆ ကျည်နှစ်တောင့်၊ ၉ မမကျည် တစ်တောင့်တို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ငွေးပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပိုက်ဆံအိတ်လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးစစ်ဆေးရာမှ နောက်ဆက်တွဲအမှုများပေါ်ပေါက်

**စစ်ကိုင်း မေ ၂၂**

စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာအနီး မေ ၂၀ ရက် နံနက်ပိုင်းက လုယက်မှု၊ မေ ၁၈ ရက်ညက အိုးအိမ်တိုက်တန်းအနီးမှ လုယက်မှုနှင့် မတ် ၂၄ ရက်က အမှုဖွင့်ထားသော ရွှေမင်းဝံရပ်ကွက် မြန်မာ့ဆက်သွယ်ရေးမှ ဖုန်းကေဘယ်ကြိုးများ ဖြတ်တောက်မှုများမှ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိထားကြောင်း သိရသည်။

### လုယူထွက်ပြေး

ဖြစ်စဉ်မှာ မေ ၂၀ ရက် နံနက် ၈ နာရီက မန္တလေးမြို့ သံလျှက်မော် အနောက် မင်းကုန်းရပ်နေ ဒေါ်ခင်မာဦး(၅၀နှစ်)သည် ဆိုင်ကယ်ဖြင့် မန္တလေးမှ မင်းကွန်းတိပိဋကကျောင်းတိုက်သို့ ဆွမ်းကပ်ရန် မောင်းနှင်လာစဉ် စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာအနီး အရောက်တွင် လူသုံးဦးက ၃၀ ယ/---- ကန်ဘိုဆိုင်ကယ်ဖြင့် လိုက်လာပြီး ဒေါ်ခင်မာဦး၏ ဆိုင်ကယ်အား ချိတ်တိုက်ကာ ၎င်း၏လက်အတွင်းရှိ ငွေကျပ် ၃၂၁၃၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ ထည့်ထားသော ပိုက်ဆံအိတ်ကို လုယူထွက်ပြေးသွားခဲ့သည်။



အဆိုပါ လုယက်မှုကျူးလွန်သူများအား ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးရာ ပြည်ဖြိုးအောင်(ခ)ဂျိုးမ(၁၇နှစ်) အောင်သာယာရပ် ရွာထောင်တိုက်နယ် စစ်ကိုင်းမြို့နေသူ၊ တစ်ရပ်ကွက်တည်းနေသူ ပြည့်ဖြိုးအောင်(၁၆နှစ်) နှင့် ချစ်ဦးမောင်( ၁၇ နှစ်) တကောင်းရပ်ကွက် စစ်ကိုင်းမြို့ နေသူတို့အား မေ ၂၀ ရက်က ဖမ်းဆီးရမိသဖြင့် စစ်ဆေးရာမှ နောက်ဆက်တွဲ ပြစ်မှုကျူးလွန်သူများဖြစ်သည့် ဇေယျာကွက်သစ်ရပ်နေသူများ ဖြစ်ကြသည့် အောင်ကျော်ကျော် (၁၆ နှစ် )၊ ညီထက်နိုင်(ခ)ဒါဒါ (၁၆နှစ်)တို့ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

### အမှုဖွင့်အရေးယူ

ထိုသို့ ရပ်ကွက်များတွင် မကြာခဏ လုယက်မှုများ ဖြစ်ပွားလျက်ရှိခြင်းကြောင့် အများပြည်သူများမှာ စိုးရိမ်ပူပန်လျက်ရှိပြီး နယ်မြေခံရပ်ကွက်လူထုနှင့်အတူ အမှတ် ၁ နှင့် အမှတ် ၂ ရဲတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိကာ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခိုင်ဇေယျ**

# တရားမဝင် သစ်မျိုးစုံ ဖောင်ဖွဲ့သယ်ယူရန် ပြင်ဆင်နေသူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ပင်သာကျေးရွာအနောက်ဘက် ချင်းတွင်းမြစ်ကမ်းစပ်သို့ သွားရောက်စစ်ဆေးရာ တရားမဝင်သစ်များအား ဖောင်ဖွဲ့၍ သယ်ဆောင်နေသူများအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် ညနေ ၅ နာရီခွဲက ချင်းတွင်းမြစ်ကမ်းအနီး ပူးပေါင်းအဖွဲ့စစ်ဆေးစဉ် ရန်ပြင်ဆင်နေသည့် မုံရွာမြို့နယ် ဦးသာဘုံကိုင်းကျေးရွာနေ ဝင်းဆွေ(၃၃နှစ်)နှင့် တစ်ရွာတည်းနေ ကျော်ရဲအောင် (၂၆နှစ်)တို့အား တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၅၈၅ ချောင်း(၁၉ ဒသမ ၆၃၉၆)တန်၊ ကျွန်းပကာပြား ၂၀ ချောင်း(၀ ဒသမ ၆၃၈)တန်၊ ကျွန်းသစ်တိုင် ၁၆ လုံး(၁ ဒသမ ၃၆)တန်၊ သစ်မာခွဲသားဆိုဒ်စုံ ၄၄၈ ချောင်း (၂၀ ဒသမ ၆၁၃၈)တန်၊ အင်သစ်လုံးလေးလုံး(၀ ဒသမ ၈၁)တန်၊ အင်သစ်တိုင် ၁၅ တိုင်(၁ ဒသမ ၆၆၅၈)တန်၊ အင်ဂျင်စက်သုံးလုံး၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူတွေ့ရှိသဖြင့် ဝင်းဆွေနှင့် ကျော်ရဲအောင်တို့အား မော်လိုက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အိန္ဒိယနိုင်ငံ မိုးရေးမှဝယ်ယူပြီး သယ်ဆောင်လာသော မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ကလေးဝ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့အဝင် အမှတ်-၁ ရပ်ကွက် ကလေး- ကလေးဝမြို့သွား ကားလမ်းဘေး ကြယ်စင်ဟိန်းဆီဆိုင်အနီး၌ မေ ၂၀ ရက် မွန်းလွဲ ၂ နာရီခန့်က ကလေးဝမြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲအုပ် ဒွေးဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ မိုးရေးမှဝယ်ယူပြီး ဆိုင်ကယ်ဖြင့်သယ်ဆောင်လာသော မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း ကလေးဝမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက ကလေးဝမြို့အဝင် ကလေး- ကလေးဝသွားကားလမ်းဘေး ကြယ်စင်ဟိန်းဆီဆိုင်အနီးတွင် ရာဇဂြိုဟ်ကျေးရွာ ကွက်သစ်ရပ်ကွက် ကလေးမြို့နေသူများဖြစ်သည့် ခင်မောင်ထွေး(၂၅နှစ်) မောင်းနှင်ပြီး ရန်နိုင်ဝင်း(ခ)ဘဆိတ်နှင့် မောင်ဒွေး(ခ)ခင်မောင်ဒွေး (ခ)ပေါက်စ(၂၇နှစ်) သစ်စိမ့်ပင်ကျေးရွာ တွန်းဇံမြို့နယ်နေသူတို့လိုက်ပါလာသော HONDA ဆိုင်ကယ်တစ်စီး ရပ်တန့်စစ်ဆေးရာ ၎င်းတို့ထံမှ ဘိန်းဖြူမှုန့် စုစုပေါင်းအလေးချိန် ၂၅ ဒသမ ၀၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ ပြားနှင့် ငွေစက္ကူရောရော ၉၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများအား အိန္ဒိယနိုင်ငံ မိုးရေးဈေးအတွင်းမှဝယ်ယူလာပြီး ကလေးဝမြို့နယ်အတွင်းသို့ ရောင်းချရန် သယ်ယူလာကြောင်း စုံစမ်းသိရှိရသဖြင့် ကလေးဝမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ချင်းတွင်းသား**

# ရေပူစစ်ဆေးရေးအဖွဲ့ စာရွက်စာတမ်းမတင်ပြနိုင်သည့် ပရင်တာနှင့် ဖုန်းမှန်ကပ်များဖမ်းမိ

**နေပြည်တော် မေ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၇၉ စီး ၊ သွင်းကုန် ၈၉၅ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး ၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၃ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၀၄ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၉၃၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

### ဖမ်းဆီးခဲ့

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၀ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Printer နှစ်ခုနှင့် ဖုန်းမှန်ကပ် အခု ၂၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၁ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ဤစာအုပ်ထွက်ပြီ

- ဤစာအုပ်သည် စာဖတ်သူကို ဖြစ်စဉ်မှန်၊ ဖြစ်ရပ်မှန်များကို အနီးစပ်ဆုံး ပေးမှာဖြစ်သလို၊ သမိုင်းမှတ်တမ်းနှင့်ယှဉ်၍ စဉ်းစားစရာ၊ ဝေဖန်စရာ၊ သင်ခန်းစာယူစရာများ ရရှိနိုင်မည်ဖြစ်ပါသည်။
- စာရေးသူနှင့် ပါဝင်ပတ်သက်သူများအပေါ်လည်း မှတ်ချက်များပြုနိုင်သလို တိုင်းပြည်တိုးတက်ရေးအတွက် စာဖတ်သူ ဘယ်လိုပါဝင်ရမည်ကိုလည်း အတိုင်းအတာတစ်ခုအထိ ဖော်ထုတ်အသုံးပြု နိုင်မည်ဖြစ်ပါသည်။
- စာရေးသူက " အဓိက စေတနာမှာ ကျွန်တော်တို့ လုပ်ဆောင်မှုများအပေါ် အများပြည်သူက အမှား၊ အမှန် ဝေဖန်ပိုင်းခြားပြီး သင်ခန်းစာယူ၍ နိုင်ငံကောင်းအောင်၊ နိုင်ငံတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေးဖြစ်ပါသည်"ဟု ရေးသားဖော်ပြထားပါသည်။

**ဖြန့်ချိရေး**

- Myanmar Heritage Publications
  ဖုန်း - ၀၉ ၉၆၄၂၄၃၈၉၃
- Novel light express
  ဖုန်း - ၀၉ ၅၀၈၀၈၅၀
  ဖုန်း - ၀၁ ၈၆၁၉၄၁၁



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

9I/5644 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်း မြို့နယ် ၊ သုမင်္ဂလာစိမ်းကိန်း ၊ အဆောက်အဦးအမှတ် (E) ၊ အခန်း (GII) ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို TOSTA GROUP LTD ထံမှ ဝယ်ယူထားကြောင်းအဆိုပြုသူ ဗိုလ်မှူးအောင်ဝင်း (WDN-၁၃၃၇၉၀)နှင့် ဒေါ်တင်တင်အုန်း (MDY/NE၀၀၉၄၅၈)တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်မို့မို့အောင်(၁၂/တမန(နိုင်)၀၉၃၉၂၂)က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၂၅-၄-၂၀၁၈)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅



## အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ ၂၀၁၈-၂၀၁၉(၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် သာကေတတံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်းအတွက် တင်ဒါဖွင့်ပွဲအား အကြောင်းအမျိုးမျိုးကြောင့် ၂၄-၄-၂၀၁၈ရက်မှ ၃-၅-၂၀၁၈ရက်သို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ထားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၁၄) အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၆၄၅၀၄၆**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန(၂၀၁၈)ခု၊ (ဧပြီလ - စက်တင်ဘာလ)(၆)လအတွင်း တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီရုံးအမှတ်(၄)၊ နေပြည်တော်သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၆-၄-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၅-၂၀၁၈ရက် (ညနေ ၃ နာရီ)
**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၅၁၀၊ ၀၆၇-၃၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



## အမည်ပြောင်း

ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနေ ဦးအောင်သွင်၏ သား ဦးစောမြင့်ဝင်းအောင် ၁၃/မဖန(နိုင်)၀၁၄၀၁၆ ကိုင်ဆောင်သူအား ဦးစောထူးဟု ပြောင်းလဲခေါ်ပါရန်။



## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၄-၂၀၁၈ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၃)တွင် မော်တော်ယာဉ်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 2G/9291 အစား ယာဉ်အမှတ် 2E/9291 ဟု ပြင်ဆင်ဖတ်ရှုပါရန်။


## မြန်မာ့ရုပ်မြင်သံကြား

၂၃ -၄- ၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
- ၉း၀၀ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန)
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃း၂၅ - သုခုမရင်ခွင်အငြိမ့်သဘင် **ဇောင်းအငြိမ့်** (မင်းသမီး- ပပခင်၊ လူရွှင်တော်- ပေါက်စီ၊ အောင်ချစ်၊ ပေါင်မုန့်၊ ချစ်ဦး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

**ညပိုင်း**

- ၁၆း၄၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၄၅)**
- ၁၇း၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် ရောင်ပြန် (REFLECTION) (ထွန်းအိန္ဒြာဗိုလ်၊ အိန္ဒြာကျော်ဇင်၊ ဝတ်မှုန်ရွှေရည်၊ ပက်ထရစ်ရှာ) (ဒါရိုက်တာ - အကယ်ဒမီ လူမင်း)
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ **အရင်းမစိုက်၊ လှေထိုးလိုက်**
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - **နိုင်ငံအစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ပြည်ထဲရေးဝန်ကြီးဌာန)
- - **နိုင်ငံအစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး)
- - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (နောက်ဆုံးရင်သွေး) (အပိုင်း-၅)
- - မျက်မှောက်ရေးရာသုံးသပ်စရာ
- - နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း** (အပိုင်း-၁)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသား အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ ရက် နံနက် ၈နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပွဲစဉ်များကို ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ပြင်ဦးလွင်ခရိုင်အသင်းက မြင်းခြံခရိုင်အသင်းကို သုံးပွဲပြတ်၊ မိတ္ထီလာခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို သုံးပွဲပြတ်၊ ညောင်ဦးခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကို သုံးပွဲတစ်ပွဲ၊ မန္တလေးခရိုင်အသင်းက ပြင်ဦးလွင်ခရိုင်အသင်းကို သုံးပွဲပြတ်၊ မိတ္ထီလာခရိုင်အသင်းက ညောင်ဦးခရိုင်အသင်းကို သုံးပွဲနှစ်ပွဲနှင့် ကျောက်ဆည်ခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့် အသီးသီးယှဉ်ပြိုင် အနိုင်ရရှိကြပြီး၊ အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးခရိုင် အသင်းက မြင်းခြံခရိုင်အသင်းကို သုံးပွဲပြတ်၊ ပြင်ဦးလွင်ခရိုင်အသင်းက မိတ္ထီလာခရိုင်အသင်း ကိုသုံးပွဲတစ်ပွဲ၊ ပြင်ဦးလွင်ခရိုင်အသင်းက မြင်းခြံခရိုင်အသင်းကို သုံးပွဲပြတ်နှင့် မိတ္ထီလာခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို သုံးပွဲတစ်ပွဲတို့ဖြင့် အနိုင်ရရှိပြီး ပြိုင်ပွဲကို ဧပြီ ၂၄ ရက် အထိ ကစားမည်ဖြစ်သည်။

**တင်မောင်-မန်းကိုယ်ပွား**

# ထိုင်းလိဂ်တွင် ခြေစွမ်းပြနေသည့် အောင်သူ

**ဗန်ကောက် ဧပြီ ၂၂**

ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းတွင် အငှားသွားရောက်ကစားနေသည့် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး အောင်သူသည် ခြေစွမ်းပြကစားလျက်ရှိပြီး ဧပြီ ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ထိုင်းလိဂ်-၁ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) တွင် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။

အောင်သူ ပါဝင်ကစားနေသည့် Police Tero အသင်းသည် ပွဲစဉ် (၁၁) အဖြစ် ဆူခိုထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲတွင် တစ်ဂိုးစီသရေကျနေချိန်၌ အောင်သူသည် ပွဲချိန် ၆၅ မိနစ်တွင် အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ထို့ပြင် အောင်သူသည် ယင်းပွဲ၏ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ရရှိခဲ့သည်။ အောင်သူသည် ထိုင်းလိဂ်ပြိုင်ပွဲတွင် Police Tero အသင်းအတွက် ပွဲထွက်ကစားသမားအဖြစ်ရှစ်ပွဲ၊ လူစားဝင်ကစားသမားအဖြစ် တစ်ပွဲ ပါဝင်ကစားထားပြီး ခြောက်ဂိုး သွင်းယူပေးထားသည်။

ထိုင်းလိဂ်-၁ တွင် အောင်သူအပြင် ချင်းရိုင်ယူနိုက်တက် အသင်း၌ ကျော်ကိုကို၊ ပရာကျွတ်အသင်း၌ နန္ဒလင်းကျော်ချစ်တို့ ပါဝင်ကစားနေပြီး ကျော်ကိုကိုသည် ပွဲစဉ် (၉) တွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရကာ ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

# အက်ဖ်အေဖလားဆီမီးဖိုင်နယ် ချယ်လ်ဆီးတို့ ဆောက်သမ်တန်ကိုအနိုင်ယူ

အက်ဖ်အေဖလားဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်ဖြစ်သည့် ချယ်လ်ဆီးနှင့် ဆောက်သမ်တန်တို့ ဧပြီ ၂၂ ရက်က ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲစပြီး တစ်မိနစ်အကြာတွင် တိုက်စစ်မှူး ဂျီရုက ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းခဲ့သည်။ **(ယာပုံ)** ဆောက်သမ်တန်တို့ ချေပဂိုးသွင်းနိုင်ရေးကြိုးစားသော်လည်း ၈၂ မိနစ်တွင် မိုရာတာက ချယ်လ်ဆီးအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ဧပြီ ၂၁ ရက်က ကစားခဲ့သည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပထမပွဲစဉ်တွင် မန်ယူကစပါးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မန်ယူနှင့် ချယ်လ်ဆီးတို့ မေ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၅) ကို ဧပြီ ၂၂ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အာဆင်နယ်က ဝက်စ်ဟမ်းကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး စတုတ်နှင့် ဘန်လေတို့ တစ်ဂိုးစီသရေ ဖြစ်ခဲ့သည်။

**သီဟ**






# တရုတ်နိုင်ငံတောင်ပိုင်း၌ နဂါးလှေနှစ်စင်းတိမ်းမှောက်ကာ ၁၇ ဦး သေဆုံး

**နန်နင်း ဧပြီ ၂၂**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စနေနေ့က နဂါးလှေနှစ်စင်းတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူ ၁၇ ဦးသေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

**တိမ်းမှောက်**

လှေတိမ်းမှောက်မှုသည် နေ့လယ် ၁ နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ၁၈မီတာအရှည်ရှိပြီး လူအယောက် ၃၀ စီ တင်ဆောင်နိုင်သည့် နဂါးလှေနှစ်စင်း သည် ဒေသမြို့တော်ကွီလင်ရှိ တာဟွာကျွန်းမြစ်ပေါ်တွင် လေ့ကျင့်နေစဉ်အတွင်း တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့တိမ်းမှောက် ပြီးနောက် လူအယောက် ၆၀ ခန့်တို့သည် ရေထဲသို့ပြုတ်ကျသွားခဲ့သည်။ လှေရှစ်စင်းနှင့် လူ ၂၀၀ကျော်တို့ကို ကယ်ဆယ်ရေးဆောင်ရွက်ရန်စေလွှတ်ခဲ့ပြီး ကယ်ဆယ်ရှာဖွေမှုများ ည ၁၀ နာရီခန့်တွင် ပြီးဆုံးခဲ့သည်။

ကွီလင်ရှိ အာဏာပိုင်များက ဒန်မူကျေးရွာမှ ကျေးရွာသားများသည် လေ့ကျင့်မှုဆောင်ရွက်ခြင်းမပြုမီတွင် ရဲတပ်ဖွဲ့များအား အသိပေးအကြောင်းကြားခြင်းမရှိခဲ့ဘဲ လေ့ကျင့်မှုဆောင်ရွက်ရန် စီစဉ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ စီစဉ်သူနှစ်ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

**ဆင်ဟွာ**

# အာမေးနီးယား ဆန္ဒပြခေါင်းဆောင်ကို ပဋိပက္ခအတွင်း ဖမ်းဆီးခဲ့ခြင်းမရှိကြောင်း ရဲတပ်ဖွဲ့ ငြင်းဆို

**ယီရီဗန် ဧပြီ ၂၂**

ဆန္ဒပြလှုပ်ရှားမှုများကို ဦးဆောင်ခဲ့သူ ခေါင်းဆောင် နီကိုးလ်ပတ်ရှ်အင်ယန်ကို တနင်္ဂနွေနေ့က ဆန္ဒပြစုဝေးမှုမှ ဆွဲခေါ်သွားခဲ့သည်ဟု အာမေးနီးယန်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သော်လည်း ၎င်းအားဖမ်းဆီးထားခြင်း ရှိ၊ မရှိကို ရဲတပ်ဖွဲ့က ဖြေကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

တရားမဝင်သည့် လူထုစုဝေးချီတက်မှုများကို ရပ်တန့်ရန် ကြိမ်ဖန်များစွာ တားမြစ်ခဲ့သော်လည်း ပတ်ရှ်အင်ယန်သည် မြို့တော်၌ ဆန္ဒဖော်ထုတ်မှုများကို ဆက်လက်ဦးဆောင်ခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ အဓိကရုဏ်းဖြစ်ပွားမှုကို ထိန်းချုပ်သည့်ရဲများက လူထုစုဝေးမှုများကို ဖြိုခွင်းရန်လုပ်ဆောင်ခဲ့ရာ ၎င်းနှင့် အခြား ပါလီမန်လွှတ်တော်အဖွဲ့ဝင် နောက်ထပ်နှစ်ဦးတို့ကိုလည်း လူထုစုဝေးမှုပြုလုပ်ရာနေရာမှ ဆွဲခေါ်သွားခဲ့သည်ဟု သိရသည်။

ပတ်ရှ်အင်ယန်အား ဖမ်းဆီးထားကြောင်း အတိုက်အခံပါလီမန်အဖွဲ့ဝင် ဆူဆန် မိုက်ကယ်ရန်က သတင်းစာဆရာများအား အစောပိုင်းက ပြောကြားခဲ့သည်။ အာမေးနီးယန်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်အဖွဲ့ဝင်တစ်ဦးအနေဖြင့် ပတ်ရှ်အင်ယန်သည် ပါလီမန်ဆိုင်ရာအခွင့်အရေးဖြင့် အကာအကွယ်ရရှိထားပြီး ဥပဒေပြု လွှတ်တော်အမတ်များ၏ အတည်ပြုထောက်ခံချက်မရရှိဘဲ ၎င်းအားဖမ်းဆီးနိုင်ခွင့် မရှိကြောင်း သိရသည်။

ရဲများသည် သတိလစ်မေ့မြောစေသည့်လက်ပစ်ဗုံးများကိုအသုံးပြုကာ ဆန္ဒပြသူများကို လူစုခွဲရန်ကြိုးပမ်းခဲ့သည်။ **အေအက်ဖ်ပီ**




# ဓာတုလက်နက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု သံသယရှိရာနေရာကို ဓာတုလက်နက်တားဆီးရေးအဖွဲ့ စုံစမ်းစစ်ဆေး

**ဒမတ်စကတ် ဧပြီ ၂၂**

ဓာတုလက်နက် တားဆီးရေးအဖွဲ့အစည်း (OWPC) မှ စုံစမ်းထောက်လှမ်းရေး တာဝန်ရှိသူများသည် ဆီးရီးယား၌ ဓာတုလက်နက်အသုံးပြု၍ တိုက်ခိုက်ခဲ့သည်ဟုသံသယရှိသည့်နေရာကို စုံစမ်းစစ်ဆေးမှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။ လုံခြုံရေးဆိုင်ရာအကြောင်းကိစ္စများကြောင့် စုံစမ်းစစ်ဆေးမှုများ နှောင့်နှေးကြန့်ကြာနေခဲ့ခြင်း ဖြစ်သည်ဟုသိရသည်။

OWPC အဖွဲ့က ၎င်း၏ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စနေနေ့တွင် ဓာတုလက်နက် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု သံသယရှိသည့် ဒမတ်စကတ်အနီးရှိ အရှေ့ဂူတာကို ဝင်ရောက်ခဲ့ကြောင်း ပြောကြားခဲ့သည်။




စုံစမ်းစစ်ဆေးရေးအဖွဲ့က ၎င်းတို့သည် စုဆောင်းရယူထားသည့် နမူနာပုံစံများကို နယ်သာလန်ရှိ သုတေသနဌာနဆီသို့ယူဆောင်သွားမည်ဖြစ်ပြီး ထပ်ဆင့်စစ်ဆေးမှုများလိုအပ်ခြင်းရှိမရှိ ဆုံးဖြတ်သွားမည် ဖြစ်သည်ဟု ဆိုသည်။ လေ့လာသူများက ဓာတုလက်နက်များကို အမှန်တကယ် အသုံးပြုခဲ့ခြင်းရှိ၊မရှိနှင့် မည်သည့် ဓာတုလက်နက်အမျိုးအစားကိုအသုံးပြုခဲ့သည်ကို အမှုမှန်ပေါ်ပေါက်ရေး ဆောင်ရွက်ရာတွင် တိုးတက်မှုရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုကျူးလွန်သူများကို သေဒဏ်ချမှတ်ခွင့်ပြု

**နယူးဒေလီ ဧပြီ ၂၂**

အိန္ဒိယသမ္မတ ရမ်နက်ကိုဗင့်ဒ်သည် သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား သေဒဏ်ပေးရန်အတွက် တရားရုံးများကိုခွင့်ပြုသည့် အရေးပေါ်အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို တနင်္ဂနွေနေ့တွင် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် စနေနေ့ကပြုလုပ်သည့် အစိုးရဝန်ကြီးများအစည်းအဝေးအတွင်း အသက် ၁၂နှစ်အောက် မိန်းကလေးငယ်များကို မုဒိမ်းမှုကျူးလွန်သူများအား သေဒဏ်ပေးခြင်းအပါအဝင် ပိုမိုတင်းကျပ်သည့် အရေးယူအပြစ်ပေးမှုဆောင်ရွက်ရန်အတွက် ယင်းဆုံးဖြတ်ချက်ကို အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဥပဒေသစ်အောက်တွင် တရားရုံးများသည် မုဒိမ်းမှုများကိုကိုင်တွယ်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကဘူးလ်၌ အိုင်အက်စ်အဖွဲ့က လုပ်ဆောင်ခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၃၀ ကျော် သေဆုံး

**ကဘူးလ် ဧပြီ ၂၂**

ကဘူးလ်၌ အသေခံဗုံးခွဲသမားတစ်ဦးက တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီးနောက် မဲထည့်ဝင်သူများအား မှတ်ပုံတင်သည့်ဌာနအပြင်ဘက်၌ အာဖဂန်ရဲတပ်ဖွဲ့ဝင်များ ကိုတွေ့ရသည်။ မဲထည့်ဝင်သူများ မှတ်ပုံတင်ဌာနကို ပစ်မှတ်ထားလျက် လုပ်ဆောင်ခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက် ၃၁ ဦးထက် မနည်းရှိခဲ့ပြီး ၅၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန် အာဏာပိုင်များက ပြောကြားခဲ့သည်။

ပြည်သူ့ကျန်းမာရေးဌာနပြောရေးဆိုခွင့်ရှိသူ ဝါဟစ်မာဂျရိုက တနင်္ဂနွေနေ့တွင်ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ မူလက လေးဦးရှိခဲ့ပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့ရာမှ အရေအတွက် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုကို အိုင်အက်စ်အစွန်းရောက်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု သတင်းအေဂျင်စီတစ်ခုက ဖော်ပြခဲ့သည်။ သို့သော် အခြားသော အသေးစိတ်အချက် အလက်များနှင့် သက်သေအထောက် အထားများကို ဖော်ပြခဲ့ခြင်း မရှိပေ။ ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဂျစ်ဒါနက်ရှ်က ယခုနှစ်ပါလီမန် ရွေးကောက်ပွဲများကျင်းပရန်အတွက် မဲပေးကြမည့်သူများအား မှတ်ပုံတင်ခြင်းဆောင်ရွက်မှု အစိတ်အပိုင်းတစ်ခုအနေဖြင့် သက်သေခံကတ်ပြားများ ထုတ်ပေးနေသည့်ဌာနကို အသေခံဗုံးခွဲသမား တစ်ဦးက ချဉ်းကပ်လာခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကဘူးလ်၌ ရက်သတ္တပတ်အနည်းငယ်ကြာအောင် ငြိမ်သက်နေခဲ့ပြီးနောက်တွင် ယင်းတိုက်ခိုက်မှုဖြစ်ပွားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တနင်္ဂနွေနေ့တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုသည် ရှီးယိုက်ဟာရာဇာလူနည်းစုအဖွဲ့ဝင်အများအပြား အခြေချနေထိုင်ရာဖြစ်သည့် ကဘူးလ်အနောက်ပိုင်းရှိ ဒေသတစ်ခုဖြစ်သည့် ဒက်ရှ်တ်အီဘာချီ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အိုင်အက်စ် အစွန်းရောက်စစ်သွေးကြွများ၏ မကြာခဏ တိုက်ခိုက်ခြင်းကိုခံခဲ့ရဖူးသည့်နေရာ ဖြစ်သည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### ဖမ်းဆီးခေါ်ဆောင်သွားသည့် အမေရိကန်နိုင်ငံသားများ ပြန်လွှတ်မြောက်စေရမည်ဟု ကင်ဂျုံအန်း ကတိပေး

**ပြုံယမ်း မေ ၂၂**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ ထိပ်သီးစည်းဝေးပြုလုပ်မှုနှင့် တိုက်ဆိုင်စွာပင် မြောက်ကိုရီးယားက ဖမ်းဆီးထိန်းသိမ်းထားခဲ့သည့် အမေရိကန်နိုင်ငံသား သုံးဦးကို လွှတ်ပေးနိုင်ဖွယ်ရှိကြောင်း ဝေါလ်စထရိဂျာနယ်က သတင်းဖော်ပြခဲ့သည်။

အီလက်ထရွန်နစ်မီဒီယာဗားရှင်းဖြင့် ဖော်ပြခဲ့သည့် အမေရိကန်သတင်းစာက သောကြာနေ့တွင် ဖော်ပြခဲ့သည်မှာ ခေါင်းဆောင် ကင်သည် ယခုလအစောပိုင်းက စီအိုင်အေဒါရိုက်တာ မိုက်ပွန်ပီအိုနှင့် နှစ်ဦးတွေ့ဆုံခဲ့ချိန်တွင် အမေရိကန်နိုင်ငံသားများအား ပြန်လွှတ်ပေးမည့်အကြောင်းကို မိုက်ပွန်ပီအိုအား အခိုင်အမာပြောကြားခဲ့သည်ဟု သိရသည်။

ဖမ်းဆီးထိန်းသိမ်းထားသူများအား ပြန်လွှတ်ပေးမှုကို ထိပ်သီးအစည်းအဝေးကျင်းပမှုနှင့်အတူ ဆောင်ရွက်သွားမည်ဟု ကင်က ပွန်ပီအိုအား ပြောကြားခဲ့သည်။ ထိပ်သီးအစည်းအဝေးကို လာမည့်လ သို့မဟုတ် ဇွန်လအစောပိုင်းတွင် ကျင်းပသွားမည်ဟု မျှော်လင့်ရသည်။

မြောက်ကိုရီးယားကို ကျူးကျော်ရန်စသည့် အပြုအမူနှင့် အခြားသောအကြောင်းပြချက်များဖြင့် အမေရိကန်နိုင်ငံသားများအား ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

---

### နိုင်ဂျီးရီးယားအနောက်မြောက်ပိုင်း၌ သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် လူ ၃၀ ထက်မနည်း သေဆုံး

**လာဂို့စ် မေ ၂၂**

နိုင်ဂျီးရီးယား အနောက်မြောက်ပိုင်း ဇမ်ဖာရာဒေသတွင် တောပုန်းခုတ်ပြများ၏ တိုက်ခိုက်မှုကြောင့် လူ ၃၀ ထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက စနေနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

တောပုန်းခုတ်ပြများသည် ကြာသပတေးနေ့ နှောင်းပိုင်းနှင့် သောကြာနေ့အစောပိုင်းတို့တွင် ဇမ်ဖာရာဒေသ ဒန်မာနီနှင့် မာရူရေိယာရှိ ကာဘာရိတို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ဒေသအုပ်ချုပ်ရေးအာဏာပိုင် ဆာလီစူဒန်ဂူလ်ဘီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ရွာသားများစွာတို့သည် နောက်ထပ်တိုက်ခိုက်မှုများ ထပ်မံဝင်ရောက်လာမည်ကို ကြောက်ရွံ့သည့်အတွက် နေအိမ်များမှ ထွက်ပြေးသွားကြပြီဖြစ်ကြောင်း ဒန်ဂူလ်ဘီက ပြောကြားခဲ့သည်။ ပြီးခဲ့သည့်မေ ၁၁ ရက်ကလည်း အဆိုပါဒေသ၏ အခြားဒေသရှိ ကျေးရွာများကို တောပုန်းခုတ်ပြများ တိုက်ခိုက်ခဲ့မှုကြောင့် လူ ၁၁ ဦးထက်မနည်း သေဆုံးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

---

# သက်ကြီးလူဦးရေ တိုးပွားလာတဲ့ ပြဿနာကို ဂျပန် ဘယ်လိုဖြေရှင်းမလဲ

**တင်လင်းအောင်**



ဂျပန်နိုင်ငံအနေနဲ့ လျော့နည်းသွားတဲ့ လုပ်အားနဲ့ တိုးပွားလာတဲ့ ဇရာအိုလူဦးရေကို ဖြေရှင်းဖို့ လူဝင်မှုကြီးကြပ်ရေးအပေါ် အပြုသဘောဆောင်တဲ့ အမျိုးသားဆွေးနွေးမှုတွေ လုပ်သင့်တယ်လို့ ကိုကူရှီကန်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သုံးသပ်ထားပါတယ်။

ဂျပန်နိုင်ငံရဲ့လျော့နည်းသွားတဲ့ လူဦးရေအပေါ် လျင်လျင်မြန်မြန် အဖြေရှာဖွေမှုတွေ လုပ်ဆောင်ရတော့မှာပဲ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစကာ ဂျပန်နိုင်ငံရဲ့စုစုပေါင်း လူဦးရေဟာ ဆက်တိုက်ကျဆင်းလာခဲ့ပါတယ်။

### ဂျပန်နိုင်ငံရဲ့ဇရာအိုလူဦးရေဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးဖြစ်

ဂျပန်နိုင်ငံရဲ့ဇရာအိုလူဦးရေဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးဖြစ်ပါတယ်။ တခြားဘယ်နေရာမှာမှ မတွေ့ဖူးသေးတဲ့ ပမာဏနဲ့ မြင့်တက်လာခြင်းပဲ ဖြစ်ပါတယ်။ လူဦးရေနဲ့ လူမှုလုံခြုံရေး သုတေသန အမျိုးသားအင်စတီကျု (အိုင်ပီအက်စ်အက်စ်) က လက်ရှိဂျပန်နိုင်ငံရဲ့စုစုပေါင်း လူဦးရေ ၁၂၆ သန်းနဲ့ နှိုင်းစာရင် လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ၁၁၀ ဒသမ ၉၂ သန်းလောက်သာ ရှိတော့မှာဖြစ်ကြောင်း ခန့်မှန်းထားပါတယ်။ အဲဒီ စုစုပေါင်းလူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏ အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၅၉ ဒသမ ၇၈ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့အထက်ဟာ ၃၅ ဒသမ ၃ ရာခိုင်နှုန်းလောက် ရှိမှာဖြစ်ပါတယ်။

အိုင်ပီအက်စ်အက်စ်က လာမယ့် ၂၀၆၅ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့လူဦးရေဟာ ၈၈ ဒသမ ၀၈ ရာခိုင်နှုန်းလောက် ဆက်လက်ကျဆင်းလာနိုင်ကြောင်း၊ အဲဒီလူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်း ပမာဏ အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၄၅ ဒသမ ၂၉ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့အထက်ဟာ ၃၈ ဒသမ ၄ ရာခိုင်နှုန်းလောက်ရှိမယ်လို့ ဆက်လက် ခန့်မှန်းတွက်ချက်ထားပါတယ်။

### လူဦးရေ လျော့နည်းကျဆင်းလာမှုဟာ ဂျပန်နိုင်ငံအတွက် အဓိကစိန်ခေါ်မှုကြီး တစ်ခုဖြစ်

ဂျပန်နိုင်ငံဟာ သူ့ရဲ့ ကျဆင်းလာနေတဲ့ လူဦးရေနဲ့ လုပ်သားအင်အားပြတ်လပ်မှုကို ရွှေ့ပြောင်းအခြေချမှု တစ်ခုတည်းနဲ့ အစားထိုးလျက်ရှိပါတယ်။ အကယ်၍ လူဦးရေ လျော့နည်းကျဆင်းလာမှုဟာ ဂျပန်လူ့ဘောင်အဖွဲ့အစည်းကို ထိခိုက်မှုရှိတယ်ဆိုရင် လူဝင်မှုကြီးကြပ်ရေးကိုသာ တိုးမြှင့်ဖို့ စတင်လုပ်ဆောင်ဖို့ပဲ ရှိပါတယ်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာမှာ အစိုးရတာဝန်ယူပြီးနောက် သူ့ရဲ့ အာဘေးစီးပွားရေးတိုးတက်မှု မဟာဗျူဟာကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ သို့သော်လည်း လူဦးရေလျော့နည်းကျဆင်းလာမှုဟာ ဂျပန်နိုင်ငံအတွက် အဓိကစိန်ခေါ်မှုကြီးတစ်ခု ဖြစ်လာပါတယ်။

### မူဝါဒတွေ လျင်လျင်မြန်မြန် ပေါ်ထွက်လာ

ဂျပန်နိုင်ငံဟာ လူဦးရေ လျော့နည်းကျဆင်းနေတာတောင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ လူငယ်လူရွယ်တွေဟာ ပြေးလွှားရုန်းကန် လုပ်ရှားနေကြရပါတယ်။ ဒီလိုအခြေအနေမှာ နိုင်ငံခြားလူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုမှုဟာ မြင့်တက်လာပြီး ၎င်းနဲ့ သက်ဆိုင်တဲ့ မူဝါဒတွေဟာလည်း လျင်လျင်မြန်မြန်ပဲ ထွက်ပေါ်လို့ လာခဲ့ပါတယ်။

ဂျပန်အစိုးရဟာ သူ့ရဲ့နိုင်ငံခြားသား အလုပ်သမားတွေကို အလုပ်သင်ကျွမ်းကျင်မှုနှင့် လက်ခံတဲ့အခြေအနေကို တိုးမြှင့်ခဲ့ပါတယ်။ အလုပ်သင်ကျွမ်းကျင်မှုနှင့် လက်ခံတဲ့ အလုပ်သမားတွေဟာ လတ်တလော လုပ်သားအင်အားပြတ်လပ်မှုကို ခဏတာ သက်သာစေနိုင်သော်လည်း နှစ်တိုနဲ့ နှစ်ရှည်ကာလတွေမှာ လူဦးရေလျော့နည်းမှုကို ဖြေရှင်းနိုင်မယ် မထင်ပါဘူး။

ရွှေ့ပြောင်းအခြေချသူတွေ ပိုမိုလက်ခံခြင်းကို အစိုးရကော်မတီမှာ ၂၀၁၄ ခုနှစ် ဇွန်လမှာ ဆွေးနွေးခဲ့သော်လည်း အာဘေးအစိုးရဟာ နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုခြင်းဟာ လူဝင်မှုကြီးကြပ်ရေးမူဝါဒ မဟုတ်ဘူးဆိုတဲ့အကြောင်း ရှင်းရှင်းလင်းလင်း သိစေခဲ့ပြီး ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ သူ့ရဲ့လူဦးရေကို လာမည့် နှစ် ၅၀ အတွင်းမှာ သန်း ၁၀၀ လောက်မှာပဲ ရှိစေချင်တာပါ။

အဲဒီရည်မှန်းချက်ကို ရောက်ဖို့ အစိုးရရဲ့ ခန့်မှန်းခြေဟာ ဘာကို ညွှန်ပြသလဲဆိုတော့ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိရမှာဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၂ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ရောက်ရမယ်လို့ ဆိုထားပါတယ်။ သို့သော်လည်း အမှန်စင်စစ် ၂၀၁၆ မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၄၄ ရာခိုင်နှုန်း ခန့်သာ ရှိခဲ့ပါတယ်။

### ကောင်းတဲ့အကြံမှန်သမျှ ကြိုဆိုရမယ်

ဒါကြောင့် လူဦးရေတိုးပွားဖို့ဆိုရင် လူမှုသဘာဝပတ်ဝန်းကျင်ကို တိုးတက်စေမယ့် ကောင်းတဲ့ အကြံမှန်သမျှကို ကြိုဆိုရမှာ ဖြစ်ပါတယ်။ ဥပမာ- ကလေးမွေးဖွားခြင်းနဲ့ ကလေးငယ်များကို ကြီးပြင်းလာအောင် စောင့်ရှောက်ခြင်းဆိုတဲ့ ကောင်းတဲ့အကြံတွေကို ကြိုဆိုရမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကလေးမွေးဖွားနှုန်းကို ကြည့်မယ်ဆိုရင် အမှန်တကယ်ပဲ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်ပါ့မလားဆိုတာ တိမ်ကင်းစင်တဲ့ လပမာ သံသယအားလုံးတော့ ရှင်းမသွားပါဘူး။ ဆိုလိုတာကတော့ ဖြစ်နိုင်မလား၊ မဖြစ်နိုင်ဘူးလား ဆိုတဲ့ အပေါ်မှာ ဝိရောဓိဖြစ်နေတုန်းပဲ ရှိပါသေးတယ်။

ရွှေ့ပြောင်းအခြေချခြင်းဆိုတဲ့ စကားရပ်ဟာ အဖြေတစ်ခုကိုတော့ ကိုယ်စားပြုနိုင်ပါတယ်။ သို့သော်လည်းပဲ ရွှေ့ပြောင်းအခြေချသူတွေ ဂျပန်နိုင်ငံမှာ ရှိခဲ့ဖူးသလားဆိုတာကိုတော့ မေးခွန်းထုတ်ရဦးမှာ ဖြစ်ပါတယ်။ ဒါဟာ မကျိန်းသေပါဘူး။ ရှိချင်လည်း ရှိမယ်၊ မရှိချင်လည်း မရှိနိုင်ပါဘူး။

### နှစ်တို၊ နှစ်ရှည်စီမံကိန်းတွေ ချမှတ်ဖော်ဆောင်သင့်

ဆိုခဲ့သလို ဂျပန်အစိုးရဟာ လူဦးရေလျော့နည်း ကျဆင်းလာခြင်းအပေါ် နှစ်တို၊ နှစ်ရှည်အစီအစဉ်တွေ ချမှတ်ဖော်ဆောင်သင့်ပါတယ်။ လတ်တလောမှာ ရွှေ့ပြောင်းလုပ်သားအင်အားတွေကို အားကိုးလို့ရတယ်ဆိုပေမယ့်လည်း ဒါဟာ အမြဲတမ်းတော့ မှန်ကန်တဲ့ နည်းလမ်းတစ်ခုတော့ မဟုတ်နိုင်ပါဘူး။ ရွှေ့ပြောင်းလုပ်သားအင်အားတွေကို အားကိုးခြင်းဟာ သစ်မရှိခင် ဝါးပေါင်းကွပ်ဆိုသလို ခဏတာ သက်သာမှု၊ ဖြေရှင်းမှုတော့ ပေးကောင်းပေးနိုင်မှာပါ။

ရွှေ့ပြောင်းလုပ်သားတွေဆိုတာ အမြဲတမ်း ရွှေ့ပြောင်းနေထိုင်အခြေချတဲ့သူတွေ ဖြစ်ပါတယ်။ ရေကြည်ရာ မြက်နုရာဆိုသလို ၎င်းတို့နဲ့သင့်တော်တဲ့ နေရာတွေကို အမြဲတမ်း လှည့်လည်သွားလာနေထိုင်သူတွေသာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဂျပန်အစိုးရအနေနဲ့ ဒီအခြေအနေပေါ်မှာ အမြဲတမ်း ယုံကြည်အားကိုးဖို့ နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

၂၀၁၆ ခုနှစ်အကုန်မှာ ဂျပန်မှာရှိတဲ့ နိုင်ငံခြားသား ၂၃၈၂၈၂၂ ဦးခန့်ရှိပြီး ၈၀ ရာခိုင်နှုန်းဟာ ရွှေ့ပြောင်းအခြေချသူတွေ ဖြစ်ပါတယ်။ ၄၄ ဒသမ ၇ ရာခိုင်နှုန်းကတော့ အမြဲတမ်းနေထိုင်သူတွေ ဖြစ်ပါတယ်။ ဒီပမာဏဟာ အနောက်နိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် နည်းတယ်လို့ ဆိုနိုင်သော်လည်း ဂျပန်နိုင်ငံအတွက်မူ အမျိုးသားသန်းခေါင်စာရင်းအရ ၂၀၀၀-၂၀၁၅ ခုနှစ်အထိ ဂျပန်နိုင်ငံသားတွေဟာ ၀ ဒသမ ၉ ရာခိုင်နှုန်း လျော့နည်းသွားခဲ့သော်လည်း ရွှေ့ပြောင်းအခြေချနေထိုင်သူတွေဟာ ၃၃ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

### ကလေးမွေးဖွားနှုန်း မြင့်တက်လာအောင် ဆောင်ရွက်

ဒါကြောင့် ဂျပန်အစိုးရဟာ သူ့ရဲ့အစီအစဉ်ဖြစ်တဲ့ ကလေးမွေးဖွားနှုန်း မြင့်တက်လာအောင် ဆောင်ရွက်ရမှာဖြစ်သလို အဲဒီလို လူမှုပတ်ဝန်းကျင် တိုးတက်မှုဖြစ်လာမယ့် ကလေးမွေးဖွားခြင်း၊ ပြုစုစောင့်ရှောက်ခြင်းတွေကိုလည်း အစိုးရရဲ့ အရေးကြီးတဲ့ မူဝါဒတစ်ရပ်အနေနဲ့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကလေးမွေးဖွားနှုန်း မြင့်လာလေလေ၊ အသက်ကြီးလူဦးရေ တိုးပွားလာမှုလျော့ကျရေးကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးလေလေ ဖြစ်လာမှာ ဖြစ်ပါတယ်။ နောက်တစ်ချက် အနေနဲ့လည်း ရွှေ့ပြောင်း အလုပ်သမားတွေဟာ ခဏတာ အားကိုးလို့ ရနိုင်သော်လည်း ရေတို ရေရှည်ကဏ္ဍများတွင်တော့ ကိုယ့်တိုင်းဌာနီ ကိုယ့်ပြည်က ကိုယ့်မျိုးဆက်သစ်တွေသာ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဂျပန်အစိုးရဟာ သူ့ရဲ့ အနာဂတ်ကလေးငယ်တွေအတွက် တာဝန်ရှိသလို ဂျပန်လူ့အသိုင်းအဝိုင်းထဲသို့ ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချသူတွေကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမူဝါဒတွေကို အဘက်ဘက်မှ ထိန်းညှိရင်း လူဦးရေ လျော့နည်းကျဆင်းလာမှုကို ဖြေရှင်းနိုင်မယ့် အကောင်းဆုံးနည်းလမ်းတွေ ရှာဖွေရမှာ ဖြစ်ပါတယ်။ ထိုသို့ လုပ်ဆောင်နိုင်မှ ဂျပန်နိုင်ငံဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာမှာ ဖြစ်ပါကြောင်း။ ။

**ကိုးကား- ချန်နယ်နယူးအေးရှ**

> **“ဒါကြောင့် ဂျပန်အစိုးရဟာ သူ့ရဲ့ အစီအစဉ်ဖြစ်တဲ့ ကလေးမွေးဖွားနှုန်း မြင့်တက်လာအောင် ဆောင်ရွက်ရမှာဖြစ်သလို အဲဒီလို လူမှုပတ်ဝန်းကျင် တိုးတက်မှုဖြစ်လာမယ့် ကလေးမွေးဖွားခြင်း၊ ပြုစုစောင့်ရှောက်ခြင်းတွေကိုလည်း အစိုးရရဲ့ အရေးကြီးတဲ့ မူဝါဒတစ်ရပ်အနေနဲ့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကလေးမွေးဖွားနှုန်း မြင့်လာလေလေ အသက်ကြီးလူဦးရေတိုးပွားလာမှု လျော့ကျရေးကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးလေလေ ဖြစ်လာမှာ ဖြစ်ပါတယ်”**

# ရှမ်းပြည်နယ်ရှိ ကုန်သည်၊ တောင်သူများ လက်ဝယ်တွင် အစေ့ထုတ်ပြောင်း တန်ချိန် ငါးသိန်းကျော် လက်ကျန်ရှိနေ



အစေ့ထုတ်ပြောင်းကို ရှမ်းပြည်နယ်ရှိ တောင်သူများ ပိုမိုစိုက်ပျိုးရန် ပြင်ဆင်နေပြီး လက်ရှိ ပြည်နယ်အတွင်း ပြောင်းတန်ချိန် ငါးသိန်းကျော် လက်ကျန်ရှိနေကြောင်း ရှမ်းပြည်နယ်ရှိ ပြောင်းထုတ်လုပ်တင်ပို့သူများ အစုအဖွဲ့ထံမှ သိရသည်။

လက်ရှိ ပြောင်းစိုက်ပျိုးမှုများသည့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တန်ချိန် လေးသိန်းကျော်၊ အရှေ့ပိုင်းတွင် တန်ချိန် ခုနစ်သောင်းခွဲကျော်၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် တန်ချိန် တစ်သောင်းခွဲကျော် စုစုပေါင်း တန်ချိန် ငါးသိန်းကျော်မှာ ကုန်သည်များ၊ ပွဲရုံများနှင့် တောင်သူများလက်တွင် သိုလှောင်ကျန်ရှိနေကြောင်း သိရသည်။

"တောင်သူတွေလက်ထဲမှာ စားသုံးမှု၊ မျိုးစေ့အလေအလွင့် နုတ်လိုက်ရင် တန်ချိန် နှစ်သိန်းခွဲနီးပါးလောက် ကျန်ရှိနေတယ်၊ တခြား တန်ချိန်တွေကတော့ ပြည်ပ ပို့ဖို့နဲ့ ချိတ်ဆက်ထားတဲ့ အရေအတွက်အတိုင်းပို့ဖို့ သိုလှောင်ထားကြတယ်၊ ကုန်သည်ကတော့ ဈေးကောင်း စောင့်နေကြတာပေါ့" ဟု ယင်းအဖွဲ့ ဈေးကွက်ဒါရိုက်တာ ဦးစိုင်းကျော်အုန်းက ပြောသည်။

လက်ရှိ ပြောင်းသိုလှောင်ချိန်ဖြစ်သည့် ရာသီအတွင်း တရုတ်နယ်စပ်မှ အဝယ်လိုက် လာသည့်အတွက် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၅၇၀ အထိ ဈေးရရှိနေကြောင်း သိရသည်။

"ရှမ်းတောင်မှာရှိတဲ့ ပြောင်းတွေဟာ ဧပြီလလောက်ကစပြီး စတင်စိုက်ပျိုးတာ ဖြစ်ပါတယ်၊ အောက်တိုဘာလလယ်လောက်မှာတော့ ပြောင်းချိုးကြတယ်၊ အရင်နှစ်က ပြောင်းဈေးကလည်း အဆင်ပြေခဲ့တော့ စိုက်ဖို့ အားသန်နေကြတယ်၊ ဒီဘက်မှာ တစ်ဧက အထွက်နှုန်း တင်း ၈၀ ရှိတယ်" ဟု ရှမ်းမြောက် ကျောက်မဲမြို့နယ်ရှိ အစေ့ထုတ် ပြောင်းစိုက်တောင်သူ ဦးဌာန်ရယ်ဦးက ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတွင်ရှိသည့် ကျေးရွာအများစုတွင် အစေ့ထုတ်ပြောင်းကို အဓိကစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပြောင်းစိုက် ဧက သုံးသိန်းကျော်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဧက ခြောက်သိန်းနီးပါးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်းများကို တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ မလေးရှားနှင့် ဟောင်ကောင်နိုင်ငံ အပါအဝင် ပြည်ပကိုးနိုင်ငံသို့ တင်ပို့လျက်ရှိသော်လည်း ၉၈ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပြောင်းတန်ချိန် ၁ ဒသမ ၂ သန်းနီးပါး (အမေရိကန်ဒေါ်လာ ၃၀၅ ဒသမ ၀၉ သန်း)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၃ သန်းနီးပါး (အမေရိကန်ဒေါ်လာ ၂၅၃ ဒသမ ၀၆ သန်း) ရရှိခဲ့ကြောင်း သိရသည်။

**ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ- မေမိုးသဲ**

# တရုတ်နိုင်ငံသို့ ရောဝတီတိုင်းနှင့် ရှမ်းပြည်နယ်ဘက်မှ ကျွဲ၊ နွား၊ ဆိတ်များကို တင်ပို့ရောင်းချလာ

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသော ကျွဲ၊ နွား၊ ဆိတ်အရှင်များကို ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဘက်မှ ဝယ်ယူစုဆောင်းလာနိုင်ကြောင်း ကုန်သည်များက ပြောသည်။

လက်ရှိ ကျွဲ၊ နွားအရှင်များကို စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးတို့အပြင် ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့၊ ရွှေညောင်မြို့များနှင့် ရောဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်မှ ကျွဲ၊ နွားအရှင်များကိုပါ တင်ပို့လာခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အရပ်ရပ် ဈေးကွက် နေရာစုံမှ ဝယ်ယူစုဆောင်း တင်ပို့လာကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွားအရှင် ဝယ်ယူစုဆောင်းရေးကုန်သည် ဦးလတ်မင်းစိုးက ပြောသည်။



"ကျွဲ၊ နွားအရှင်တွေကို တစ်ဖက်နိုင်ငံ ဝယ်လက်တွေကနေ တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးရေးစခန်း (AQS) နဲ့ မူဆယ်၊ ကျိန်စမ်းကျော့ ကိုယ်ပိုင်နွားခြံတွေကို နေ့စဉ် လာရောက်ရောင်းဝယ်နေကြတယ်၊ စခန်းနဲ့ ခြံထဲမှာတော့ နှစ်ရက်၊ သုံးရက်လောက် ထားထားရတာပေါ့၊ ပြီးရင် ချိတ်ဆက်ထားတဲ့ ကုန်သည်က ဝယ်ယူကြတယ်" ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံအတွင်း တရုတ်နိုင်ငံသားဝယ်လက်များကို ဖမ်းဆီးခံခဲ့ရသည့်နောက်ပိုင်း ဆိတ်အရှင်တင်ပို့မှုကို ယနေ့အချိန်အထိ တရုတ်ပြည်တွင်း ဝယ်လက်ကြီးများမှ လာရောက်ဝယ်ယူမှု မရှိတော့ကြောင်း သိရသည်။

လက်ရှိ မူဆယ်မြို့တွင် ယာယီထိန်းသိမ်းထားရှိသည့် ဆိတ်ခြံ ငါးခြံတွင် ဆိတ်ကောင်ရေ ၃၉၂၅ ကောင်နှင့် မူလလက်ကျန် ဆိတ်ကောင်ရေ ၁၉၉၅ ကောင် ကျန်ရှိနေပြီး လက်ရှိ မူဆယ်ဈေးကွက်တွင် ကျွဲအရှင် တစ်ကောင်လျှင် တရုတ်ယွမ်ငွေ ၁၀၆၀၀ ကျော်၊ နွားတစ်ကောင်လျှင် တရုတ် ယွမ်ငွေ ၇၇၀၀ ကျော်၊ ဆိတ်တစ်ကီလိုလျှင် တရုတ်ယွမ်ငွေ ၂၁ ယွမ်မှ ၂၂ ယွမ်အထိ ရရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ကျွဲ၊ နွား၊ ဆိတ် အရှင်များကို တင်ပို့ရာတွင် တိ/မွေး/ကု (ယာယီ) စစ်ဆေးရေးစခန်းများမှ စုဆောင်းကြခြင်းဖြစ်ပြီး တစ်ဖက်နိုင်ငံသို့ တင်ပို့ရန် ကျန်းမာရေးစစ်ဆေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကျန်းမာရေးထောက်ခံချက်၊ သယ်ဆောင်ခွင့်အထောက်အထား၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင် လျှောက်ထားရယူကာ မူဆယ် ရေပူကုန်ပစ္စည်းစစ်ဆေးရေးစခန်းတွင် စစ်ဆေးခံကာ ရောင်းချရကြောင်း သိရသည်။

**ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ- ကေဇူး (AMIA)**

# သင်္ကြန်အပြီးကာလ မန္တလေးပဲဈေးကွက် စတင်သက်ဝင်လှုပ်ရှားလာ

**မန္တလေး ဧပြီ ၂၂**

မန္တလေးမြို့ ပဲဈေးကွက်သည် သင်္ကြန်အပြီးကာလဖြစ်သော ဧပြီ ၁၈ ရက်တွင် ရောင်းသူ၊ ဝယ်သူ စုံလင်စွာဖြင့် ပြန်လည်အသက်ဝင် လှုပ်ရှားစပြုလာသော်လည်း ဈေးကွက်အခြေအနေကို လေ့လာစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

"ဈေးကွက်စဖွင့်တဲ့နေ့ဆိုတော့ အရောင်းအဝယ်မဖြစ်ဘဲ အားစမ်းတဲ့သဘောနဲ့ အဖွင့်ဈေးကို စောင့်ကြည့်နေကြတယ်၊ လာမယ့် ရက်တွေမှာတော့ အရောင်းအဝယ် ပုံမှန်ပြန်လည်ကောင်းလာမယ်လို့ မျှော်လင့်ရတယ်၊ သေချာတာကတော့ အိန္ဒိယပို့ကုန်တွေ အရောင်းအဝယ်ထိုင်းမှိုင်းပြီး တရုတ်ပို့ကုန်တွေကတော့ အရင်နှစ်ထက် ဝယ်လိုအားပိုမိုကောင်းလာမယ်လို့ ခန့်မှန်းတွက်ချက်နေကြတယ်" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

ဈေးကွက်စဖွင့်သည့်နေ့တွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀ နှုန်း၊ ထောပတ်ပဲမှာ ငွေကျပ် တစ်သိန်း၊ ပြောင်းဖူးစေ့မှာ ငွေကျပ် ၃၂၀၀၀၊ ကုလားပဲ အုပ်စုဝင်များဖြစ်သည့် V2 မှာ ငွေကျပ် ၆၉၅၀၀ နှုန်းနှင့် မြေပဲလုံးဆန်မှာ တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀ အဖွင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

လွန်ခဲ့သော ငါးနှစ်အတွင်းက တရုတ်နိုင်ငံမှ စားသုံးမှုမရှိသော ပဲကြီး၊ မြေတောင့်ပဲ၊ ထောပတ်ပဲ၊ ပဲဇီးကွက် စသည့် ပဲများမှာ ယခုနှစ်များတွင် အဆိုပါနိုင်ငံမှ နှစ်သက်စွာ စားသုံးလာမှုကြောင့် အရောင်းသွက်လျက်ရှိကြောင်းနှင့် အိန္ဒိယမှ အဝယ်ရပ်ဆိုင်းထားသည့် ပဲစင်းငုံကိုလည်း တရုတ်နိုင်ငံမှ ဝယ်ယူပြီး နည်းပညာဖြင့် ပြောင်းလဲထုတ်လုပ်ကာ အခြားနိုင်ငံများသို့ တင်ပို့နိုင်ပါက မြန်မာ့ပဲလောက ပြန်လည်ဦးမော့လာနိုင်ကြောင်း ၎င်းက ပြောသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မရန်းသီးအထွက်နှုန်းနည်းလာခြင်းနှင့် ထုတ်လုပ်မှုစရိတ်များလာသောကြောင့် အရောင်းအဝယ်ပြုလုပ်သူများ တွက်ခြေမကိုက်

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ယခုနှစ် မရန်းသီးအခြောက်လုပ်ရာသီတွင် ထုတ်လုပ်မှုကုန်ကျစရိတ်များလာသကဲ့သို့ ရာသီဥတုအခြေအနေကြောင့် မရန်းသီးအထွက်နှုန်း နည်းပါးလာကာ တွက်ခြေမကိုက်ဖြစ်နေကြောင်း မရန်းသီးအခြောက်လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

"ဒီနှစ်က ကိုယ့်နယ်မှာ မရန်းပွင့်ခါနီး မိုးရွာလိုက်၊ နှင်းခါးရိုက်လိုက်နဲ့ အပွင့်တွေ ပျက်စီးတော့ အသီးအထွက်နှုန်းက နည်းသွားတယ်၊ ဒါကြောင့် ကရင်ပြည်နယ်ဘက်ကိုပဲ နယ်ကျော်ပြီး ဝယ်ယူရတော့ အရင်နှစ်တွေထက်ကို ဈေးပိုပေးပြီး ဝယ်ရပါတယ်၊ လုပ်သားငှားရမ်းခကျတော့ ခါတိုင်းနှစ်တွေထက်ကို ဈေးပိုပေးရတယ်၊ ကိုယ့်အတွက် ကျန်ဖို့က မလွယ်လောက်တော့ဘူး၊ မိုးတွင်းရောက်ရင်တော့ ဈေးပြန်တက်မယ့်အချိန်ကိုပဲ မျှော်လင့်နေရတာပေါ့၊ ငွေနိုင်တဲ့သူတွေကတော့ လှောင်ထားမယ် ဈေးအလွန်ကောင်းတဲ့အခါမှ ပြန်ရောင်းတော့ အမြတ်က ပိုကျန်တာပေါ့" ဟု မရမ်းခြောက်လုပ်ငန်းလုပ်ကိုင်သူ ကိုကျော်ထွန်းက ပြောသည်။

အဆိုပါလုပ်ငန်းကို ဖေဖော်ဝါရီလကုန်ပိုင်းမှ ဧပြီလအတွင်း တစ်လခွဲကာလအတွင်းသာ လုပ်ကိုင်ကြပြီး မရန်းပြားအခြောက်ကို ရရှိရန် မရန်းသီးအစိမ်းကို ခွဲပေးရပြီး ဆားရေစိမ်ပေးကာ ဆားရေစိမ်ပြီး နွမ်းလာသော မရန်းပြားအား အခြောက်လှန်းခြင်း၊ ပေါင်းခံခြင်းများ ဆောင်ရွက်ရပြီး မရန်းခြောက်ရရှိရန် အစိမ်းခွဲပြုလုပ်ရသည့် ရက်မှ ၁၀ ရက်ခန့်ကြာမြင့်ကြောင်း သိရသည်။

၎င်းအပြင် မရန်းသီးအစိမ်း လေးပိဿာကို အခြောက်လှန်းပြီးလျှင် မရန်းအခြောက် တစ်ပိဿာခန့်သာရရှိပြီး ၂၀၁၇ ခုနှစ်တွင် မရန်းသီးအစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ခန့် ပေးဝယ်ရ၍ အလုပ်သမားငှားရမ်းခ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ခန့် ပေးရသော်လည်း ယခုနှစ်တွင် မရန်းသီးအစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ခန့်ရှိပြီး အလုပ်သမားတစ်ဦးလျှင် ငွေကျပ် ၅၅၀၀ အထိ ဈေးပေးရကြောင်း သိရသည်။

ပေါင်မြို့နယ်မှ ထွက်ရှိသော မရန်းပြားခြောက်များကို ဒေသအတွင်း ရောင်းချမှု၊ စားသုံးမှုအပြင် မော်လမြိုင်မြို့၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



**ကိုဟိန်း (ပေါင်)**

# မြန်မာ့အထူးတန်းဝင်ကော်ဖီဖြင့် ပြည်ပဝင်ငွေရရှိဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

**တက္ကသိုလ်ပွင့်သူအောင်**

ကမ္ဘာပေါ်တွင်မျက်နှာပန်းအလှဆုံးနှင့် ဂုဏ်ကျက်သရေရှိ စားသောက်ကုန်အဖြစ် တင်စားခြင်းခံရသော အစားအစာတစ်ခုမှာ ကော်ဖီဖြစ်သည်။ လူမျိုးဘာသာမရွေး လူကြီး၊ လူငယ်၊ ကျား မ မရွေးနှစ်ခြိုက်စွာ သောက်သုံးလျက်ရှိသည့် ကော်ဖီသည်၊ ကမ္ဘာ့ကုန်သွယ်ရေးဈေးကွက်၌ ရေနံပြီးလျှင် ဒုတိယရောင်းဝယ်ဖောက်ကားမှုအများဆုံး ကုန်စည်အဖြစ် ရပ်တည်လျက်ရှိသည်။ ယနေ့ မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ခန့်သည် ကော်ဖီသီးနှံပင်များကို အကြီးအကျယ် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသကဲ့သို့ ကမ္ဘာ့နိုင်ငံပေါင်း ၄၅ နိုင်ငံကလည်း ကော်ဖီထွက်ကုန်များကို ဝယ်ယူတင်သွင်းသုံးစွဲနေကြသည်။ အာရှတိုက်တွင် အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ကော်ဖီထုတ်ကုန်များကိုတင်ပို့လျက်ရှိသည်။

**ကော်ဖီပင်အစ ဆိတ်ကျောင်းသားလေးက**

ယနေ့ ကမ္ဘာ့မျက်နှာပန်းလှနေသော ကော်ဖီပင်၏ နောက်ခံသမိုင်းကို လေ့လာကြည့်သောအခါ ၁၅ ရာစုကာလ ကအီသီယိုးပီးယား နိုင်ငံ Bunna ဒေသ၌ ဆိတ်ကျောင်းသားလေးတစ်ဦးက ကော်ဖီပင်ကိုစတင်တွေ့ရှိခဲ့ခြင်းပင် ဖြစ်သည်။ ထိုဆိတ်ကျောင်းသားလေး ထိန်းကျောင်းနေသော ဆိတ်များသည် အသီးတစ်မျိုးကိုစားပြီး မကြာခင်အချိန်မှာပင် မြူးထူးခုန်ပေါက်နေသည်ကို အံ့သြဖွယ်တွေ့မိသည်။ ဆိတ်ကျောင်းသားလေးက ရွာသို့အရောက်တွင် သူတွေ့မြင်ခဲ့ရသော မြင်ကွင်းကို အားပါးတရပြောလိုက်သောအခါ ဒေသခံ ဘာသာရေးဆရာကြီးများက လိုက်လံကြည့်ရှုကြသည်။ ဆိတ်များစားသုံးခဲ့သောအသီးကို ခွဲ၍အစေ့ကိုထုတ်ကာ အရည်ညှစ်၍ သောက်သုံးလိုက်သောအခါ ထူးခြားစွာနိုးကြားတက်ကြွလာသည်ကို သတိပြုမိခဲ့သည်။ ယင်းနိုးကြားတက်ကြွသော စိတ်စွမ်းအားဖြင့် အလုပ်များကိုယခင်ကထက် ပိုမိုလုပ်ကိုင်နိုင်သည်ကိုလည်း သိခဲ့ကြသည်။

ထိုသို့ဆိတ်များစားသုံးခဲ့သော အစေ့များသည် နောင်အခါ လူတို့ နှစ်ခြိုက်စွာသောက်သုံးခဲ့ကြသည့် ပထမဦးဆုံး မျိုးရင်းကော်ဖီစေ့များပင် ဖြစ်သည်။ သုတေသနပညာရှင်တို့၏ အဆိုအရ အီသီယိုးပီးယားနိုင်ငံရှိ ကုန်းမြင့်ဒေသများ၌ သဘာဝအလျောက် ကော်ဖီပင်များ ပေါက်ရောက်ခဲ့ကြောင်း၊ ယင်းအပင်များသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ရှိနေပြီဖြစ်ကြောင်းစသည်ဖြင့်သိရှိရသည်။ ထို့ကြောင့် ကော်ဖီသည်လွန်ခဲ့သော ၁၅ရာစု၏ အစောပိုင်းကာလမှာပင် ရှိနေကြပြီဖြစ်သည်။

**မြန်မာနိုင်ငံရှိကော်ဖီပင်များ**

မြန်မာနိုင်ငံ၌ ကော်ဖီသီးနှံပင်ကို လွတ်လပ်ရေးမရမီကာလကပင် စတင်စိုက်ပျိုးလာခဲ့သည်။ မြန်မာနိုင်ငံတွင် အဓိက စိုက်ပျိုးလျက်ရှိသော ကော်ဖီမျိုးများမှာ ကုန်းမြင့်ကော်ဖီ (Arabica coffee) နှင့်မြေနိမ့်ကော်ဖီ (Robusta coffee) တို့ဖြစ်ကြသည်။ အာရေဗီးကားကော်ဖီ (Arabica coffee) မျိုးကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများ၌ စိုက်ပျိုးကြသည်။ ရိုဘတ်စတာကော်ဖီ (Robusta coffee) မျိုးကို ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြသည်။


ဓာတ်ပုံ - ဇေမိုး

**မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့်ဒေသများ**

မြန်မာနိုင်ငံတွင် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဒေသများမှာ နေပြည်တော်၌ စိုက်ဧရိယာ ၃၉၆ ဧက၊ ကချင်ပြည်နယ်၌ ဧရိယာ ဧက ၁၆၀၀၊ ကယားပြည်နယ်၌ ဧရိယာဧက၁၇၄၀၊ ကချင်ပြည်နယ်တွင် ၉၈၁၂ ဧက၊ ချင်းပြည်နယ်၌ ၅၆၂ ဧက၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၅၀၆ ဧက၊ မကွေးတိုင်းဒေသကြီး၌ ၉၈၇ ဧက၊ မန္တလေးတိုင်းဒေသကြီးတွင် ၅၈၃၂ ဧက၊ ရှမ်းပြည်နယ်၌ ၂၇၄၅၂ ဧက၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၁၁ ဧက၊ တနင်္သာရီတိုင်းဒေသကြီး၌ ၂၇၉ ဧက စသည်ဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် ပြည်ပဝင်ငွေ ပိုမိုရရှိရေးအတွက် မျိုးကောင်းမျိုးသန့်ကော်ဖီသီးနှံပင်များ ရရှိစေရန် ဌာနပိုင်မျိုးသန့်ခြံများနှင့် ပုဂ္ဂလိကမျိုးသန့်ခြံများကလည်း ထုတ်လုပ်ဖြန့်ဝေပေးနေသည်။ စာရင်းများအရ ၂၀၁၆-၂၀၁၇ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ပွေးတောင်းခြံမှ မျိုးစေ့ထုတ်ပြီး ၅၀ကီလို၊ ဒိုးကွင်းခြံမှ ၅၀ ကီလို၊ လက်ပံကုန်းခြံမှ ၄၀ကီလို၊ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနမှ ၁၀၀ ကီလို၊ မိုးကုတ်မြို့နယ်အတွင်းရှိ မိုးကုတ်ခြံမှ ၂၀ ကီလို၊ ရှမ်းပြည်နယ်အတွင်းရှိ ချောင်းကွေ့ခြံမှ၅၀ကီလို၊ ဘန့်ဘွေးခြံမှ ၃၀ ကီလို၊ ရွာငံခြံမှ ၁၀ကီလို၊ ရွှေကြာအင်းခြံမှ ၁၀၀ ကီလို၊ ချင်းပြည်နယ်အတွင်းရှိ ထေးဇန်ခြံမှ ၃၀ ကီလို၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ နတ်ရေကန်ခြံမှ ၃၀ ကီလိုနှင့် ကရင်ပြည်နယ်သံတောင်ကြီးမြို့နယ် လိပ်သိုခြံမှ ၄၀ ကီလိုနှင့် ရိုဘတ်စတာကော်ဖီ ၁၅ ကီလိုတို့ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ကော်ဖီသီးနှံပင်များ ပျိုးထောင်ခြင်းပြုလုပ်ရာ၌ ငါးနှစ်သားအရွယ် ကော်ဖီအပင်မှ အစေ့ကို ဒီဇင်ဘာလတွင် ဆွတ်ခူးခြင်း၊ အသီးတစ်လုံးမှ အစေ့နှစ်စေ့ပါသော အစေ့ကိုသာယူခြင်း၊ မျိုးစေ့ကိုပြာနှင့်လူး၍ နေရိပ်၌ အခြောက်ခံခြင်း၊ ဖေဖော်ဝါရီလနှင့် မတ်လတွင် ပျိုးထောင်ခြင်း၊ နွားချေးဆွေးနှစ်တင်း၊ သဲနုန်းတစ်တင်း၊ စူပါဖော့စဖိတ် နို့ဆီနှစ်ဘူးထည့်၍ မွှေပေးခြင်း၊ ပျိုးပေါင်ကို အကျယ် လေးပေ၊ အရှည် ၂၅ ပေ၊ အမြင့် တစ်ပေလုပ်၍ အမြင့် ခုနစ်ပေရှိ ဝါးကပ်ကဲမိုးခြင်း၊ အစေ့ကို အပြားလိုက်စိုက်၍ မြေတွင်း ၀ ဒသမ ၂၅ လက်မဝင်ရန်၊ တစ်စေ့နှင့် တစ်စေ့ ၀ ဒသမ ၅ လက်မခွာပြီး တစ်တန်းနှင့် တစ်တန်းလေးလက်မခွာစိုက်ကာ နွားချေးဆွေးကို ပါးပါးဖုံးပေးခြင်း၊ နှစ်ရက်သုံးရက်ခြားတစ်ကြိမ်နှုန်း ရေဖျန်းပေးခြင်း၊ တစ်လတစ်လခွဲကြာလျှင် အပင်ပေါက်ပြီးအရွက်ထွက်သောအခါ မျိုးအိတ်ထဲထည့်ခြင်း စသည်တို့ကို ပြုလုပ်ပေးပါက မျိုးကောင်းမျိုးသန့် ကော်ဖီစေ့များရရှိလာ မည် ဖြစ်သည်။

**ကော်ဖီစံချိန်စံညွှန်း တိုင်းတာသတ်မှတ်ခြင်း**

ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီပညာရှင်များက ကော်ဖီကို စံချိန်စံညွှန်းများ တိုင်းတာသတ်မှတ်ရာ၌ ကော်ဖီ၏ အနံ့၊ အရသာ၊ အချဉ်ဓာတ်၊ ကော်ဖီ၏ ပျစ်နှုန်း၊ လည်ပင်းတွင် စွဲတင်ကျန်ရစ်သော အရသာဟူသည့် အချက်ငါးချက်ဖြင့် စစ်ဆေးကြည့်ရှုကြသည်။ မြန်မာ့ကော်ဖီသည် အဆိုပါ အချက်ငါးချက်ဖြင့် စံချိန် စံညွှန်းသတ်မှတ်ခဲ့ရာ ရမှတ် ၈၀ ကျော်ရှိနေသောကြောင့် မြန်မာ့ ကော်ဖီသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနေပြီဖြစ်သည်။ ယခုအခါမြန်မာ့ကော်ဖီကို အထူးတန်းအဖြစ် သတ်မှတ်ခံရပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ခဲ့ပြီဖြစ်ရာ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၃ ရက်၌ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တွင် ကျင်းပခဲ့သော ကော်ဖီပွဲတော်သို့ ဝင်ရောက်ပြသနိုင်ခဲ့သည်။

**မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီဖိုရမ်**

မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံခြားဝင်ငွေရရှိရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရန်နှင့် သွင်းကုန်လျှော့ချရေး အစီအစဉ်အတွက် ၂၀၁၈-၂၀၃၀ ခုနှစ် ကာလအတွင်း မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ဧရိယာဧက ၅၀၀၀ ပြည့်မီရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ကော်ဖီတန်ချိန်တစ်သောင်းခွဲ ထွက်ရှိရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကော်ဖီကိုပြည်ပပို့ကုန်အဖြစ် အရည်အသွေးပြည့်မီရေး၊ အထူးတန်းဝင်ကော်ဖီတိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် ကော်ဖီဖိုရမ်ကို ကျင်းပခဲ့ရာ ကော်ဖီနှင့်သက်ဆိုင်သူများ ဝိုင်းဝန်းဆွေးနွေးအဖြေထုတ်ကြရာ အကြံပြုချက်ပေါင်း ၁၆ ချက် ရရှိခဲ့သည်။ ထို့နောက်မြန်မာ့ကော်ဖီကဏ္ဍနှင့် သက်ဆိုင်သူများ အကြံပြုဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၇ ရက်က နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း အပါအဝင် NGO၊ INGOs များ၊ ကော်ဖီလုပ်ငန်းရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပ ကော်ဖီပညာရှင်များက မေလအတွင်း ဝိုင်းဝန်းအဖြေထုတ်ရှာဖွေရရှိခဲ့သည့် အကြံပြုချက် ၁၆ ချက် အနက် မြန်မာ့ကော်ဖီဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစာတမ်းရေးဆွဲနိုင်ရန်အတွက် ဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် ကော်ဖီသီးနှံကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ်တို့၌ စီးပွားဖြစ် အများဆုံးစိုက်ပျိုးလျက်ရှိသည်။

စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသော် ကော်ဖီသည် GAP သီးနှံ ၁၅ မျိုးတွင် ပါဝင်သဖြင့် ကော်ဖီ (GAP Guide Line) ပြုစုရေးဆွဲပြီးဖြစ်၍ ကော်ဖီဈေးကွက်မှာ တည်ငြိမ်လျက်ရှိသည်။

**အော်ဂဲနစ်ကော်ဖီ**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများသည် ကော်ဖီသီးနှံကို လွန်ခဲ့သော နှစ်ပေါင်းများစွာက တည်းက စိုက်ပျိုးကြသည်။ သံတောင်ကြီးဒေသထွက်ကော်ဖီသီးနှံသည် အော်ဂဲနစ်ကော်ဖီများ ဖြစ်သည်။ ထို့ကြောင့်မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံခြားဝင်ငွေရရှိရေးအတွက် သံတောင်ကြီးဒေသထွက် အော်ဂဲနစ်ကော်ဖီများကလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိရာ ယခုအခါ အော်ဂဲနစ်ကော်ဖီကို သံတောင်ကြီးဒေသ၌ ကော်ဖီပညာရှင်များ၊ ကော်ဖီလုပ်ငန်းရှင်များက ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းကော်ဖီစိုက်တောင်သူများအနေဖြင့် Good Agricultral Practice (GAP) လက်မှတ်ရရှိရန် လျှောက်ထားရမည်ဖြစ်သည်။ GAP အတွက် သတ်မှတ်ထားသော အချက် ၁၆ ချက်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်သော ကော်ဖီစိုက်ပျိုးသူများကိုသာ လက်မှတ်ထုတ်ပေးမည်ဖြစ်၍ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ၌ လျှောက်လွှာများ ရယူနိုင်သည်။

**ကမ္ဘာသိ ရွာငံကော်ဖီ**

ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်မှ ထွက်ရှိသော ကော်ဖီသည် အရည်အသွေးကောင်းမွန်ခြင်းကြောင့် ကမ္ဘာ့အထူးတန်းဝင် ကော်ဖီထုတ်လုပ်ခြင်းများ၊ နိုင်ငံတကာသို့ တိုက်ရိုက်ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ရွာငံမြို့နယ်တွင် ကော်ဖီကို ယခင်ကာလများကဒေသသုံး တိုင်းရင်းမျိုးများကိုသာ စိုက်ပျိုးခဲ့သည်။ သို့သော်ယခုအချိန်တွင် အရည်အသွေးဖြင့် အထွက်နှုန်းကောင်းမွန်သည့် "ကပ်တွိုင်းမျိုးသန့်" များကိုပြောင်းလဲ၍ စနစ်တကျစိုက်ပျိုးခဲ့ရာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဧရိယာပေါင်း ၇၁၆၅ ဧကရှိပြီး ကော်ဖီသီးနှံဆွတ်ခူးဧရိယာမှာ ၃၉၉၅ ဧကရှိနေသောကြောင့်စုစုပေါင်း အထွက်ပိဿာ ငါးသိန်းမှ သုံးသိန်းကျော်ခန့် ထွက်ရှိသည်။

**မြန်မာ့အထူးတန်းဝင်ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

ယနေ့ ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် ရေနံရောင်းဝယ်မှုပြီးလျှင် ကော်ဖီသီးနှံသည် ဒုတိယအဆင့်အရေးပါသော ကုန်စည်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှ ထွက်ရှိသည့် ပြည်ပပို့ကုန်များအနက် ဆန်စပါး၊ ပဲမျိုးစုံတို့သည် အဓိကနိုင်ငံခြားငွေ ရှာပေးသော သီးနှံဖြစ်သကဲ့သို့ ကော်ဖီသီးနှံသည်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိသည့် တန်ဖိုးမြင့်သီးနှံဖြစ်သောကြောင့် မြန်မာ့အထူးတန်းဝင်ကော်ဖီဖြင့် ပြည်ပဝင်ငွေရရှိရန် အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## တောင်ညိုဆည်တွင် ရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်လျက်ရှိ

**နတ်တလင်း ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရှိ တောင်ညိုရေလှောင်တမံရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့၏ သဘောတူညီချက်အရ တရားဝင်ဖွံ့ဖြိုးရေးချေးငွေ (Offical Development Assistant) ဖြင့်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၂) မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းတတိယနှစ်ဖြစ်သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း စီမံကိန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းပြီးစီးခဲ့ပြီး စီမံကိန်းကာလ၏နောက်ဆုံးနှစ် ၂၀၁၈-၂၀၁၉ ဆောင်ရွက်ရန် ကျန်ရှိသောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပြီးစီးသည့်တူးမြောင်းမကြီး၊ တူးမြောင်းခွဲနှင့် လက်တံမြောင်းများမှတစ်ဆင့် နတ်တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့အတွင်းရှိ နွေစပါးဧက ၅၀၀၀ ရေပေးဝေလျက်ရှိပြီး စီမံကိန်းပြီးစီးပါက လယ်မြေဧက ၅၀၀၀၀ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)၊ ပြည်မြို့မှ ဦးကျော်သူ (ညွှန်ကြားရေးမှူး)၊ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ JICA Consultant မှပညာရှင်များသည် ၂၀၁၈-၂၀၁၉ ခုနှစ် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးနှင့် နွေစပါးရေပေးဝေမှု ထိရောက်အောင်မြင်စေရေးအတွက် ဧပြီလပထမပတ်က လုပ်ငန်းခွင်သို့ရောက်ရှိပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်နိုင်(ပြည်)



# မြန်မာ့သဘာဝရော်ဘာကို ပိုမိုထုတ်လုပ်ကာ ပြည်ပသို့တင်ပို့နိုင်ရေး ဦးတည်ဆောင်ရွက်သွားမည်

**ဘားအံ ဧပြီ ၂၂**
ကမ္ဘာ့ရော်ဘာဈေးကွက်သို့ ရော်ဘာတင်ပို့နိုင်မှုတွင် မြန်မာနိုင်ငံသည် ဆဋ္ဌမအဆင့် ရှိနေသော်လည်း တစ်ကမ္ဘာလုံးတင်ပို့မှုအနေအထားဖြင့် နှိုင်းယှဉ်ပါက မြန်မာ့သဘာဝရော်ဘာကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်မှုမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိသဖြင့် ယခုထက် ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ်အတွင်းရှိ ရော်ဘာစိုက်တောင်သူများထံမှ သိရသည်။

ကရင်ပြည်နယ်ရှိ မင်းရော ရော်ဘာခြံလုပ်ငန်းရှင် ဦးအန်ဆိုင်းဇော်က အရည်အသွေးမြင့် ကုန်ချောပစ္စည်းများအဖြစ် တင်ပို့နိုင်ရေးနှင့် ဈေးကွက်သစ်များသို့ ထိုးဖောက်နိုင်ရေးကို ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကုန်ချောအဖြစ်တင်ပို့နိုင်ရေးနှင့် အဆင့်မြင့်နည်းပညာများ၊ စက်ကိရိယာများ အသုံးပြုဆောင်ရွက်နိုင်ရေး စသည့် ကိစ္စရပ်များတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရေးအတွက် မည်သို့ပင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်ဖြစ်စေ အစိုးရ၊ ပုဂ္ဂလိကနှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောသည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်နှင့် ကရင်ပြည်နယ်တို့က အများဆုံးစိုက်ပျိုးကြကာ ထိုပြည်နယ်နှစ်ခုတွင် သဘာဝရော်ဘာပင် အရေအတွက်များပြားသလို စိုက်ပျိုးမှုမှာလည်း အားကောင်းကြောင်း၊ နောက်ထပ်လည်း စိုက်နေကြကြောင်း၊ ရော်ဘာသည် အဆိုပါပြည်နယ်နှစ်ခု၏ အဓိက ပို့ကုန်အမယ်တစ်ခုဖြစ်သဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို တိုးတက်အောင်ဆောင်ရွက်မည်ဆိုလျှင် ရော်ဘာကဏ္ဍအပေါ်မှီခိုနေကြသည့် အလုပ်သမားများစွာအား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ရော်ဘာပို့ကုန် တိုးတက်သည့်အဆင့်အထိဖြစ်အောင် အများကြီး ဆက်လက်လုပ်ဆောင်ရန်လိုအပ်နေသေးကြောင်း ၎င်းက ဆက်ပြောသည်။

ရော်ဘာကို ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးနေကြပြီး မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ငါးသိန်းနီးပါးဖြင့် အများဆုံးဖြစ်ကာ ကရင်ပြည်နယ်မှာ စိုက်ဧက ၂၇၀၀၀၀ နီးပါးဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ရော်ဘာစိုက်ဧကပေါင်းမှာ ၁၆ သိန်းခန့်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ရော်ဘာတင်ပို့မှု၏ ၆၅ ရာခိုင်နှုန်းကျော်သည် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအဓိကလမ်းကြောင်းဖြစ်သည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ တင်ပို့နေခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ရော်ဘာအများဆုံးတင်ပို့ခဲ့သည့် နိုင်ငံငါးခုမှာ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

ရော်ဘာဈေးနှုန်းမှာ ပြည်တွင်းဈေးကွက်အနေဖြင့် တစ်ပေါင်လျှင် ကျပ် ၇၀၀ ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိရပြီး လိုင်စင်ဈေးနှုန်းအနေဖြင့် ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၅၈ မှ ၁၄၅၀ ရှိကြောင်း သိရသည်။

နိုင်ငံတကာ ကုန်သွယ်ရေးဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် worldexports.com တွင် ဖော်ပြထားသော စာရင်းများအရ ကမ္ဘာလုံးဆိုင်ရာ သဘာဝရော်ဘာတင်ပို့မှု၏ ၉၅ ဒသမ ၄ ရာခိုင်နှုန်းကို တင်ပို့နိုင်ခဲ့သော ၁၅ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် တစ်ခုအပါအဝင်ဖြစ်ခဲ့ပြီး ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှားနှင့် အိုင်ဗရီကို့စ်နိုင်ငံတို့ပြီးလျှင် ဆဋ္ဌမမြောက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။ ကမ္ဘာ့သဘာဝရော်ဘာ တင်ပို့ရောင်းချနိုင်မှု၏ ၈၀ ရာခိုင်နှုန်းသည် အာရှနိုင်ငံများမှဖြစ်ပြီး အာဖရိကနိုင်ငံများမှ ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဥရောပနိုင်ငံများမှ ၄ ဒသမ ၇ ရာခိုင်နှုန်း အသီးသီး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **မြတ်သူ**(AMIA)

# သင်္ကြန်ပိတ်ရက်အလွန် ပွဲရုံဖွင့်ရက် ကြက်သွန်နီ၊ ထန်းလျက်ဈေးကျဆင်း

ရန်ကုန် ဧပြီ ၂၂
**သင်္ကြန်ပိတ်ရက်အလွန် ဧပြီ ၁၈ ရက် ဘုရင့်နောင်ပွဲရုံအများစု ပြန်လည်ဖွင့်လာကြချိန် ကြက်သွန်နီနှင့် ညောင်ဦးထန်းလျက်ဈေးနှုန်းများ ကျဆင်းလာသည်ဟု ဈေးကွက်မှ သိရသည်။ ဧပြီ ၁၈ ရက် ပွဲရုံများ ပြန်လည်ဖွင့်လှစ်ရောင်းချလာရာ ဧပြီ ၂၁ ရက်တွင် ဆိပ်ဖြူ ကြက်သွန်နီ လက်ကားတစ်ပိဿာ ၅၂၅-၇၀၀-၇၀၀-၇၀၀ ကျပ်နှုန်း မြစ်သား တစ်ပိဿာ ၇၀၀-၁၁၀၀-၁၂၀၀-၁၁၀၀ ကျပ်နှုန်းရှိသည်ဟု သိရသည်။**

သင်္ကြန်ပိတ်ရက်မတိုင်မီ ဧပြီ ၁၁ ရက်တွင် ဆိပ်ဖြူ တစ်ပိဿာ ၆၀၀-၈၀၀- ၈၀၀-၈၀၀ ကျပ်၊ မြစ်သား တစ်ပိဿာ ၈၅၀- ၁၁၅၀-၁၂၅၀-၁၁၅၀ ကျပ်နှုန်း ရှိခဲ့သည်။ သင်္ကြန်ပိတ်ရက်အလွန် ပွဲရုံပြန်ဖွင့်သည့် လေးရက်အတွင်း နယ်စုံမှ ရန်ကုန်သို့ ကြက်သွန်နီပိဿာချိန် ၈၂၀၀၀ ဝင်ရောက်လာသည်ဟု နေ့စဉ် ဈေးနှုန်းစာရင်းနှင့် ယှဉ်တွဲဖော်ပြထားခြင်းမှ သိရသည်။

သင်္ကြန်ပိတ်ရက်မတိုင်မီ ညောင်ဦးဆေးခတ်ထန်းလျက်တစ်ပိဿာ လက်ကားဈေး ၁၆၅၀၊ ၁၇၀၀ ကျပ်၊ ဝဲထန်း ၁၄၀၀ ကျပ်နှုန်း ရှိသော်လည်း ဧပြီ ၂၁ ရက်တွင်မူ ညောင်ဦး ဆေးခတ်ထန်းလျက်တစ်ပိဿာ ၁၅၀၀၊ ၁၅၅၀ ကျပ်၊ ဝဲထန်း ၁၃၀၀ ကျပ်နှုန်းသို့ ဈေးကျဆင်းလာသည်။

သင်္ကြန်ပွဲတော်ရက် အသုံးများ၍ ထန်းလျက်ဈေးနှုန်းများ မြှင့်တင်ထားရာမှ သင်္ကြန်အလွန်တွင် ဈေးပြန်လည်ကျဆင်းခြင်းဖြစ်သည်ဟု အဝယ်တော်တစ်ဦးက ဆိုသည်။

ကြက်သွန်ဈေးနှုန်းမှာလည်း နယ်တွင် အလုံးလတ်များတစ်ပိဿာ ၅၅၀ ကျပ်ဝန်းကျင်သာရှိ၍ ရန်ကုန်ဈေး ထပ်မံကျဆင်းနိုင်သေးသည်ဟု ယခုရက်ပိုင်း မုံရွာသို့ ရောက်ခဲ့သူ ရန်ကုန်မှ အဝယ်တော်တစ်ဦးက ဆိုသည်။

ဧပြီ ၂၁ ရက်တွင် အာလူးတစ်ပိဿာ လက်ကားဈေးမှာ ၄၇၀-၇၂၀-၇၃၀-၆၅၀ ကျပ်နှုန်း ရှိသည်။ သင်္ကြန်ပြန်ဖွင့်ရက် ဝင်ရောက်လာသော ကြူကုတ်ကားချတစ်ပိဿာ ၁၁၂၅ ကျပ်နှုန်းရှိပြီး ပိတ်ရက်မတိုင်မီက ပွဲရုံကျန်များမှာ ယင်းဈေးနှုန်းထက်ဈေးနည်းသည်ဟု သိရသည်။

ပြည်ပနိုင်ငံစုံ သကြားတစ်ပိဿာ ၁၁၇၀ မှ ၁၂၁၀ ကျပ်နှုန်းအတွင်းရှိပြီး အိန္ဒိယဂေရုတ်ရှည်မှာ တစ်ပိဿာ ၃၇၅၀ ကျပ်နှုန်းသာရှိသည်။ ပြည်တွင်းမြစ်ဝကျွန်းပေါ်ထွက်ဂေရုတ်ရှည်မှာ တစ်ပိဿာ ၂၇၀၀၊ ၂၈၀၀ ကျပ်နှုန်းသာရှိသည်။ ပြည်ပသကြားနှင့် ဂေရုတ်ဈေးများမှာ အခြေအနေပေါ်မူတည်၍ အပြောင်းအလဲဖြစ်နိုင်သည်ဟု သိရသည်။

ကြက်သွန်နီနှင့် ဂေရုတ်ရှည်ဈေးနှုန်းများမှာ ဝယ်လက်ဝယ်ချိန်ဖြစ်၍ ဈေးနည်းနေခြင်းဖြစ်သည်။ သင်္ကြန်ပိတ်ရက်အလွန်တွင် ရန်ကုန်ဈေးကွက်သို့ ကုန်ပစ္စည်းအချို့ကြိုတင်ရောက်ရှိနေခြင်း ဝယ်လက်မစုံသေးခြင်းတို့ကြောင့် ဈေးနှုန်းများမြင့်တက်လာခြင်းမရှိဘဲ အချို့မှာ ဈေးကျနေသည်ဟု ဈေးကွက်မှ သိရသည်။

ယခုနှစ်သင်္ကြန်အလွန် ဈေးနှုန်းများသည် ကာလတူဖြစ်သော ယခင်နှစ် ၂၀၁၇ သင်္ကြန်အလွန် အချိန်ထက် ကြက်သွန်နီ ရှမ်းနှင့် ကြူကုတ်ကြက်သွန်ဖြူ၊ အာလူး၊ သကြား၊ ထန်းလျက်၊ အိန္ဒိယ ဂေရုတ်ရှည်၊ စားအုန်းဆီနှင့် ကုလားပဲခြမ်း ဈေးနှုန်းများ ဈေးနည်းနေသည်ဟု ၂၀၁၇-၂၀၁၈ ကာလတူ ဈေးနှုန်းနှိုင်းယှဉ်ချက်များအရ သိရသည်။

၂၀၁၇ ဧပြီ ၂၁ ရက်တွင် ဆိပ်ဖြူကြက်သွန်နီလက်ကား တစ်ပိဿာ ၆၀၀-၈၀၀-၈၂၅-၈၅၀ ကျပ်၊ မြစ်သား ၈၅၀ - ၁၂၀၀-၁၂၂၅ - ၁၂၂၅ ကျပ်၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၂၂၀၀-၂၆၀၀ -၂၉၀၀ -၃၂၀၀ ကျပ်၊ ကြူကုတ် ၆၁၀၀ - ၆၂၀၀ ကျပ်၊ အာလူးတစ်ပိဿာ ၄၅၀ - ၇၀၀ -၇၃၀ -၇၃၀ ကျပ်၊ သကြားတစ်ပိဿာ ၁၂၂၀ ကျပ်၊ ညောင်ဦး ဆေးခတ်ထန်းလျက်တစ်ပိဿာ ၁၆၀၀ - ၁၆၅၀ ကျပ်၊ အိန္ဒိယဂေရုတ်ရှည် တစ်ပိဿာ ၃၄၀၀ ကျပ်၊ မြစ်ဝကျွန်းပေါ်ဂေရုတ်ရှည် တစ်ပိဿာ ၂၈၀၀ ကျပ်၊ စားအုန်းဆီတစ်ပိဿာ ၁၇၀၅ ကျပ်၊ ကုလားပဲခြမ်းတစ်ပိဿာ ၂၇၀၀ -၂၇၅၀ ကျပ်နှုန်း အသီးသီးရှိခဲ့သည်ဟု ယခင်နှစ်ဈေးနှုန်းဟောင်းများမှ သိရသည်။ ၂၀၁၈ ဧပြီ ၂၁ ရက်တွင် စားအုန်းဆီတစ်ပိဿာ ၁၆၃၀ ကျပ်၊ ကုလားပဲခြမ်းတစ်ပိဿာ ၁၅၅၀ ကျပ်သာ ရှိသည်။ **ခင်ဆိုင်**



ဆိပ်ဖြူ ကြက်သွန်ကုန်စည်ဒိုင်၌ နယ်မှဝင်ရောက်လာသည့် ကြက်သွန်များအား သယ်ချနေသည်ကို တွေ့ရစဉ်။

> “ကြက်သွန်နီနှင့် ဂေရုတ်ရှည်ဈေးနှုန်းများမှာ ဝယ်လက်ဝယ်ချိန်ဖြစ်၍ ဈေးနည်းနေခြင်း ဖြစ်သည်။ သင်္ကြန်ပိတ်ရက်အလွန်တွင် ရန်ကုန်ဈေးကွက်သို့ ကုန်ပစ္စည်းအချို့ ကြိုတင်ရောက်ရှိနေခြင်း ဝယ်လက်မစုံသေးခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာခြင်းမရှိဘဲ အချို့မှာ ဈေးကျနေ”

## မြန်မာ့ချဉ်ပေါင်ဖာလာ အရည်အသွေးအားနည်း၍ ဈေးကွက်ချဲ့ရန်ခက်ခဲနေ

**မန္တလေး ဧပြီ ၂၂**
ပြည်ပပို့ကုန်တစ်မျိုးဖြစ်သော မြန်မာ့ချဉ်ပေါင်ဖာလာကို ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် လုပ်ဆောင်ရာတွင် အရည်အသွေးပိုင်း အားနည်းနေသည့်အတွက် အခက်အခဲရှိနေကြောင်း ဖာလာတင်ပို့ရေး ကုန်သည်များထံမှ သိရသည်။

ချဉ်ပေါင်ဖာလာ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် ဥရောပသမဂ္ဂနိုင်ငံများသို့ နမူနာတင်ပို့ထားမှုများမှာ အရွယ်အစား မညီခြင်း၊ မီးခိုးနံ့ပါခြင်းနှင့် အရောင်အသွေး မညီခြင်းများကြောင့် တင်ပို့နိုင်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။ ထို့ကြောင့် ပြည်ပဈေးကွက်သစ်များသို့ ပိုမိုတင်ပို့ကာ ဈေးကွက်ချဲ့နိုင်ရန်အတွက် အရည်အသွေးကောင်းမွန်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နည်းပညာများ လိုအပ်နေကြောင်း မန္တလေးတိုင်းဒေသကြီးမှ ချဉ်ပေါင်ဖာလာတင်ပို့ရေးကုန်သည် ဦးတင့်ထွန်းက ပြောသည်။

“နည်းပညာတွေ၊ ခူးဆွတ်နည်းတွေ၊ အစေ့အခြောက်လှန်းစက်တွေ အများကြီး လိုအပ်နေတာပေ့ါ။ တစ်ပိုင်တစ်နိုင်စိုက်ခင်းတွေ စီးပွားဖြစ်လာအောင် မြေယာပြဿနာတွေလည်း ဖြေရှင်းကူညီပေးဖို့ လိုအပ်နေတယ်”ဟု ၎င်းက ပြောသည်။

ပြည်တွင်းမှထွက်ရှိသည့် ချဉ်ပေါင်ဖာလာများသည် အော်ဂဲနစ်ဖြစ်သည့်အတွက် ပြည်ပနိုင်ငံ အတော်များများက ကြိုက်နှစ်သက်ကြသော်လည်း လတ်တလောတွင် တရုတ်နိုင်ငံသို့သာ တင်ပို့နေရကြောင်း သိရသည်။ “ဖာလာတစ်ပိဿာကို ကျပ်တစ်သောင်းခွဲလောက် ရတယ်၊ ယူနန်ပြည်နယ်ဘက်က အများဆုံးသုံးတယ်၊ လက်ရှိ သံတောင်ကြီးဒေသမှာတော့ စိုက်ဧက တစ်သိန်းခွဲလောက်ရှိတယ်၊ တချို့က စိုက်တာနဲ့ အလေ့ကျ ပေါက်ရောက်တာတွေလည်း ပါတယ်”ဟု သံတောင်ကြီးမြို့နယ်မှ ချဉ်ပေါင်ဖာလာစိုက်တောင်သူ ဦးဖုန်ရယ်ထူးက ပြောသည်။

လက်ရှိအချိန်တွင် ချဉ်ပေါင်ဖာလာကို မြန်မာနိုင်ငံအရှေ့တောင်ခြမ်း ကယန်းဒေသနှင့် ကရင်ပြည်နယ် သံတောင်ကြီးဒေသတို့တွင် အများဆုံးစိုက်ပျိုးနေကြပြီး ကွမ်းစားဖာလာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀၀ ခန့်၊ ချဉ်ပေါင်ဖာလာ (ဖာလာနီ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀၀၀ ခန့် ရရှိနေကြကာ ပွဲရုံများမှ ကုန်သည်များထံသို့ ရောင်းဈေးမှာ ပျမ်းမျှ တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ကျပ်အထိ ရရှိကြောင်း သိရသည်။

ချဉ်ပေါင်ဖာလာကို မြန်မာနိုင်ငံအပြင် ထိုင်း၊ တရုတ်၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့တွင် စိုက်ပျိုးကြပြီး မြန်မာနိုင်ငံအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အလေ့ကျ အရိုင်းပင်များအဖြစ် ပေါက်ရောက်ကာ စနစ်တကျ စိုက်ပျိုးမှုအနေဖြင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် အဓိကစိုက်ပျိုးကြောင်း သိရသည်။ **မြတ်သူ**(AMIA)

# ကျွန်တော်နဲ့ ဘာလင်မြို့



## ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

ဒီတစ်ခါ ကျွန်တော် ဘာလင်မြို့ကိုရောက်တာ တတိယအကြိမ် ဖြစ်ပါတယ်။ ပထမအကြိမ်က ၁၉၈၇ ခုနှစ်။ ဒီတုန်းက ဘွဲ့လွန် ပါရဂူ သုတေသနဆုကိုရခဲ့ပြီး အနောက်ဂျာမနီနိုင်ငံကို ရောက်ခဲ့တယ်။ တစ်နှစ်တစ်နှစ်ပညာရှင် ၂၀၀ ကျော်ကျော် လောက်ကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ရွေးချယ်ခဲ့ပြီး သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်တာ သုတေသနတွေလုပ်ခွင့် ပေးခဲ့တာ။ ကျွန်တော်က ကံကောင်းလို့ နှစ်နှစ်နီးပါး လုပ်ပိုင်ခွင့် ရခဲ့တာဖြစ်တယ်။ ကျွန်တော်က အနောက်ဂျာမနီနိုင်ငံ နာမည်ကြီးတဲ့ Frankfurt မြို့ကြီးနားမှာရှိတဲ့ Marburg မြို့မှာရှိတဲ့ တက္ကသိုလ်မှာ သုတေသနလုပ်ခဲ့တယ်။ ဂျာမနီနိုင်ငံ ရဲ့ ထူးခြားချက်တစ်ခုက University City လို့ ခေါ်တဲ့ တက္ကသိုလ်မြို့တွေရှိခြင်း ဖြစ်တယ်။ တစ်မြို့လုံးဟာ တက္ကသိုလ် နဲ့ ပတ်သက်နေပြီး ဒီတက္ကသိုလ်အပေါ်မှာ အစစအရာရာ မှီခိုခဲ့ခြင်းဖြစ်တယ်။ တက္ကသိုလ်တက်နေတဲ့ ကျောင်းသား ကျောင်းသူဦးရေဟာလည်း မြို့ရဲ့ ၂၀ ရာခိုင်နှုန်းကျော်တာမို့ အစစအရာရာမှာ လွှမ်းမိုးနေခဲ့ပါတယ်။

### အခေါ်အဝေါ်အထားအသိုတွေနဲ့ ညှိနှိုင်းနေကြရ

ကျွန်တော်ရောက်တဲ့အချိန်မှာ ဂျာမနီနိုင်ငံဟာ နှစ်ခြမ်း ကွဲလျက်ရှိပါတယ်။ ဒီလိုဖြစ်ခဲ့တာလည်း ၁၉၄၅ ခုနှစ် ဒုတိယ ကမ္ဘာစစ်ကြီးပြီးချိန်ကပဲ ဖြစ်တယ်။ အောင်နိုင်တဲ့ အနောက် နိုင်ငံမဟာမိတ်တွေက အနောက်ခြမ်းကို သိမ်းပိုက်ပြီး ဆိုဗီ ယက် ရုရှားကတော့ အရှေ့ခြမ်းကို အုပ်ချုပ်ခဲ့တယ်။ အနောက် ဂျာမနီလို့ခေါ်ပြီး တရားဝင်တော့ ဖက်ဒရယ်ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံလို့ အမည်ပေးခဲ့တယ်။ အရှေ့ဂျာမနီကိုတော့ ဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံလို့ သတ်မှတ် ခဲ့တယ်။ ဖက်ဒရယ်နဲ့ ဒီမိုကရက်တစ် စကားနှစ်လုံးကို အရှေ့ အနောက်ပြောင်းပြီး နာမည်ပေးခဲ့ကြတာ။ ထူးခြားတာက ကျွန်တော်တို့နိုင်ငံမှာ ဒီစကားလုံးနှစ်လုံး အထားအသိုနဲ့ မေးခွန်းတွေ ထုတ်နေကြတယ်။ ဒီမိုကရက်တစ် ဖက်ဒရယ် ပြည်ထောင်စု၊ ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု။ ဒီ အခေါ်အဝေါ် အထားအသိုတွေနဲ့ ညှိနှိုင်းနေကြရတယ်။

ကျွန်တော်ကတော့ နှစ်ဖက်စလုံးရဲ့စေတနာ၊ စိုးရိမ်စိတ် တွေကို နားလည်ပါတယ်။ ကတ်သီးကတ်သတ် လုပ်နေတာ မဟုတ်ဘဲ အမှန်တကယ်ရင်ထဲက ဖြစ်နေတဲ့ခံစားမှုတွေကို အခြေခံတာပဲဖြစ်တယ်။ ကျွန်တော်ကတော့ ရလဒ်ကို အခြေခံ ပြီး စဉ်းစားတဲ့သူ။ အရေးကြီးတာက ကျွန်တော်တို့နိုင်ငံမှာ နှစ်ခုစလုံးရအောင် ကြိုးစားရမယ်။ နိုင်ငံရေးအရ ဒီမိုကရေစီ အလေ့အကျင့်ထွန်းကားဖို့ လိုသလို အုပ်ချုပ်ရေးအရ ဖက် ဒရယ်စနစ်နဲ့ စီမံနိုင်ဖို့အရေးကြီးလှပါတယ်။ တူညီတဲ့ဦးတည် ချက်ကို အခြေခံပြီး နားလည်ကြစေချင်တာပါပဲ။

### နံရံကြီးတစ်ခုတည်ဆောက်ခဲ့

အရှေ့ဂျာမနီနိုင်ငံမှာ ကွန်မြူနစ်စနစ်ကို အသုံးချခဲ့ပြီး အုပ်ချုပ်စီမံခဲ့တယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့ ကာလကစပြီး အစပိုင်းမှာ ဖွံ့ဖြိုးတိုးတက်မှုတွေရှိခဲ့ပေမယ့် တဖြည်းဖြည်း စီးပွားရေးအကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အနောက် ဂျာမနီနိုင်ငံကတော့ မဟာမိတ်တွေရဲ့ အထောက်အပံ့နဲ့ တဖြည်းဖြည်း တိုးတက်လာခဲ့တယ်။ ၁၉၈၀ ကာလပိုင်းမှာ ဂျာမနီ နိုင်ငံနှစ်ခြမ်းဟာ သိသိသာသာ ကွာခြားလာခဲ့တယ်။ ဒါကြောင့် စီးပွားရေး၊ နိုင်ငံရေးအကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ အရှေ့ ဂျာမနီက နိုင်ငံသားတွေဟာ အခြေအနေကောင်းနေတဲ့ အနောက်ဂျာမနီကို ထွက်ပြေးခဲ့ကြတယ်။ အခုထွက်ပြေး တာတွေကို တားဆီးဖို့အရှေ့ဂျာမနီနိုင်ငံ အစိုးရကနံရံကြီးတစ်ခု ကို တည်ဆောက်ခဲ့တယ်။ ဒီနံရံကြီးဟာ အနောက်ဂျာမနီက သူတွေ ကိုယ့်ဘက်ကူးလာတာအတွက် တားဆီးတာ မဟုတ်ဘဲ ကိုယ့်နိုင်ငံသားတွေ တစ်ဖက်နိုင်ငံမသွားအောင် ပိတ်ဆို့ဖို့ ဖြစ် တယ်။ နံရံကြီးရဲ့ အပေါ်မှာလည်း စက်သေနတ်တွေထားပြီး ထွက်ပြေးမယ့် မိမိပြည်သူတွေကို ပစ်ခတ်သတ်ပစ်ခဲ့ကြတယ်။ ဒီနံရံကြီးရဲ့အထူးခြားဆုံး အစိတ်အပိုင်းက ဂျာမနီနိုင်ငံနှစ်ခြမ်း စလုံးက အသိအမှတ်ပြုထားတဲ့ ဘာလင်မြို့မှာ ဖြစ်တယ်။ ဘာလင်မြို့တော်ကို အရှေ့ခြမ်းနဲ့အနောက်ခြမ်းဆိုပြီး ဒီနံရံကြီး က ပိုင်းခြားခဲ့တယ်။

> **"ဒီနံရံကြီးဟာ အနောက်ဂျာမနီက သူတွေ ကိုယ့်ဘက်ကူးလာတာအတွက် တားဆီးတာ မဟုတ်ဘဲ ကိုယ့်နိုင်ငံသားတွေ တစ်ဖက်နိုင်ငံမသွားအောင် ပိတ်ဆို့ဖို့ ဖြစ်တယ်။ နံရံကြီး ရဲ့ အပေါ်မှာလည်း စက်သေနတ်တွေထားပြီး ထွက်ပြေးမယ့် မိမိပြည်သူတွေကို ပစ်ခတ် သတ်ပစ်ခဲ့ကြတယ်။ ဒီနံရံကြီးရဲ့အထူးခြားဆုံး အစိတ်အပိုင်းက ဂျာမနီနိုင်ငံနှစ်ခြမ်း စလုံးက အသိအမှတ်ပြုထားတဲ့ ဘာလင်မြို့မှာ"**

### နံရံကြီးကို လူအားနဲ့ ဖျက်ဆီးခဲ့

၁၉၈၇နှစ် အနောက်ဂျာမနီမှာ တစ်နှစ်ကျော် သုတေသန လုပ်ခဲ့ပြီး ကျောင်းပိတ်ရက်တစ်လရခဲ့တယ်။ ဒီကျောင်းပိတ်ရက် အတွက် ကျွန်တော့်လိုပါရဂူဘွဲ့လွန်ဆုရထားတဲ့ ပညာရှင် ၂၀၀ ကျော်ကို အနောက်ဂျာမနီမှာရှိတဲ့ ထင်ရှားလှတဲ့မြို့တွေ၊ နေရာ တွေကို အနှံ့အပြားပို့ပေးခဲ့တယ်။ နောက်ဆုံးရောက်တဲ့နေရာ ကတော့ ဘာလင်မြို့တော်။ စောစောကပြောခဲ့သလို အနောက် ဘာလင်နဲ့ အရှေ့ဘာလင်ခွဲထားတော့ နှစ်ခြမ်းစလုံးကို ပို့ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်နဲ့ ပိုလန်နိုင်ငံက ဆရာတစ်ဦးကတော့ အရှေ့ဘာလင်ကို ဝင်ခွင့်မရခဲ့ဘူး။ ကိုင်ဆောင်ထားတဲ့ နိုင်ငံကူး လက်မှတ်ကိုကြည့်ပြီး ကူးခွင့်လည်းမပေးတာမို့ ကျွန်တော်တို့ နှစ်ယောက် အနောက်ဘာလင်မှာပဲ နေခဲ့ရတယ်။ ၁၉၈၉ ခုနှစ်မှာ အရှေ့ဂျာမနီမှာ လူထုအုံကြွမှုတွေကတစ်ဆင့် ဒီနံရံကြီးကို လူအားနဲ့ ဖျက်ဆီးခဲ့ပြီး အရှေ့ဂျာမနီနိုင်ငံဟာ ပျက်သုဉ်းခဲ့တယ်။ နောက်ဆုံးမှာတော့ နှစ်ခြမ်းပေါင်းခဲ့တယ်။ ပေါင်းပြီးချိန်မှာ ဂျာမနီပြည်ထောင်စုသမ္မတနိုင်ငံလို့ပဲ ခေါ်တော့တယ်။

ဖက်ဒရယ်တို့၊ ဒီမိုကရက်တစ်တို့မရှိတော့ဘူး။ ကျွန်တော်တို့ အတွက် စဉ်းစားစရာတစ်ခုပါ။ ဒုတိယအကြိမ် ဘာလင်မြို့ကို ရောက်တာက ၂၀၁၄ ခုနှစ် ရန်ကုန်မြို့ British Council ရဲ့ အစီအစဉ်နဲ့ လူမှုစီးပွားလုပ်ငန်းများ အလုပ်ရုံအစည်းအဝေးတက် ဖို့ နိုင်ငံပေါင်းစုံက ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့တာ။ သူတို့ နိုင်ငံမှာ ဆောင်ရွက်နေတဲ့ လူမှုစီးပွားရေးလုပ်ငန်းတွေကို လာရောက်ပြီး ရှင်းပြခဲ့ပါတယ်။ အစည်းအဝေးကာလအတွင်း မှာလည်း ဘာလင်မြို့မှာရှိတဲ့ လူမှုစီးပွားရေးလုပ်ငန်းတွေကို လေ့လာခွင့်ရခဲ့တယ်။ လူမှုစီးပွားရေးဆိုတဲ့ သဘောကို သိနား လည်ဖို့ လိုအပ်ပါတယ်။ အခြေခံကတော့ လူမှုရေးပြဿနာတွေ ကို လူမှုရေးနဲ့ ဖြေရှင်းတာမဟုတ်ဘဲ စီးပွားရေးချဉ်းကပ်မှုနဲ့ တုံ့ပြန်တာဖြစ်တယ်။ ဒါ့ကြောင့်လည်း ထူးခြားတဲ့အဖြေတွေ ရရှိခဲ့ပါတယ်။ နာမည်ကြီးလှတဲ့ လုပ်ငန်းတစ်ခုက (TOMS) အမှတ်တံဆိပ်ဖိနပ်ထုတ်လုပ်တဲ့ ကုမ္ပဏီဖြစ်တယ်။ ဒီတံဆိပ်ပါ တဲ့ ဖိနပ်တစ်ရံကို ဝယ်ယူရင်ကုမ္ပဏီက နောက်တစ်ရံကို မဝယ် ယူနိုင်တဲ့ ဆင်းရဲတဲ့ နိုင်ငံသားတစ်ဦးကို အလှူပေးပါတယ်။ အစည်းအဝေးမှာ လူမှုစီးပွားရေးတွေအကြောင်းပြောရင်း သမ ဝါယမလုပ်ငန်းတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။ အမှန်တော့ သမဝါယမဟာ လူမှုစီးပွားရေးလုပ်ငန်းသာ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ အခုအချိန်အထိ ခေတ် အဆက်ဆက်မှာ သမဝါယမနဲ့ ပတ်သက်လာရင် အလွဲသုံးစား တွေလုပ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ယခုအချိန်အထိ စစ်မှန်တဲ့ သမဝါယမလှုပ်ရှားမှု မပေါ်ပေါက်ခဲ့ဘဲ မှားယွင်းတဲ့ သမဝါယမ ပုံစံတွေ တည်ရှိခဲ့တယ်။ တည်ရှိနေတာဖြစ်တယ်။ စိတ်တူ၊ သဘောတူ ပူးပေါင်းဆောင်ရွက်မှုသာ ဖြစ်တယ်။ အစည်း အဝေးအပြီး ဘာလင်မြို့ကို လည်ပတ်ခွင့်ရခဲ့တယ်၊ မြို့တော်ကို အာဏာရှင် ဟစ်တလာက စနစ်တကျတည်ဆောက်ခဲ့တာ။ ပန်းခြံတွေ၊ ခန်းမကြီးတွေကို ခမ်းခမ်းနားနား ဖွင့်လှစ်ခဲ့တယ်။ အလွန်လှပသာယာလှတဲ့ မြို့တစ်မြို့ဖြစ်တယ်။ သွားရေးလာ ရေးကလည်း ဓာတ်ရထား၊ ဘတ်စ်ကားတွေနဲ့ အဆင်ပြေလှ တယ်။ မြို့ထဲမှာ ရုပ်တုတွေအပြည့်နဲ့ အဆောက်အုံတွေက လည်း ခမ်းနားလှတာ တွေ့ရတယ်။

### ပွဲရဲ့ရလဒ်က မကောင်းလှ

တတိယအကြိမ်မှာတော့ ရခိုင်အရေးနဲ့ ပတ်သက်လို့လာခဲ့ တာဖြစ်တယ်။ အမှန်တော့ စောစောပိုင်းက ပြုလုပ်တဲ့ပွဲကို တက်ဖို့ စဉ်းစားခဲ့တယ်။ ပွဲရဲ့အစီအစဉ်ကို သုံးသပ်တဲ့အခါမှာ တစ်ဖက်သတ်စွပ်စွဲမှုတွေ၊ အပြစ်တင်မှုတွေလုပ်ပြီး နိုင်ငံတော် ကို အပုပ်ချတဲ့ပွဲ။ ဒါ့ကြောင့်လည်း မျှမျှတတဖြစ်နိုင်အောင် ပွဲကိုတက်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် လက်မခံခဲ့ဘူး။ ကျွန်တော်တို့လာပြီး ပကတိအခြေအနေတွေ တင်ပြတာကို မနှစ်သက်လို့ ထင်ပါရဲ့။ လျှောက်လွှာနောက်ကျလို့ နေရာမရှိ တော့ဘူးဆိုပြီး ပယ်ချခဲ့တယ်။ ပွဲရဲ့ရလဒ်က မကောင်းလှပါ ဘူး။ ကိုယ့်စေတနာ ကိုယ်အကျိုးပေးတာ ဖြစ်တယ်ထင်ပါရဲ့။

ကျွန်တော်တို့ တက်ရတဲ့ပွဲက ဂျာမနီနိုင်ငံမှရှိတဲ့ Passau တက္ကသိုလ်ကျင်းပတဲ့ပွဲ။ နိုင်ငံတကာပညာရှင်တွေ တက်ရောက်လာခဲ့တယ်။ ဂျာမနီနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံ ရေးအဖွဲ့ကလည်း ပူးတွဲကြီးမှူးခဲ့တာ။ Passau တက္ကသိုလ်က ရန်ကုန်တက္ကသိုလ်နဲ့ မိတ်ဘက်တက္ကသိုလ်။ ဒီတက္ကသိုလ်က ဆရာ ဆရာမတွေက ရန်ကုန်တက္ကသိုလ်မှာ လာရောက်ပြီး သင်တန်းပို့ချပေးတာ။ ဒါကြောင့် ဆရာဆရာမတွေက မြန်မာ ပြည် အကြောင်းသိကြတယ်။ ဘာလင်မြို့မှာရှိတဲ့ တက္ကသိုလ် တစ်ခုမှ မြန်မာစာဌာနကို ဦးစီးနေတဲ့ ဆရာမကြီးလည်းပါ တယ်။ သူက ကျွန်တော်တို့အဖွဲ့ကို မြန်မာလိုပြောပြီး နှုတ်ဆက် တယ်။ ဆရာတစ်ဦးက ပြင်သစ်ပညာရှင်။ သူက ရခိုင်အရေးကို အသေးစိတ်သုတေသနလုပ်ခဲ့သူ။ မြန်မာပြည်ကို အကြိမ်ကြိမ် ရောက်တာ။

### လက်ရှိအခြေအနေတွေ တင်ပြခဲ့

ကျွန်တော်နဲ့အတူ အဖွဲ့ဝင် လေးဦးပါဝင်ကြတယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦး၊ အရပ်ဘက်လူ့အဖွဲ့အစည်းကိုယ်စားပြု တစ်ဦးနဲ့ပုဂ္ဂလိက တက္ကသိုလ်ကိုယ်စားပြုတစ်ဦး။ အစည်း အဝေးကို ခေါင်းစဉ်လေးရပ်ခွဲထားပြီး နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ တစ်နေကုန်ခဲ့တယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေက တက်တက်ကြွကြွပါဝင်ခဲ့ကြပြီး ကျွန်တော့်အနေနဲ့လိုအပ်တဲ့ နေရာမှာ လက်ရှိအခြေအနေတွေကို တင်ပြခဲ့ပါတယ်။ ပညာရှင် တွေဖြစ်တာမို့ နားလည်မှု၊ အမြင်ချင်းဖလှယ်မှုတွေကို လုပ်နိုင် ခဲ့တယ်။ အစွန်းတွေရှောင်ပြီး အမြင်တွေကို လွတ်လပ်စွာ မျှဝေနိုင်ခဲ့ကြတယ်။ ကျွန်တော့်ရဲ့အသိတရားတွေ တိုးပွားခဲ့ သလို ကျန်တဲ့သူတွေမှာလည်း နားလည်မှုတွေရခဲ့တယ်လို့ ယုံကြည်မိပါတယ်။

အစည်းအဝေးပြီးပြီးချင်း ဂျာမနီနိုင်ငံက မြန်မာသံအမတ် ကြီး ဒေါ်ယဉ်ယဉ်မြင့် ဧည့်ခံကျွေးမွေးတဲ့ညစာစားပွဲကို တက် ရောက်ခဲ့ပါတယ်။ သံအမတ်ကြီးက ဧည့်ဝတ်ကျေပွန်ပါတယ်။ ညစာကို စားပြီး လေယာဉ်ကွင်းကိုထွက်ခဲ့ကြတယ်။ မြန်မာ ပြည်ပြန်ဖို့ ဖြစ်ပါတယ်။ ။

---

## မဲဆန္ဒရှင်များစာရင်းပြုစုနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲ လဲချား၌ ကျင်းပ



**လဲချား ဧပြီ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချား မြို့နယ်၌ လစ်လပ်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာအတွက် ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်က အမှာစကားပြောကြားခဲ့ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းတင်က မြို့နယ်၌ လစ်လပ်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာတွင် ပြန်လည် ရွေးကောက်တင်မြှောက်နိုင်ရေးသည် မိမိတို့ မြို့နယ်အတွက် များစွာအရေးကြီးကြောင်း မြို့နယ်အတွက် သင့်တော်မည့် သူကို မှန်မှန်ကန်ကန်ရရှိအောင် ဝိုင်းဝန်းပြီး ဆောင်ရွက်ပေး ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က မဲဆန္ဒရှင် စာရင်းပြုစုနိုင်ရေးအတွက်အသေးစိတ် ရှင်းလင်းပြောကြား ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များ ကို အပြန်အလှန်ဆွေးနွေးမေးမြန်းခဲ့ကြပြီး မြို့နယ်ရွေး ကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကလည်း လိုအပ်သည်များ ကို ရှင်းလင်းပြောကြားခဲ့သည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

---

## ဆင်ရွာကြီး ဒက္ခိဏာရာမဝါဆိုကျောင်းတိုက် ဓမ္မစကူးလ်သင်တန်းဖွင့်

**ပုသိမ်ကြီး ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာ၊ ငြိမ်းချမ်းသာစံကျေးရွာ၊ နရဋ္ဌယျကျေးရွာ၊ နတ်စိမ်းကျေးရွာ၊ ကံသာကျေးရွာများတွင် နေထိုင်ကြသော ရင် သွေးငယ်လေးများအားရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုသိရှိနားလည်စေရန်နှင့် ဗုဒ္ဓ ဘာသာဝင်ကောင်းများဖြစ်စေရန် ရည်ရွယ်၍ "ဝါဆိုဝိဟာရ ဓမ္မစကူးလ်" ကျောင်းဖွင့် ပွဲကို ဧပြီလ ဒုတိယပတ်က ဆင်ရွာကြီးကျေးရွာ ဒက္ခိဏာရာမဝါဆိုကျောင်း မုခ်ဦးရှေ့ ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဆင်ရွာကြီးကျေးရွာ ဒက္ခိဏာရာမဝါဆိုကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တရာဇိန္ဒ၊ တာဝန်ခံဆရာတော် ဘဒ္ဒန္တတိက္ခနှင့် သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ၃၀၀ တက်ရောက်ကြသည်။ အစီအစဉ်အရ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသားသင်တန်းသူလေးများက ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ကြသည်။

ယခုဖွင့်လှစ်သော ဝါဆိုဝိဟာရ ဓမ္မစကူးလ်ကျောင်း၌ အပတ်စဉ် တနင်္ဂနွေ နေ့တိုင်း နံနက် ၉နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်း ကာလမှာ ၁၀ လတိတိဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

---

## တာချီလိတ်တွင် မှုခင်းအသိပညာပေး ဟောပြော

**တာချီလိတ် ဧပြီ ၂၂** - တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ယေဇူးရွှေနုလုံးတော်ဘုရားကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် နွေရာသီသင်တန်း၌ ဧပြီ ၂၀ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာ ပေးဟောပြောပွဲကျင်းပရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိပ်- ၁(တာချီလိတ်)မှ တပ်ဖွဲ့စိပ်မှူး ရဲမှူးရင်ရင်အေးက ကလေးသူငယ်အခွင့်အရေး (၄)ရပ်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအဓမ္မပြု ကျင့်ခံရသည့် ဖြစ်စဉ်များ၊ ရွှေ့ပြောင်းသွားလာခြင်းမှ လူမှောင်ခိုကာ ယင်းမှတစ်ဆင့် လူကုန်ကူးမှုဖြစ်ပွားတတ်ပုံစသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာနှင့် လူကုန်ကူးမှုအန္တရာယ်များအား အသိပညာပေးဟောပြောသည်။

ထို့နောက်ရဲအုပ်လှဘုန်းက မှုခင်းအသိပညာပေး Video Clip များ၊ ဖြစ်ပွားဖော်ထုတ်ခဲ့သော လူကုန်ကူးမှုခင်းများကို Crime Link Charge များဖြင့်ပြသကာ လူကုန်ကူးမှု အင်္ဂါရပ်သုံးခုဖြင့် ယှဉ်တွဲ ရှင်းလင်းဟောပြောသည်။ အဆိုပါဟောပြောပွဲသို့ အာခါတိုင်းရင်းသားလူငယ်မောင်မယ် ၁၈၅ဦးတက်ရောက်ကြကာ သိရှိလိုသည်များအား မေးမြန်းကြရာ ရဲမှူး ရင်ရင်အေးနှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ကော့သောင်းမြို့တွင် အပူချိန် မြင့်တက်မှုဒဏ်ကို သိသာစွာခံစားလာနေရ



**ကော့သောင်း ဧပြီ ၂၂**
ပင်လယ်နှင့် ကပ်နေသောကြောင့် ယခင်က ရာသီဥတုကောင်းမွန်မှုတခဲ့သည့် မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့တွင် ယခု ၂၀၁၈ ခုနှစ် ဧပြီလ တတိယပတ်အတွင်း ယခင်နှစ်များနှင့်မတူဘဲ လွန်ကဲသည့်အပူဒဏ်ကို မြို့နေပြည်သူများ ခံစားလာနေရကြောင်း သိရသည်။

ယခုနှစ် ဧပြီလအတွင်း တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးသည် ယခင်နှစ်များ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုလျက်ရှိပြီး ပိုမိုပူပြင်းလာသည့် အနေအထား ဖြစ်လျက်ရှိကာ ကော့သောင်းမြို့၏အပူချိန်မှာလည်း ယခင်နှစ်များထက် ပိုမိုမြင့်တက်ပြီး ရာသီဥတုပူပြင်းလာမှုကို သိသိသာသာ ခံစားနေရကြောင်း မြို့ခံပြည်သူများက ပြောကြသည်။

အပူချိန် မြင့်တက်လာခြင်းနှင့်အတူ နေရောင်ခြည်တွင်ပါဝင်သည့် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းသည် (၈)အထက်ကို ကျော်လွန်လာပါက လူသားများအတွက် ကျန်းမာရေး အန္တရာယ်များဖြစ်သည့် အသားနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ မျက်စိအမြင်အာရုံထိခိုက်ခြင်းတို့မှစ၍ DNA ထိခိုက်မှုကြောင့် သားသမီးမရနိုင်ခြင်း စသည့် အန္တရာယ်များအထိ ကျရောက်နိုင်သဖြင့် ကြိုတင်ကာကွယ်ရန်လည်း ဒေသတာဝန်ရှိအဖွဲ့အစည်းများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနက မြို့နေပြည်သူများအား အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

နှိုးဆော်ချက်များအဖြစ် နေပူသည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအချိန်အတွင်း သွားလာခြင်းကို ရှောင်ကြဉ်ရေး၊ ပြည်သူများ စားဝတ်နေရေးအလို့ငှာ နေရောင်ထဲတွင် သွားလာရမည်ဆိုပါက SPF 15+ ပါဝင်သော လိမ်းဆေးများလိမ်းကြရေး၊ ခန္ဓာကိုယ်ကို လုံခြုံသည့် အဝတ်အစားများ ဝတ်ဆင်ကာ ဦးထုပ်၊ ထီးများ ဆောင်းကြရေး၊ ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်များ တပ်ဆင်သွားလာကြရေး၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများသည် အပူဒဏ်၏ ဆိုးကျိုးကို သာမန်လူများထက် ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးသတိပြုကြရေး၊ အပူချိန် မြင့်မားမှုကြောင့် ခန္ဓာကိုယ်တွင်းမှ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် ရေနှင့် ဓာတ်ဆားရည်(ORS)ကို လုံလောက်စွာ သောက်သုံးရေး၊ မိတ်နှင့်ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ ဆောင်ရွက်ရေး စသည့်အချက်များကို အသိပေးထားသည်။

ကမ္ဘာကြီး၏ ဂေဟစနစ်ပျက်ယွင်းလာမှု၊ သဘာဝသစ်တောများ ပြုန်းတီးလာမှု၊ စက်ရုံအလုပ်ရုံများစွာ၏ ဘေးထွက် ဆိုးကျိုးများ စသည့် လူသားတို့၏ ပယောဂ အကြောင်းတရားများစွာကြောင့် အိုဇုန်းလွှာပျက်စီးလာမှုနှင့်အတူ ခရမ်းလွန်ရောင်ခြည်သင့်ရောက်မှု များလာခြင်းကြောင့် လူသားတို့အပေါ် ဆိုးကျိုးအမျိုးမျိုး သက်ရောက်လာမှုအဖြစ် ယခင်က ရာသီဥတု အပူအအေး မျှတခဲ့သော တနင်္သာရီတိုင်းဒေသကြီးတွင် အပူချိန် မြင့်တက်မှုဒဏ်ကို သိသာစွာ ခံစားလာရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားလျက်ရှိသည်။

**ကျော်စိုး(ကော့သောင်း)**



## စလင်းတွင် (၃၇) ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပ

**စလင်း ဧပြီ ၂၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့မြတ်ရတနာ ဓမ္မာရုံတွင် (၃၇) ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို နှစ်ဆန်း ၁ ရက်နေ့မှစတင်၍ ကျင်းပလျက်ရှိပြီး ခုနစ်ရက်တိုင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

နှစ်ဆန်း ၁ ရက် ညနေပိုင်းက သံဃာတော်များသည် မော်တော်ယာဉ်များဖြင့် စလင်းမြို့ပေါ် ရပ်ကွက်ခြောက်ခုသို့ လှည့်လည်၍ ပရိတ်တော်များရွတ်ဖတ်ကြရာ အဆိုပါ သံဃာတော်များအား ဒေသခံပြည်သူများက အချိုရည်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရပ်ကွက်အလိုက် ကုသိုလ်ပြုကြသည်။ ထို့နောက် မြတ်ရတနာဓမ္မာရုံ၌ ခုနစ်ရက်တိုင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဆက်လက်ကျင်းပပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်လျက်ရှိရာ နှစ်စဉ်တာဝန်ယူထားသော ဆွမ်းဒကာ ဒကာမများက သံဃာတော်များအား ပဋ္ဌာန်းတောင်းများနှင့် နေ့စဉ် အာရုံဆွမ်း နေ့ဆွမ်းများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## သတင်းတိုများ

### အဆင့်မြင့်ရွှေဈေးကွက်ဖော်ဆောင်ရေးစီမံချက်အကြောင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ရွှေလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မည့် အဆင့်မြင့်ရွှေဈေးကွက်ဖော်ဆောင်ရေး စီမံချက်နှင့်ပတ်သက်၍ ဆွေးနွေးပွဲကို ဧပြီ ၁၈ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဆင့်မြင့်ရွှေဈေးကွက်ဖော်ဆောင်ရေး စီမံချက်များအကြောင်းကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံ၌ အင်္ဂလိပ်အစိုးရ လက်ထက်ကပင် မြန်မာ့ရွှေဈေးကွက်ကို စတင်ခဲ့ရာ ယခုအခါ ခေတ်နှင့်အညီ စတော့ရွှေဈေးကွက် ပေါ်ထွက်လာစေရေးအတွက် လက်ရှိရောင်းဝယ်နေသည့် အခြင်အတွယ်ဖြစ်သော ကျပ်သားမှ ဂရမ် ပေါင် အခြင်အတွယ်များဖြင့် ပြောင်းလဲရောင်းဝယ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **တင်မောင်**

### သနပ်ပင်၌ ကမ်းပြိုမှုကာကွယ်ရေးဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှု

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကပင်ကျေးရွာတွင် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေမှု အခြေအနေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမိုးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် ဌာနဆိုင်တာဝန်ရှိသူများက ဧပြီ ၂၀ရက်က သွားရောက်ကြည့်ရှုခဲ့ပြီး ကျေးရွာနေပြည်သူများက မြစ်ရေဆက်လက်တိုက်စားလာပါက နေထိုင်ရေးအခက်အခဲများ၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှု အခက်အခဲများ၊ ကျွဲ၊ နွား အစရှိသည့် တိရစ္ဆာန်များ၏ စားကျက်မြေများ ပျက်စီးဆုံးရှုံးမည့် အခက်အခဲများကို တင်ပြခဲ့ကြကာ လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် ကမာစဲ-ရစ်ကံလေး ကျေးရွာချင်းဆက်ဂဝံလမ်းခင်းနေမှုနှင့် ရစ်ကံလေးကျေးရွာရှိ သဘာဝဘေးဆိုင်ရာကယ်ဆယ်ရေးစခန်း တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

**လှမိုး(ပြန်/ဆက်)**

# မိုးညှင်းမြို့ ပုညရှင်စက္ခုပါလ မျက်စိကုဆေးရုံ၌ မျက်စိရောဂါဝေဒနာရှင်များအား ကုသပေး

**မိုးညှင်း ဧပြီ ၂၂**
ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင် ပြည်သူများအား အခမဲ့ မျက်စိစမ်းသပ်ကုသပေးခြင်းများကို မိုးညှင်းမြို့ရှိ ပုညရှင်တောရအပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာအတွင်း တည်ဆောက်လျက်ရှိသည့် ပုညရှင် စက္ခုပါလ မျက်စိကုဆေးရုံ၌ ဧပြီ ၂၀ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျက်စိစမ်းသပ်ကုသပေးခြင်းကို ဆရာတော်ဒေါက်တာအရှင်ကစ္စာယန(ဩစတြေးလျ)၏ ဦးဆောင်မှုဖြင့် ချယ်ရီမေတ္တာဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများက ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဧပြီ ၁၇ ရက်မှစ၍ စာရင်းပေးသွင်းခြင်းကို လက်ခံခဲ့ရာ ဧပြီ ၂၀ ရက်အထိ စမ်းသပ်ကုသမှုခံယူရန် လူနာ ၂၀၀၀ ကျော် စာရင်းပေးသွင်းခဲ့ကြောင်း သိရသည်။

မျက်စိစမ်းသပ်ခြင်းလုပ်ငန်းဆိုင်ရာ တွဲဘက်အကျိုးတော်ဆောင် ဒေါက်တာအောင်ထိန်လင်းက “ဒီနေ့အထိ စာရင်းပေးသွင်းထားတာ ၂၀၀၀ ကျော်သွားပြီ၊ စမ်းသပ်ကုသဖို့ ဆက်လက်စာရင်းပေးသွင်းနိုင်တယ်၊ စမ်းသပ်ကုသဖို့ ၃၀၀၀ လောက် မှန်းထားတယ်၊ မျက်စိစမ်းသပ်မှာက သုံးရက်ကြာမယ်”ဟု ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။



မျက်စိစမ်းသပ်ကုသပေးခြင်းလုပ်ငန်းများ အဆင်ပြေစေရန်အတွက် မိုးညှင်းမြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အကျိုးတော်ဆောင်အဖွဲ့များကလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ချယ်ရီမေတ္တာဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများသည် မြန်မာတစ်နိုင်ငံလုံးသို့ လှည့်လည်၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေသည်မှာ ယခု မိုးညှင်းမြို့၌ မျက်စိကုပေးခြင်း အပါအဝင် (၂၄)ကြိမ်မြောက်ဖြစ်ပြီး မိုးညှင်းမြို့နယ်အတွင်း မျက်စိဝေဒနာများ ကုသပေးခြင်းမှာ ဒုတိယအကြိမ်လာရောက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ယခုရက်ပိုင်းအတွင်း ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးလာရောက်သူ များလာ

**ကျောက်ပန်းတောင်း ဧပြီ ၂၂**
ယခုအချိန်သည် အခြေခံပညာနှင့် တက္ကသိုလ် ကျောင်းသားကျောင်းသူများ စာမေးပွဲဖြေဆိုပြီးနေချိန်ဖြစ်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးလာရောက်ကြသူများ တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိသလို ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမှာလည်း ယခင်ထက် ပိုများလာလျက်ရှိကြောင်း ပုပ္ပားတောင်ချစ်သူများအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းဆွေနှင့် ဒေသခံ ဈေးသည်များ၏ ပြောကြားချက်အရ သိရသည်။

တောင်ကလပ်သို့ ဘုရားဖူးအလာများသဖြင့် ဘုရားစောင်းတန်းတစ်လျှောက်မှ ဈေးဆိုင်ခန်းများနှင့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ဘုရားပန်း ရောင်းချသည့် ပန်းသည်များ၊ ဆေးမြစ်ရောင်းသည့် ဈေးသည်များ၊ မျောက်စာရောင်းသည့် ဈေးသည်များ၊ ပုပ္ပားတောင်ကလပ်ရောက် အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင် ဝယ်ယူသူများပြားကာ ဈေးသည်များမှာ အဆင်ပြေလျက်ရှိကြောင်း တောင်ကလပ်တွင် ဈေးရောင်းနေသည့် ဈေးသည်များက ပြောသည်။

ပုပ္ပားတောင်ကလပ် အောက်ခြေတွင် စားသောက်ဆိုင်ဖွင့်ထားသည့် ဒေသခံတစ်ဦးက “အခုရက်ပိုင်းမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးလာတဲ့သူတွေ အတော်များတယ်၊ ဘုရားဖူးလာကြတဲ့သူတွေက ညအိပ်ရပ်နားကြပြီး ညနေပိုင်းမှ အေးအေးဆေးဆေး တက်ရောက်ဘုရားဖူးကြတယ်၊ ဘုရားဖူးများလာရောက်သူ များပြားတဲ့အတွက် ဆိုင်ကယ်ကယ်ရီသမားတွေရော၊ ဈေးသည်တွေရော ဈေးရောင်းလို့အဆင်ပြေနေပါတယ်”ဟု ပြောသည်။

**ကိုထိန်(ငါ့သရောက်)**



# တရားစီရင်ရေး ကျင့်ဝတ်မှ

**နှစ်သစ်မင်္ဂလာအခါသမယ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်ဆန်း ၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ဤသို့ ပါရှိပါသည်။**

**ဦးတင်ဝင်း (ကော်မရှင်)**

**“ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ဖို့ ပြည်ထောင်စု တရားသူကြီးချုပ်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားသူကြီးများနှင့် တွေ့ဆုံပြီး တရားရုံးအသီးသီးအား တရားသူကြီး အဆင့်ဆင့်က တာဝန်ယူမှု တာဝန်ခံမှုများဖြင့် ကြီးကြပ်ကွပ်ကဲကြရန် ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နဲ့ တရားဥပဒေစိုးမိုးရေး စင်တာတွေဟာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါတယ်။ ဘက်မလိုက်တဲ့၊ လွတ်လပ်တဲ့ တရားမျှတမှုနဲ့ ဆင်ခြင်တုံတရားကို ချိန်ခွင်လျှာ ထိန်းညှိနိုင်တဲ့ တရားစီရင်ရေး မဏ္ဍိုင်ဖြစ်အောင် ကြိုးပမ်းရပါလိမ့်မယ်။ ဥပဒေ၏ရှေ့မှောက်တွင် အားလုံး အညီအမျှဖြစ်ရေး၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ရပါမယ်”**

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ဟု ဆိုအပ်သည့် အထက်ပါ နှုတ်ခွန်းဆက်သမှုနှင့် ဆက်စပ်လေ့လာမိသော တရားစီရင်ရေး ကျင့်ဝတ်အကြောင်းကို အကျဉ်းတင်ပြလိုပါသည်။

**မူကြမ်းမှကျင့်ဝတ်သို့**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကျင့်ဝတ်စည်းကမ်းများ ပြန်လည်သုံးသပ်ရေးကော်မတီ၏ ဦးဆောင်မှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများ၏ စုပေါင်းကြိုးပမ်းအားထုတ်မှုဖြင့် ကျင့်ဝတ်မူကြမ်းကို စတင်အခြေတည်၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးပေးမှုများ ပေါင်းစပ်ကာ မြန်မာနိုင်ငံတရားသူကြီးများအတွက် အပြည်ပြည်ဆိုင်ရာ စံနှုန်းနှင့်ညီညွတ်သော တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်ကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့က ထုတ်ပြန်နိုင်ခဲ့ပါသည်။

**ကျင့်ဝတ်နှင့်တရားသူကြီး**

ကျင့်ဝတ်ဟူသည် လိုက်နာစောင့်ထိန်းရသော ကိုယ်ကျင့်တရားဖြစ်ပါသည်။ လုပ်ငန်းတာဝန်တစ်ခု ဆောင်ရွက်ရာတွင် မိမိထားရှိရမည့် စိတ်နေစိတ်ထား၊ ဆောင်ရန်ရှောင်ရန်များကို သတ်သတ်မှတ်မှတ် ဖော်ပြပါသည်။ ဤသည်မှာ ကျင့်ဝတ်ဖြစ်ပါသည်။ ကျင့်ဝတ်ထားရှိခြင်းဖြင့် မိမိလုပ်ငန်းကို တာဝန်သိသိ၊ သစ္စာရှိရှိ ပြည့်ဝသော သဘောထားဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

တရားသူကြီးများသည် တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် သာတူညီမျှရှိရပြီး ဘက်လိုက်မှုကင်းရှင်းသည့် တရားစီရင်ရေးကို ဦးတည်ဆောင်ရွက်ကြသူများ ဖြစ်ကြပါသည်။ တရားစီရင်ရေးကျင့်ဝတ်၊ တစ်နည်းအားဖြင့် တရားသူကြီးများကျင့်ဝတ်အတိုင်း လိုက်နာဆောင်ရွက်ကြရပါသည်။

တရားစီရင်ရေးကျင့်ဝတ်တွင် အခြေခံမူ ခြောက်ချက် ပါဝင်ပါသည်-

**လွတ်လပ်မှု**

တရားစီရင်ရေးလွတ်လပ်မှုသည် တရားဥပဒေစိုးမိုးရေးတွင် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ မျှတသော တရားစီရင်မှု၏ အဓိကအာမခံချက်လည်း ဖြစ်ပါသည်။

ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ခြင်းသည် တရားစီရင်ရေးမူဖြစ်ရာ တရားသူကြီးများသည် မိမိတာဝန်နှင့် မသက်ဆိုင်သော လွှမ်းမိုးမှု၊ မက်လုံးပေးမှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှုနှင့် စွက်ဖက်မှုတို့မှ ကင်းရှင်းရပါသည်။ ဥပဒေကို ကောင်းစွာနားလည်ပြီး အချက်အလက်အမှန်များအပေါ် မိမိ၏ချင့်ချိန်သုံးသပ်မှုကို အခြေခံ၍ လွတ်လပ်စွာဆောင်ရွက်ရပါသည်။

ထို့အပြင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ မိမိအပေါ် အထူးသြဇာအာဏာရှိသူ၊ တရားရေး ဆိုင်ရာ လုပ်ဖော်ကိုင်ဖက်၊ မိမိ မိသားစု သို့မဟုတ် အခြားဆက်ဆံမှုရှိသူတို့၏ မလျော်ကန်သော လွှမ်းမိုးမှုကို လက်မခံဘဲ လွတ်လပ်စွာစီရင်ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

တရားသူကြီးများသည် မိမိ သို့မဟုတ် အခြားသူ အကျိုးစီးပွား တိုးတက်စေရန် ရည်ရွယ်၍ မိမိရာထူးဂုဏ်ဒြပ်ကို အသုံးပြုခွင့်မရှိပါ။ အသုံးပြုခွင့်လည်း မပေးရပါ။ တာဝန်ထမ်းဆောင်ရာတွင် လွတ်လပ်စွာတရားစီရင်ရေးမူကို ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်ရန် အားပေးရပါမည်။ ကာကွယ်စောင့်ရှောက်ရပါမည်။

**“တရားစီရင်ရေးလုပ်ငန်း တာဝန်ဆောင်ရွက်ရာတွင် သမာသမတ်ကျမှုသည် မရှိမဖြစ် အရေးပါပါသည်။ အမှုစစ်ဆေးဆုံးဖြတ်ခြင်းတစ်ခုလုံး သမာသမတ်ကျရန် လိုအပ်ပါသည်။ တရားသူကြီးများသည် မျက်နှာသာပေးခြင်း၊ ဘက်လိုက်ခြင်းနှင့် အဂတိတရားဖြင့် မလိုမုန်းထားခြင်းမှ ကင်းရှင်းစွာ စီရင်ရပါမည်။ ပြည်သူများ၏ ယုံကြည်အားထားမှုကို မြှင့်တင်ရန် သမာသမတ်ကျစွာ ဆောင်ရွက်ကြောင်း ပေါ်လွင်ထင်ရှားစေ”**

**သာတူညီမျှရှိမှု**

တရားစီရင်ရေးလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် တရားရုံးရှေ့မှောက်၌ လူတိုင်းအပေါ် သာတူညီမျှမှုရှိခြင်းသည် မရှိမဖြစ် လိုအပ်ပါသည်။

သာတူညီမျှမှုရှိခြင်း၏လိုအပ်ချက်မှာ လူတိုင်းအပေါ် မမျှတသော ခွဲခြားဆက်ဆံမှုမရှိဘဲ လျော်ကန်သင့်မြတ်သော စဉ်းစားဆင်ခြင်တွေးခေါ်မှု၊ နားလည်မှုတို့ဖြင့် တရားစီရင်ခြင်း ဖြစ်ပါသည်။ တရားသူကြီးသည် တရားစီရင်ရေးတာဝန်ကို ကြောက်ရွံ့ပူပန်ခြင်း၊ မျက်နှာသာပေးခြင်းနှင့် မလိုမုန်းထားခြင်းတို့မရှိဘဲ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တရားသူကြီးများသည် မိမိကြီးကြပ်လမ်းညွှန်မှုအောက်ရှိ တရားသူကြီး၊ ရုံးဝန်ထမ်းနှင့် အခြားသူများက မဆီလျော်သော အကြောင်းပြချက်ဖြင့် သက်ဆိုင်သူများအား ခွဲခြားဆက်ဆံခြင်းကို သိလျက်နှင့်ခွင့်မပြုရပါ။ ထို့အတူ ရှေ့နေ၊ အမှုသည်၊ သက်သေ အပါအဝင် အမှုနှင့်ဆက်နွှယ်သူများ အားလုံးကို တန်းတူညီမျှ ဆက်ဆံမှုသာ သာတူညီမျှမှု ရှိမည်ဖြစ်ပါသည်။

**စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု**

ဤမူသည် တရားစီရင်ရေး တာဝန်ထမ်းဆောင်ရာတွင် အခြေခံလိုအပ်ချက် ဖြစ်ပါသည်။

တရားသူကြီးသည် မိမိလုပ်ငန်း တာဝန်အားလုံးအပေါ် အချိန်၊ စွမ်းအားစသည်တို့ကို လုံးလုံးလျားလျား ပေးအပ်မြှုပ်နှံဆောင်ရွက်သင့်ပြီး လုံ့လဝီရိယစိုက်ထုတ်၍လည်း ဆောင်ရွက်ရပါမည်။ တာဝန်ထမ်းဆောင်ရာတွင် အချိန်မှန်ခြင်း၊ ကျင့်ထုံးလိုက်နာခြင်းနှင့် နှောင့်နှေးမှုရှောင်ရှားခြင်းတို့ကို အထူးစွဲမြဲခံယူသင့်ပါသည်။ စီရင်ချက်ချမှတ်ခြင်း အပါအဝင် တရားစီရင်ရေးလုပ်ငန်းများကို သင့်တော်သော အချိန်အတွင်း ကျွမ်းကျင်မှုတစွာ ဆောင်ရွက်ရပါမည်။ အမှုများကို စနစ်တကျ ထိန်းသိမ်းရပါမည်။

ထို့မျှသာမက တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ပျိုးထောင်သည့် သင်တန်းများနှင့် အခြား အခွင့်အလမ်းများကို လေ့လာဆည်းပူး၍ အသိပညာ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် ကိုယ်ပိုင်အရည်အချင်းများ တိုးတက်မြင့်မားစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**သမာသမတ်ကျမှု**

တရားစီရင်ရေးလုပ်ငန်း တာဝန်ဆောင်ရွက်ရာတွင် သမာသမတ်ကျမှုသည် မရှိမဖြစ် အရေးပါပါသည်။ အမှုစစ်ဆေးဆုံးဖြတ်ခြင်းတစ်ခုလုံး သမာသမတ်ကျရန် လိုအပ်ပါသည်။

တရားသူကြီးများသည် မျက်နှာသာပေးခြင်း၊ ဘက်လိုက်ခြင်းနှင့် အဂတိတရားဖြင့် မလိုမုန်းထားခြင်းမှ ကင်းရှင်းစွာ စီရင်ရပါမည်။ ပြည်သူများ၏ ယုံကြည်အားထားမှုကို မြှင့်တင်ရန် သမာသမတ်ကျစွာ ဆောင်ရွက်ကြောင်း ပေါ်လွင်ထင်ရှားစေရပါမည်။

အမှု၏ရလဒ်နှင့်မျှတသည့် စစ်ဆေးစီရင်မှုလုပ်ငန်းစဉ်အား ထိခိုက်စေနိုင်သည့် ထင်မြင် သုံးသပ်ချက်များကို တရားသူကြီးသည် သိလျက်နှင့် မပေးရပါ။ အငြင်းပွားဖွယ်ရာ သက်သေခံအချက်အလက်များကို ကိုယ်တိုင်သိရှိခြင်း၊ အငြင်းပွားမှု ရလဒ်အပေါ်တွင် ပုဂ္ဂိုလ်ရေးအရ အကျိုးအမြတ်ရှိခြင်း၊ အမှုသည်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ပတ်သက်မှုရှိခြင်း သို့မဟုတ် မိမိဇနီး၊ ခင်ပွန်း၊ သားသမီးသည် အမှု၏ရလဒ်အပေါ် အကျိုးသက်ဆိုင်သူဖြစ်ခြင်းစသည့်အခြေအနေမျိုး ပေါ်ပေါက်လျှင် တရားသူကြီးသည် အမှုကိုဆုံးဖြတ်ရန် အရည်အချင်းပျက်ယွင်းသည်ဖြစ်၍ ယင်းအမှုကို ဆက်လက်စစ်ဆေးခြင်း မပြုရပါ။

သို့ရာတွင် ပေါ်ပေါက်သောအကြောင်းကိစ္စသည် အငြင်းပွားမှုဖြစ်နိုင်ခြေနည်းသော အသေးအဖွဲ့ကိစ္စဖြစ်ကြောင်း သို့မဟုတ် အမှုကိုဆုံးဖြတ်ရန် အရည်အချင်း ပျက်ယွင်းနိုင်ခြေရှိသော အချက်အလက်များကို အထောက်အကူမပြုကြောင်း မြင်သာလျှင် အရည်အချင်းပျက်ယွင်းသည်ဟု မှတ်ယူရန်သင့်မည် မဟုတ်ပါ။

**ဖြောင့်မတ်တည်ကြည်မှု**

ဤအခြေခံမူမှာလည်း မှန်ကန်သော တရားစီရင်ရေးအတွက် မရှိမဖြစ် လိုအပ်ပါသည်။

ဖြောင့်မတ်တည်ကြည်မှုအတွက် လိုအပ်ချက်တစ်ရပ်မှာ အကြောင်းအကျိုး လေ့လာသုံးသပ်တတ်သူ၏အမြင်တွင် တရားသူကြီး၏ ပြုမူဆောင်ရွက်ချက်သည် အပြစ်ဆိုစရာမရှိအောင် သေချာမှု ရှိရမည်ဆိုသည့်အချက် ဖြစ်ပါသည်။ ထို့အပြင် ယင်းပြုမူဆောင်ရွက်ချက်သည် တရားစီရင်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုအပေါ် ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ရရှိရန် ထပ်လောင်း၊ အတည်ပြုခြင်း ဖြစ်စေရမည်ဆိုသည့် အချက်လည်း ပါဝင်ပါသည်။

သို့ဖြစ်ရာ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်ကိုစီရင်ကြောင်း အများမြင်စေရမည် ဖြစ်ပါသည်။

**ဂုဏ်သိက္ခာရှိမှု**

ဂုဏ်သိက္ခာရှိမှုနှင့် ဂုဏ်သိက္ခာရှိမှုကို ပေါ်လွင်စေခြင်းသည် တရားသူကြီး၏ လုပ်ဆောင်မှုတိုင်းအတွက် မရှိမဖြစ် လိုအပ်ပါသည်။

တရားသူကြီးသည် ဂုဏ်သိက္ခာရှိမှုအတွက် မိမိ၏တာဝန်နှင့် အထူးအခွင့်အရေးမှ အကျိုးအမြတ်ရယူခံစားခွင့်မရှိပါ။ အမှုနှင့် သက်ဆိုင်သူများထံမှ ဖျော်ဖြေမှု၊ ငွေ၊ လက်ဆောင် သို့မဟုတ် အခြားအရာကို လက်ခံရယူခွင့်မရှိပါ။ စီးပွားရေးဆိုင်ရာလုပ်ငန်းများ လုပ်ခွင့်မရှိပါ။ လူပုဂ္ဂိုလ်အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏ ဥပဒေအကြံပေးဖြစ်စေ၊ ရှေ့နေဖြစ်စေ လုပ်ခွင့်မရှိပါ။

မိမိကျင့်ဝတ်နှင့် ဝန်ထမ်းကျင့်ဝတ်ကို တရားသူကြီးများ လိုက်နာရပါမည်။ ကျင့်ဝတ်နှစ်ခု ဝိရောဓိဖြစ်ပါက တရားသူကြီး ကျင့်ဝတ်ကို လိုက်နာရပါမည်။

သင့်တင့်သော ဉာဏ်ပညာအမြော်အမြင်ရှိသူ တစ်ဦးဦးက တရားသူကြီးသည် နိုင်ငံရေးလုပ်နေသည်ဟု ထင်မြင်စေသော အပြုအမူမျိုးကို ရှောင်ကြဉ်သင့်ပါသည်။ အလားတူပင် မိမိ မိသားစုဝင်များ၏ နိုင်ငံရေးလှုပ်ရှားမှုသည် တရားသူကြီး၏ သမာသမတ်ကျမှုကို ပြည်သူများအမြင်တွင် မှားယွင်းစွာ သို့မဟုတ် ဆန့်ကျင်စွာ အကျိုးသက်ရောက်စေနိုင်ကြောင်း နားလည်သဘောပေါက်သင့်ပါသည်။

တရားသူကြီးများသည် ဆောင်ရန်အဖြစ် အမှုသည်၊ သက်သေ၊ ရှေ့နေ၊ ဥပဒေအရ ကိုယ်စားပြုသူနှင့် ရုံးဝန်ထမ်းအပြင် တရားရုံးနှင့် ဆက်ဆံနေကြသူများကို စိတ်ရှည်သည်းခံ၍ သိက္ခာရှိရှိနှင့် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံရပါမည်။ ရှောင်ရန်အဖြစ် မိမိမိသားစုနှင့် ဆွေမျိုးသားချင်းတို့ အမှုသည်အဖြစ်ပါဝင်သည့်အမှုကို စစ်ဆေးစီရင်ခြင်း မပြုရပါ။ ထို့အပြင် မိမိရုံးတွင် လိုက်ပါသော ရှေ့နေရှေ့ရပ်၊ ဥပဒေအရာရှိနှင့် အခြားသက်ဆိုင်သူများကို ပုဂ္ဂိုလ်ရေးဆက်ဆံမှု မပြုရပါ။ ခြုံ၍ဆိုရလျှင် အမှု၏ရလဒ်ကို ထိခိုက်စေမည့် မသင့်လျော်သော ဆက်သွယ်ခြင်းကိုဖြစ်စေ၊ ချိတ်ဆက်ခြင်းကိုဖြစ်စေ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မပြုလုပ်ရပါ။

သို့ရာတွင် တရားသူကြီးများသည် တရားရုံး၏ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း၊ မိမိလုပ်ငန်းတာဝန်ကို လွှမ်းမိုးခြင်း၊ သမာသမတ်ကျမှုကို ထိခိုက်ခြင်းမရှိသရွေ့ တရားစီရင်ရေးနှင့် မသက်ဆိုင်သော ပြင်ပလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။ တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များကို ပြောဆို၊ ရေးသား၊ ပို့ချ၊ သင်ကြားခြင်း၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် အစိုးရဌာနတို့နှင့်ပူးပေါင်း၍ အကြံပြုခြင်း၊ အများပြည်သူဆိုင်ရာ နေရာသို့သွားရောက်ခြင်း ပြုနိုင်ပါသည်။ ဥပဒေရေးရာနှင့်ဆက်စပ်သော အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နိုင်ပါသည်။

သို့ဖြစ်ရာ တရားသူကြီးများသည် ဂုဏ်သိက္ခာမဲ့ အပြုအမူအားလုံးကိုရှောင်ပြီး ကောင်းမွန်သော အပြုအမူအားလုံးကို ဆောင်ခြင်းဖြင့် ပြည်သူများ၏ ယုံကြည်မှုကို ရယူရန်ဖြစ်ပါသည်။

တရားစီရင်ရေးကျင့်ဝတ် သို့မဟုတ် တရားသူကြီးများကျင့်ဝတ်ကို တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများ အထူးလေးစားလိုက်နာရန် လိုအပ်ပါသည်။ သို့မှသာ တရားစီရင်ရေးကဏ္ဍနှင့် ဆက်စပ်ပါဝင်သူအားလုံးက တရားစီရင်ရေးအပေါ် ပိုမိုနားလည်လာပြီး လိုအပ်သော ပံ့ပိုးမှုများ ပြုခြင်းဖြင့် တရားစီရင်ရေးအပေါ် ပြည်သူများယုံကြည်အားကိုးမှုနှင့် တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှုလည်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မည်ဖြစ်ကြောင်း အချုပ်အားဖြင့် တင်ပြအပ်ပါသည်။ ။



## လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**လဲချား ဧပြီ ၂၂**

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်နှင့်အဖွဲ့သည် ဧပြီ ၁၇ ရက် ညနေ ၄နာရီခွဲက တိုက်ခတ်ခဲ့သောလေပြင်းကြောင့် နေအိမ်အမိုးများလန်ခြင်း၊ ပြုတ်ထွက်ခြင်း၊ ပြိုလဲခြင်းများ ဖြစ်ပွားခဲ့သော လွိုင်လင်ခရိုင် လဲချားမြို့နယ် ဝမ်ထီကျေးရွာအုပ်စု ဝမ်ထီကျေးရွာသို့ ဧပြီ ၂၀ ရက်က သွားရောက်၍ ဆန်နှင့် ငွေသား၊ အိမ်သုံးပစ္စည်းများ၊ စားသောက်ကုန်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော အိမ်ထောင်စု ငါးစု၊ မိသားစုဝင် ၂၇ ဦးအတွက် ပြည်နယ်ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ငွေကျပ် ၇၀၀၀၀၊ ပြည်နယ်ကြက်ခြေနီမှ လှူဒါန်းသော တန်ဖိုးငွေကျပ် ၄၀၆၀၀၀ ရှိ အိမ်သုံးပစ္စည်းနှင့်၊ ရပ်ကွက် ကျေးရွာစေတနာရှင်များမှ လှူဒါန်းငွေကျပ် ၅၀၀၀၀၀ နှင့် ဆန် ၁၀ အိတ် စုစုပေါင်းငွေကျပ် ၁၁၇၆၀၀၀ တန်ဖိုးရှိ ငွေသားနှင့် အိမ်သုံးပစ္စည်းတို့အား ခွဲဝေထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

# ကချင်ပြည်နယ်အတွင်းရှိ မြို့အဝင် ဘီးခွန်ကောက်ဂိတ် ၁၉ ခုကို ဖျက်သိမ်းပြီးစီး

**မြစ်ကြီးနား မေ ၂၂**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ မြို့များ၌ မြို့ဝင်ဘီးခွန်ကောက်ခံဂိတ်များကို နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် လေလံစနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာမှ ယခုနှစ် မေ ၁၉ ရက်မှစတင်၍ ပြည်နယ်အတွင်းရှိ မြို့ဝင်ဘီးခွန်ကောက်ခံဂိတ် ၁၉ ခုကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထံမှ သိရသည်။

ဧပြီ ၂ရက်က ပြုလုပ်ခဲ့သည့် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁၃/၂၀၁၈)တွင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ရည်ရွယ်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ မြို့နယ် ၁၆ မြို့နယ်ရှိ မြို့ဝင်ဘီးခွန်ကောက်ခံဂိတ် ၁၉ ခုကို မေ ၁၉ ရက်မှစ၍ ဖျက်သိမ်းလိုက်ခြင်းဖြစ်ကြောင်း၊ ယခုဖျက်သိမ်းခဲ့သည့် မြို့ဝင်ဘီးခွန်ကောက်ခံဂိတ် ၁၉ ခုအတွက် ၂၀၁၈ ခုနှစ် ပထမခြောက်လပတ်အတွင်း လေလံကြေးအဖြစ် ကျပ်သိန်းပေါင်း ၉၃၅၅ သိန်းကျော် ကောက်ခံရရှိထားပြီးဖြစ်ကာ အရစ်ကျပေးသွင်းထားသည့်လေလံကြေးငွေများကိုလေလံဆွဲသူများထံ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရှင်းလင်းပြောကြားသည်။

အဆိုပါ မြို့ဝင်ဘီးခွန်ဂိတ်ကြေးငွေ ပေးဆောင်ရမှုကို ဖျက်သိမ်းပေးခြင်းနှင့် ပတ်သက်၍ ယာဉ်မောင်းတစ်ဦးက "တစ်ဖက်ကကြည့်တော့လည်း ရည်ရွယ်ချက်ကောင်းနဲ့ ဆောင်ရွက်ပေးတဲ့ အစိုးရအဖွဲ့ကို ကျေးဇူးတင်ပါတယ်၊ နောက်တစ်ဖက်က ကြည့်ရင်တော့ မြို့တွင်းလမ်းတွေပြင်ဆင်ရာမှာ ဘဏ္ဍာငွေလိုအပ်မှုတွေ ဖြစ်ပေါ်ပြီး စည်ပင်သာယာရေးအဖွဲ့အနေနဲ့ အခက်အခဲတွေ ဖြစ်ပေါ်လာရင် မြို့တွင်းလမ်းပန်းဆက်သွယ်ရေးကဏ္ဍတွေမှာ လျော့ကျသွားမှာကိုလည်း စိုးရိမ်မိပါတယ်"ဟု ပြောကြားသည်။

စည်ပင်သာယာရေးအဖွဲ့၏ လေလံဖြင့် ကောက်ခံသည့် မြို့ဝင်ဘီးခွန်ဂိတ်များကို ဖျက်သိမ်းလိုက်သော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသည့် လမ်းဖြတ်သန်းခနှင့် တံတားဖြတ်သန်းခများကိုမူ ဆက်လက်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# ဖျူးမြို့နယ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ဖျူး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ဖျူးမြို့နယ် ငါးခေါင်းအင်းကျေးရွာ၌ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ရာကျော်က တည်ထားခဲ့သည့် ကိုးနဝင်းစေတီတော်မြတ်ကြီးကို ငါးခေါင်းအင်းရွာဇာတိ အလှူရှင် ဗိုလ်မှူးမြင့်ဌေးနှင့် မိသားစုတို့က ကျပ်သိန်းတစ်ရာကျော် အကုန်အကျခံ၍ အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခဲ့ရာ အောင်မြင်စွာ ပြီးစီးပြီဖြစ်သဖြင့် အောင်မြင်မှုအထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၁၇ ရက်က ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သံဃာတော် ၄၅ ပါးအား ပင့်ဖိတ်၍ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကပ်လှူကြပြီးနောက် သံဃာတော်များက စေတီတော်အား လက်ယာရစ်ပတ်၍ ဆွမ်းဆန်များ အလှူခံကြွကြရာ ငါးခေါင်းအင်း တောင်/မြောက် ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသည့် ကရင်ရွာ၊ ချောင်းကောက်ရွာ၊ ဖိုးကတုံးရွာ၊ ဇောင်းလျားကုန်းရွာ၊ ကျွန်းပေါ်ရွာ၊ ကျားသောင်ရွာတို့မှ စေတနာရှင် ပြည်သူများက ဆွမ်းဆန်စိမ်းများ လာရောက်လောင်းလှူခဲ့ကြသည်။

**ဖျူးမြင့်ဦး**

# နေပြည်တော်၌ 'က' ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေး

**နေပြည်တော် မေ ၂၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်ရုံး)က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် 'က' ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေးခြင်းကို နေပြည်တော် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်ရုံး)မှ ဦးစီးမှူး ဒေါ်ပပလင်းက အမှာစကားပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဟောပြောကာ စစ်ဆေးရေးမှူး(၂)ဦးအောင်ကျော်ဆန်းက လိုင်စင်ပြုလုပ်လိုသူများအတွက် ပညာပေးသင်တန်းကို ပို့ချခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက လိုင်စင်ပြုလုပ်လိုသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေး/ဖြေ စစ်ဆေးခြင်းနှင့် ဆိုင်ကယ်မောင်း လက်တွေ့စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ကာ လိုင်စင်များ ပြုလုပ်ပေးခဲ့သည်။

လိုင်စင်ပြုလုပ်ပေးရန်အတွက် ဇေယျာသီရိမြို့နယ်အတွင်းမှ 'က' ယာဉ်မောင်းလိုင်စင် မရှိသေးသူများ ဝင်ရောက်ဖြေဆိုခဲ့ရာ အမျိုးသား ၂၅၀ ဦးနှင့် အမျိုးသမီး ၂၀၆ ဦး ရှိခဲ့ပြီး ဝင်ရောက်ဖြေဆိုသူများမှ အောင်မြင်သူများအား 'က' ယာဉ်မောင်းလိုင်စင်များကို တာဝန်ရှိသူများက စိစစ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**



# ပုသိမ်ကြီးမြို့နယ်၏ဂုဏ်ဆောင် နာရီစင်သစ်ကြီး ဖွင့်ပွဲကျင်းပ

**မန္တလေး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ကို မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် တည်ဆောက်ခဲ့သည့် နာရီစင်ကြီး တည်ဆောက်မှု ပြီးစီးသွားပြီဖြစ်၍ ဖွင့်ပွဲကို မေ ၂၀ ရက်က ကျင်းပခဲ့သည်။

"မြို့ဂုဏ်ဆောင်နာရီစင် တည်ဆောက်ခြင်းလုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ၊ မြို့မိမြို့ဖများ ပူးပေါင်းပြီး ဆောင်ရွက်သွားခြင်း ဖြစ်ပါတယ်၊ ဆောက်လုပ်ဖို့ နေရာရွေးကြတဲ့အခါ မြို့ထဲ ပုသိမ်ကြီးကွေ့နဲ့ မြို့အဝင် ကျီကုန်းကွေ့ နှစ်နေရာ ချပြခဲ့ပြီး အများဆန္ဒအရ ကျီကုန်းကွေ့ကို ရွေးချယ်ခဲ့ပါတယ်၊ နာရီစင်ပြုလုပ်မယ့် နေရာမှာ ၁၀ ပေ ပတ်လည်လောက်ရှိတဲ့ ပုံစံငယ်တစ်ခု ချပြထားပေးပြီး ပြည်သူ့အသံကိုလည်း နားစွင့်ခဲ့ပါတယ်၊ ပုသိမ်ကြီးမြို့မှာ ဈေးသစ်ကြီးလည်းရှိလာပြီ၊ လမ်းတွေလည်း အသစ်ဖောက်တာ၊ အဆင့်မြှင့်တင် ပြုပြင်တာတွေ လုပ်နေပါတယ်၊ တစ်ဆင့်ချင်း လုပ်ဆောင်နေကြခြင်းပါ၊ နောက် မကြာမီ မြို့တော်ခန်းမလည်း တည်ဆောက်ဖို့ ညှိနှိုင်းစီစဉ်ပြီးပါပြီ"ဟု နာရီစင်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွေးအောင်(အာယုပါလက)က ပြောကြားသည်။



ဖွင့်ပွဲကို ပုသိမ်ကြီးမြို့အဝင် ရန်ကင်းတောင်သွားကားလမ်းဘေးရှိ ကျီကုန်းကွေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နာရီစင်တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးက နာရီစင်တည်ဆောက်ရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်နာရီစင်ကြီး တည်ဆောက်ရေးအတွက် အဓိက ပံ့ပိုးကူညီလှူဒါန်းသောဖရက်ရှာမြန်မာကုမ္ပဏီ အပါအဝင် အလှူရှင်များ၊ နာရီစင် ပုံစံဆွဲနှင့် လျှပ်စစ်ပိုင်းအလှူရှင်များအား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ နာရီစင်တည်ဆောက်ရေး ဦးစီးကော်မတီက နာရီစင်ထိမ်းသိမ်းစောင့်ရှောက်ရေးကော်မတီထံသို့ နာရီစင်ကြီးကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု အသိပညာပေး

**ဖလမ်း မေ ၂၂**

ချင်းပြည်နယ် ဖလမ်းမြို့ JBB ခန်းမ၌ သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု အသိပညာပေးသင်တန်းကို မေ ၂၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းတွင် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ သတင်းအတတ်ပညာဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာဇင်မာကျော်က သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှုတွင် ပါဝင်သောအဓိကအချက်များ၊ သတင်းအချက်အလက်အရေးကြီးပုံ၊ သတင်းအချက်အလက်ကို အကဲဖြတ်ခြင်းနှင့် သတင်းအချက်အလက်၏ အရည်အသွေးကို တိုင်းတာခြင်းနည်းလမ်းများကို အကျယ်တဝင့် ဆွေးနွေးပို့ချပြီး တက်ရောက်လာကြသူများအား သတင်းအချက်အလက်၊ မီဒီယာနှင့်ပတ်သက်သော အချက်အလက်များကို ဉာဏ်စမ်းမေးမြန်းကာ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မယ်စဲ့မြို့နှင့် ထိုင်းနိုင်ငံ ခွန်ယွန်းမြို့ကြား နှစ်နိုင်ငံနယ်စပ်ဈေးဖွင့်လှစ်ရေး ညှိနှိုင်းဆွေးနွေး

**မယ်စဲ့ မေ ၂၂**

ကယားပြည်နယ် မယ်စဲ့မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ခွန်ယွန်းမြို့တို့ကြား မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဈေး ဖွင့်လှစ်နိုင်ရေးအတွက် အကြိုညှိနှိုင်း ဆွေးနွေးပွဲကို မေ ၂၀ ရက်က ထိုင်းနိုင်ငံ ခွန်ယွန်းမြို့နယ် မယ်ငေါင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံမှ တာဝန်ရှိသူများက မယ်စဲ့မြို့နှင့် ခွန်ယွန်းမြို့တို့၌ တစ်လလျှင်နှစ်ကြိမ် အလှည့်ကျနယ်စပ်ဈေးဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြရာ မြန်မာ-ထိုင်း နယ်စပ် ဘီပီ(၁၃)(ဟွေတန္တန်)ဂိတ်သည် တရားဝင်နယ်စပ်ဖြတ်ကျော်ခွင့်ဂိတ် မဖြစ်သေးသည့်အတွက် နှစ်နိုင်ငံဈေးသည်များ ဝင်ထွက်သွားလာနိုင်ရေး ဆောင်ရွက်ရန်၊ ဈေးရောင်း ဈေးဝယ်နှင့်ပတ်သက်၍ ကန့်သတ်ကုန်ပစ္စည်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ထိုင်းနိုင်ငံဘက်မှ လမ်းပန်းဆက်သွယ်ရေးကို ယခုထက်ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ဆောင်ရွက်ရန် အခြေအနေ၊ နှစ်နိုင်ငံ လုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံပြည်သူလူထုအား အကျိုးပြုစေရေးဆောင်ရွက်ရန်နှင့် ဒေသခံအချင်းချင်း၊ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ကြရန်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံဘက်မှ ခွန်ယွန်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထိုင်းကုန်သည်များ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွိုင်ကော်နှင့် မယ်စဲ့မြို့တို့မှ ကုန်သည်များ တက်ရောက်ခဲ့ကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**




# မိတ္ထီလာ၌ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**မိတ္ထီလာ မေ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာအုပ်စု ဒဟတ္တန်းကျေးရွာ၌ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် နေအိမ်အမိုးများလန်၍ ပျက်စီးခဲ့သော အိမ်ထောင်စုဝင်များအား မေ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါ ကျေးရွာရှိဓမ္မာရုံတွင် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ကွက်ငယ်ကျေးရွာအုပ်စု ဒဟတ္တန်းကျေးရွာတွင် မေ ၁၆ ရက် ည ၈ နာရီ ၁၅ မိနစ်မှ ၉နာရီအထိ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် နေအိမ် ၁၄ လုံး အမိုးလန်၍ ပျက်စီးခဲ့သောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၆၂၀၀၀နှင့် ငွေကျပ် ၁၈၀၀၀ တန်ဖိုးရှိ လူသုံးကုန် ပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား မိတ္ထီလာခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကေခိုင်လင်းက အိမ်ထောင်စု ၁၄ စုအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မလိုအပ်ဘဲ အကြောဆေးထိုးတာ ကောင်းသလား

**ဒေါက်တာစိန်မိုးစက်**



**အားဆေးအဖြစ်သွင်းတဲ့ အကြောဆေးဆိုတာ**

ကျွန်တော်တို့နိုင်ငံက လူနာတော်တော်များများ ဆေးရုံဆေးခန်းသွားတဲ့အခါ မကြာမကြာ ပြောလေ့ရှိတာကတော့ "ဆရာ.. ကျွန်တော်ခေါင်းမူးလို့ အကြောဆေးသွင်းချင်လို့၊ ကျွန်မအားနည်းနေလို့ ဆလိုင်းချိတ်ပေးပါ၊ ကျွန်တော်က တစ်လတစ်ခါ အကြောဆေးသွင်းနေကျ၊ မသွင်းရင် နေမကောင်းဘူး၊ ခုဆေးသွင်းဖို့ ရက်ပြည့်နေပြီဆိုတော့ လုပ်ပေးပါဦးဆရာ" စသည်ဖြင့်။ ဒီလိုတွေပြောပြီး အကြောဆေးသွင်းပေးဖို့ ကျန်းမာရေးဝန်ထမ်းတွေကို တောင်းဆိုလေ့ရှိကြပါတယ်။

ဆေးအနီလေးတွေ... အဝါလေးတွေ အကြောထဲဝင်သွားတာ၊ ပုလင်းကြီးထဲက ဆေးရည်တွေ တစက်စက်ကျတာကို မြင်နေရရင်ပဲ သဘောကျကြသူ အများသား။ ကိုယ်လက်ကိုက်ခဲရင် အကြောဆေးထိုး၊ ခေါင်းမူးခေါင်းကိုက်ရင် အကြောဆေးထိုးကြ၊ အိပ်ရေးပျက်ရင်လည်း အကြောဆေးထိုးကြတယ်။ ထိုးပေးဖို့လည်းတောင်းဆိုကြတယ်။ အကြောဆေးမထိုးရင်ဘဲ ရောဂါမပျောက်သလို ထင်ကြတာလည်းရှိ၊ အကြောဆေးထိုးတာကို စွဲနေသူတွေတောင် ရှိကြပါတယ်။

တကယ်တော့ အကြောဆေးထဲမှာ ဂလူးကို့စ်အရည်နဲ့ ဗီတာမင်ဘီ ဒါမှမဟုတ် ဗီတာမင်စီ နည်းနည်းပဲ ပါတာပါ။ ပုလင်းကြီးချိတ်တယ်ဆိုတဲ့ drip ပုလင်းထဲမှာဆိုရင်တော့ ဆေလိုင်းလို့ခေါ်တဲ့ ဆားငန်ရည် ဒါမှမဟုတ် ဆားနဲ့အချိုရောထားတဲ့ အရည် ဒါမှမဟုတ် အချိုရည်ပဲ ပါတာပါ။ ဒီလိုဆေးသွင်းလိုက် ချိတ်လိုက်ရုံနဲ့ အားတွေရှိသွားရောလားဆိုတော့ မဟုတ်ပါဘူး။ ခုနကပြောသလို အချိုရည် ဒါမှမဟုတ် ဆားငန်ရည်နဲ့ ဗီတာမင်နည်းနည်းပဲ ပါတဲ့အတွက်ပါ။ ပိုတဲ့ဆားငန်ရည် ဒါမှမဟုတ် အချိုရည်တွေကို သိပ်မကြာခင်မှာပဲ ဆီးလမ်းကြောင်းကနေ ဆီးအဖြစ်စွန့်ထုတ်ရင်း ကုန်သွားမှာပါ။ အဲဒီအစား အားဆေး သောက်ဆေး တစ်နေ့တစ်လုံး ပုံမှန်သောက်တာ၊ သင့်တင့်ပြီး အာဟာရဖြစ်တဲ့အစားအသောက်တွေ စားတာက ပိုအကျိုးများစေမှာပါ။

**ဘယ်လိုအချိန်တွေမှာ အကြောဆေးထိုးသင့်တာလဲ**

အကြောဆေးဟာ လုံးဝ မဖြစ်မနေ မထိုးသင့်တာမျိုးတော့ မဟုတ်ပါဘူး။ သွေးတွင်း အချိုဓာတ်ကျတာ၊ ဝမ်းလျှောဝမ်းပျက်တာ ဒါမှမဟုတ် အန်တာများတဲ့အခါ ရေဓာတ်ခန်းခြောက်မှုဖြစ်တဲ့အခါ၊ မီးလောင်ခံရတာမျိုးမှာ၊ ပါးစပ်ကနေဘယ်လိုမှ စားမရနိုင်တဲ့ ရောဂါအခြေအနေမျိုး (ဥပမာ-အာသီးဆိုးဆိုးဝါးဝါးယောင်ပြီး ပြည်တည်နေတာမျိုး)၊ အစာရေမျိုကင်ဆာမျိုးနဲ့ တချို့သောအခြေအနေတွေမှာ အကြောဆေးကို မဖြစ်မနေသွင်းရပါတယ်။

ဒီလိုမှမဟုတ်ဘဲ ပုံမှန် အစားအသောက်နေ့စဉ်စားနိုင်နေတဲ့ သူမျိုးအတွက်ကတော့ အကြောဆေးဟာ တကယ်ကိုမလိုအပ်ပါဘူး။ အသားနာတာရယ်၊ ပိုက်ဆံကုန်တာရယ်၊ အချိန်ကုန်တာရယ်ပဲရှိပြီး ဆီးအဖြစ်နဲ့ ပြန်ထွက်သွားမှာပဲ ဖြစ်ပါတယ်။

"တချို့က ခေါင်းမူးခေါင်းကိုက်တယ်ဆိုပြီး အကြောဆေးထိုးကြပါတယ်။ တကယ်တမ်း ခေါင်းမူးခေါင်းကိုက်တယ်ဆိုရင် ဘာကြောင့်ခေါင်းမူးခေါင်းကိုက်ရသလဲဆိုတဲ့ အကြောင်းအရင်းကို ရှာရမှာပါ။ အကြောင်းအရင်းကိုရှာပြီးမှ ကုရတာပါ။ ရောဂါအလိုက် သီးခြားကုသမှုတွေရှိပါတယ်။ ဘာဖြစ်ဖြစ် အကြောဆေးထိုးလိုက်မယ်ဆိုတာက အဖြေမဟုတ်ပါဘူး။ တစ်ခါတစ်ရံမှာ ပိုဆိုးသွားတဲ့အခြေအနေမျိုးတောင် ကြုံရနိုင်ပါတယ်။ နှလုံးကောင်းကောင်းအလုပ်မလုပ်နိုင်တဲ့ လူနာမျိုးမှာ၊ အဆုတ်မကောင်းတဲ့လူနာမျိုးနဲ့ ကျောက်ကပ်ရောဂါရှိသူတွေမှာ ပုလင်းကြီးကို ခပ်မြန်မြန်ချိတ်မိတဲ့အခါ အသက်အန္တရာယ်တောင်မှ ဖြစ်နိုင်ပါတယ်။ သက်ကြီးရွယ်အိုတွေမှာဆိုရင်လည်း ပိုလို့တောင် သတိထားသင့်ပါတယ်"

**အကြောင်းအရင်းကို ရှာဖွေကုသ**

တချို့က ခေါင်းမူးခေါင်းကိုက်တယ်ဆိုပြီး အကြောဆေးထိုးကြပါတယ်။ တကယ်တမ်း ခေါင်းမူးခေါင်းကိုက်တယ်ဆိုရင် ဘာကြောင့်ခေါင်းမူးခေါင်းကိုက်ရသလဲဆိုတဲ့ အကြောင်းအရင်းကို ရှာရမှာပါ။ သွေးပေါင်ချိန်တက်နေသလား၊ ကျနေသလား၊ သွေးတွင်းအချိုဓာတ် ပုံမှန်ရှိရဲ့လား၊ မျက်စိရောဂါကြောင့်လား၊ မိုင်ဂရိန်းလို ခေါင်းတစ်ခြမ်းကိုက်ရောဂါလား၊ စိတ်ဖိစီးမှုတွေများလို့ဖြစ်တဲ့ tension headache လား၊ ဦးခေါင်းထဲမှာ အကျိတ် ဒါမှမဟုတ် သွေးခဲရှိနေနိုင်သလား၊ နားရောဂါကြောင့်လား၊ အာရုံကြောကြောင့်လား၊ သွေးအားနည်းသလား စသဖြင့် အကြောင်းအရင်းကို ရှာပြီးမှ ကုရတာပါ။ ရောဂါအလိုက် သီးခြားကုသမှုတွေရှိပါတယ်။ ဘာဖြစ်ဖြစ် အကြောဆေးထိုးလိုက်မယ်ဆိုတာက အဖြေမဟုတ်ပါဘူး။

တစ်ခါတစ်ရံမှာ ပိုဆိုးသွားတဲ့အခြေအနေမျိုးတောင် ကြုံရနိုင်ပါတယ်။ ဥပမာဆိုရင် heart failure လို့ခေါ်တဲ့ နှလုံးကောင်းကောင်းအလုပ်မလုပ်နိုင်တဲ့လူနာမျိုးမှာ၊ အဆုတ်မကောင်းတဲ့ လူနာမျိုးနဲ့ ကျောက်ကပ်ရောဂါရှိသူတွေမှာ ပုလင်းကြီးကို ခပ်မြန်မြန်ချိတ်မိတဲ့အခါ အသက်အန္တရာယ်တောင်မှ ဖြစ်နိုင်ပါတယ်။ သက်ကြီးရွယ်အိုတွေမှာဆိုရင်လည်း ပိုလို့တောင် သတိထားသင့်ပါတယ်။

တချို့လူနာတွေကျတော့လည်း ဒီလိုအကြောဆေးသွင်းတာ၊ ထိုးတာဟာ ဘာမှထူးပြီး အကျိုးမရှိတဲ့အကြောင်း သေချာ ဂဃနဏရှင်းပြရင်တောင် သိပ်လက်မခံချင်ကြတာမျိုးရှိပါတယ်။ တကယ်ကတော့ ခဏနေရင် ဆီးထဲကနေ အကုန်ပါသွားမှာ သေချာနေတဲ့ အကြောဆေးသွင်းတာ ချိတ်တာဟာ မလိုအပ်ကြောင်း အားလုံးသိနားလည် လိုက်နာသင့်ပါတယ်။ ။



## လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ကလေး ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခေါင်မိုးများ ပျက်စီးခဲ့သည့် အိမ်ထောင်စု ခြောက်စုအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ကလေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဧပြီ ၂၀ ရက်တွင် ပေးအပ်ခဲ့သည်။ အဆိုပါ အိမ်ထောင်စု ခြောက်စုအနက် ပျက်စီးဆုံးရှုံးမှုများပြားသော နေအိမ်ငါးလုံးအတွက် အိမ်ထောင်စုတစ်စုလျှင် အိမ်ဆောက်ပစ္စည်းဖိုး ကျပ်သုံးသောင်းနှင့် အသုံးအဆောင်ပစ္စည်း ငါးမျိုးစီကိုလည်းကောင်း၊ ပျက်စီးဆုံးရှုံးမှုနည်းပါးသည့် အိမ်ထောင်စုတစ်စုအား အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၂၀၀၀၀ နှင့် အသုံးအဆောင်ပစ္စည်း ငါးမျိုးကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကလေးမြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၌ ပြုလုပ်သည့် ထောက်ပံ့ငွေပေးအပ်ပွဲတွင် ကလေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးမြတ်ဇော်ထွန်းက ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမီး(ခ)ဒေါ်အေးအေးမူ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးညီညီနှင့် ခရိုင်ဦးစီးမှူးတို့က ထောက်ပံ့ငွေနှင့် ပစ္စည်းများကို လေဘေးသင့်အိမ်ထောင်စုများထံ ပေးအပ်ခဲ့သည်။

**ချင်းတွင်းသား**

## သောက်သုံးရေ အခက်အခဲဖြစ်နေသော ကျေးရွာများသို့ ရွေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေများ ဖြန့်ဝေ

**ဝေါ ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရွေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေများ သန့်စင်ပေးခြင်းနှင့် ရေဖြန့်ဝေပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ကြာလဟာ ကျေးရွာ၌ ဧပြီ ၁၉ ရက်မှ ၂၀ ရက်အထိ သွားရောက်၍ ရေသန့်စင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ကြာလဟာကျေးရွာသို့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျား ရေသန့်စင်ကားဖြင့်သွားရောက်ပြီး ကျေးရွာရှိ မြေသားကန်မှ ရေများကို သန့်စင်ပေးကာ ကျေးရွာအတွင်းရှိ အိမ်ခြေ ၂၁၉ အိမ်မှ လူဦးရေ ၁၂၇၅ ဦးအတွက် ရေသန့်များ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နွေရာသီကာလတွင် ရေရှားပါးနိုင်သော မြို့နယ်အတွင်းမှ ကျေးရွာများ၌ ရေရှားပါးပြတ်လပ်မှု ကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေ ထောက်ပံ့နိုင်ရန် စီမံချက်များထားရှိရေးဆွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၈)၊ ဖောင်းပြင်မြို့မှ ၂၀၁၈ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ ပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၁။ သံချောင်း
၂။ ဘိလပ်မြေ
၃။ ကျောက်စရစ်

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၇-၄-၂၀၁၈ရက်
**တင်ဒါပုံစံ ရောင်းချမည့်နေရာ** - ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၈)၊ဖောင်းပြင်မြို့
**နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၄-၅-၂၀၁၈ရက် (ညနေ ၄း၃၀နာရီ)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၅-၂၀၁၈ရက်၊ နံနက် ၁၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၈)၊ ဖောင်းပြင်မြို့

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖောင်းပြင်မြို့**
**ဖုန်း-၀၉-၂၅၆၀၆၄၂၂၄၊ ၀၉-၂၅၇၁၅၃၅၆၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/4382 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2536 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/5999 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကမ(၃)ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၈၂၂၉၅ Suzuki smash ဆိုင်ကယ်လက်ဝယ်ရှိသူ စစ်တွေမြို့ မင်းဂံရပ်ကွက်နေ ဦးကျော်သူရ ၁၁/စတန(နိုင်)၀၈၇၉၇၂မှ ကမ(၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/9969 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/3247 ယာဉ်အမည်ပေါက်သူ ဒေါ်စိုးစန္ဒာလင်း ၁၄/မအပ(နိုင်)၁၇၅၄၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်)၊ (မအူပင်မြို့)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲလွင် ၈/မဘန(နိုင်)၁၂၂၈၀၇၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၀၃၀၈၃၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းမင်း ၈/မကန(နိုင်)၁၆၅၀၃၈၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၇၁၆၅၃၄၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ညီညီအောင် ၈/မလန(နိုင်)၀၉၈၀၉၆၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၄၃၂၇၉၁၈**

## ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၆၂)၊ စည်သူတပ်ခွဲ နှစ်ပတ်လည် မိတ်ဆုံ၊ ညစာစားပွဲ

## ဖိတ်ကြားခြင်း

(၃၆)နှစ်မြောက် ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၆၂)၏ နှစ်ပတ်လည် ညစာစားပွဲကို ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၁၈း၀၀နာရီတွင် (ကုန်းမြင့်သာစားသောက်ဆိုင်) (၇)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၆၂)**
**စည်သူတပ်ခွဲမှ သူငယ်ချင်းများ**

## မောင်ဇော်မင်းလွင်(AYA Bank)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ်(၁၀)၊ အခန်း(၁)၊ တိုက်(၁၄)တွင် နေထိုင်သော ဦးစိုးတင့်(လက်ထောက်မန်နေဂျာ MICB-ငြိမ်း)-ဒေါ်ခင်မာမာလှ(Yoma Bank)တို့၏သား မောင်ဇော်မင်းလွင်(AYA Bank) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ်(၃၇)တွင် နေထိုင်သော ဦးကျော်လင်းနှင့် ဒေါ်အေးအေးယုတို့၏သမီး မထက်ထက်ယုကျော် (CB Bank)တို့သည် သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၅-၁၁-၂၀၁၇ ရက်တွင် ပြုလုပ်ထားသော စေ့စပ်ကြောင်းလမ်းခြင်းနှင့် ၅-၅-၂၀၁၈ ရက်တွင်ကျင်းပမည့် မင်္ဂလာဧည့်ခံပွဲအား မိန်းကလေးရှင်ဘက်မှ ဖျက်သိမ်းလိုက်ပါကြောင်း တစ်ဦးနှင့်တစ်ဦး ယနေ့မှစ၍ မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်းနှင့် ကျွန်မနှင့်မိသားစုဝင်များကို နောက်နောင်တွင် နှောင့်ယှက်ခဲ့ပါက တည်ဆဲတရားဥပဒေများအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းကို မောင်ဇော်မင်းလွင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းနိုင်ပါသည်။**

**မထက်ထက်ယုကျော်(CB Bank)**

မဟာ
**SEVEN စံ**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံး၀ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ရုံးခန်းများ ပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်၊
အမှတ်-၁၈၃၊ မြေယာမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
09254009334,
09254009335,
09254009336

**မြေတူးစက်(Backhoe)ရောင်းမည်**
လက်ရှိအသုံးပြုနေဆဲ
အပေါင်း/အကောင်း
20 Ton (Kobelco) = 260 သိန်း
4.5 Ton (Comatsu) = 160 သိန်း
Ph: 09-785084831

**ပျောက်ဆုံးကြောင်း**
ကျွန်တော်ဦးကြည်အေး ၈/မလန(နိုင်)၀၉၈၀၆၅၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၇၇၄၅၁၂၇၉၆**

## ဓမ္မညုစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်အထွတ်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပမည်

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ ၄-၅-၂၀၁၈ ရက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။

၇။ ရေးဖြေစာမေးပွဲကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတည်ရှိရာ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်ဘာသာရပ်များမှာ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။
**ရေးဖြေစာမေးပွဲကို ၁၉-၅-၂၀၁၈ရက်တွင် စစ်ဆေးမည်ဖြစ်ပါသည်။**

၈။ အချက်အလက် မပြည့်စုံသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၉။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၁၇-၅-၂၀၁၈ရက်နှင့် ၁၈-၅-၂၀၁၈ရက်များတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ထုတ်ယူနိုင်သည်။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြော်ငြာထားပါမည်။

၁၀။ သိရှိလိုသော အချက်အလက်များကို ရုံးအမှတ်(၁)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၇၁၅၂၊ ၀၆၇-၄၀၇၁၅၃ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ခင်ပွန်းအဖြစ်မှပြတ်စဲကြောင်း အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ အနောက်စုရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၅၇)တွင် နေထိုင်သည့် (ဘ)ဦးလှမောင်၏သမီး ဒေါ်ခင်သန်းလွင် ၁၁/မအန(နိုင်)၀၂၁၄၁၁နှင့် ယခုမလေးရှားနိုင်ငံသို့ ရောက်ရှိနေသည့် (ဘ)ဦးကျော်ရင်၏သား ဦးလှကျော်ဦး ၁၂/ဗဟန(နိုင်)၀၆၄၅၈၈ တို့သည် လွန်ခဲ့သော ၁၉၉၄ ခုနှစ်ကပင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သမီးမခင်ကလျာထက် အသက်(၂၀)ရှိသူအား မွေးဖွားခဲ့ပါသည်။ လွန်ခဲ့သော ၂၈-၇-၂၀၁၃တွင် ဦးလှကျော်ဦးအား မိသားစုစားဝတ်နေရေးအတွက် တိုင်ပင်ဆွေးနွေးရန် ဖုန်းဆက်သောအခါ ငါ့ကိုဘယ်ကိစ္စမှမပြောနဲ့၊ ငါလည်းငါ့လမ်းကိုလျှောက်နေတယ်၊ နင်လည်း နင့်လမ်းကိုလျှောက်တော့ဟု မလေးရှားနိုင်ငံမှ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်သန်းလွင်အား ဖုန်းဆက်ပြောခဲ့ပြီးနောက်ပိုင်း ယနေ့ထိ အဆက်အသွယ်တစ်စုံတစ်ရာပြုလုပ်ခြင်းမရှိတော့ဘဲ ဇနီးဖြစ်သူ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်သန်းလွင်အား စွန့်ပစ်ထားသည်မှာ ငါးနှစ်ကျော်ရှိပြီဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏အမှုသည် ဒေါ်ခင်သန်းလွင်အနေဖြင့်လည်း ဦးလှကျော်ဦးအား ခင်ပွန်းအဖြစ် ဆက်လက်ပေါင်းသင်းရန် လုံးဝဆန္ဒမရှိတော့သဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်သန်းလွင်မှ ဦးလှကျော်ဦးအား ခင်ပွန်းအဖြစ်မှပြတ်စဲကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ရွှေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၀)**
**အမှတ်(၄၀၇)၊ မင်းထီးလမ်း၊ ချောင်းကောက်ရပ်ကွက်၊**
**တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်၊ ဖုန်း-၀၉-၄၂၉၆၅၃၉၁၇**

## အသျှင်ဘုရားကြီး ဘဒ္ဒန္တဉာဏစက္က၏ တပည့်တကာများနှင့် အလှူရှင်များ သိသာနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်

အသျှင်ဘုရားကြီး ဘဒ္ဒန္တဉာဏစက္က၏ ရုပ်ကလာပ်တော်အား မန္တလေးမြို့မှ ဗိမာန်တော်တည်ဆောက်ပူဇော်မည့် ပေါက်တောမြို့နယ် မဟာရံဒေသအထိ ပင့်ဆောင်ပူဇော်ရေးအလှူငွေနှင့် ရုပ်ကလာပ်တော် ထာဝရကိန်းဝပ်စံပါယ်တော်မူမည့် ဗိမာန်တော်တည်ဆောက်ရေးအလှူငွေများအား ပေးပို့လှူဒါန်းလိုသော အနယ်နယ်အရပ်ရပ်မှ တပည့်တကာများ၊ အလှူရှင်များအနေဖြင့်
(၁) စစ်တွေမြို့ မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစုစာအုပ်အမှတ် (0360162036004845019) သို့ တိုက်ရိုက်လွှဲပို့ လှူဒါန်းခြင်းဖြင့်ဖြစ်စေ
(၂) ဦးလှသာထွန်း-နာယက ဖုန်း-၀၉-၂၅၃၃၀၀၃၁၇
(၃) ဦးစောသာမောင်-ဥက္ကဋ္ဌ ဖုန်း-၀၉-၄၂၃၈၈၅၅၂၄
(၄) ဦးရွှေသာထွန်း -ဒု-ဥက္ကဋ္ဌ ဖုန်း-၀၉-၂၅၀၇၆၀၃၈၇
(၅) ဦးကျော်သိန်းထွန်း-အတွင်းရေးမှူး ဖုန်း-၀၉-၄၂၁၇၁၀၄၃၇
တို့သို့ ဆက်သွယ်၍ဖြစ်စေ ပေးပို့လှူဒါန်းနိုင်ပါသည်။ လှူဒါန်းငွေများအတွက် ဖြတ်ပိုင်းနှင့်ဂုဏ်ပြုလွှာများအား အလှူရှင်များပေးပို့သည့်လိပ်စာအတိုင်း ပို့ပေးပါမည်။

ဘဏ္ဍာငွေများ စာရင်းအင်းဖြင့် စနစ်တကျ ထိန်းသိမ်းခြင်းလုပ်ငန်းအား ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ရုပ်ကလာပ်တော်ပင့်ဆောင်ပူဇော်ရေးနှင့်**
**ဗိမာန်တော်တည်ဆောက်ရေးဦးစီးကော်မတီ**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## မာလာတင်
## အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ။
၂-၅-၂၀၁၈ စမည်။
စုံစမ်းချိန် နံနက် ၉ နာရီမှ
ညနေ ၃ နာရီအတွင်း

လူဦးရေကန့်သတ်သည်။
အမှတ် ၂၉၇၊ အခန်း ၆
မဟာဗန္ဓုလပန်းခြံလမ်း
ရန်ကုန်မြို့
ဖုန်း-၃၈၄၉၂၄၊ ၃၇၉၇၃၅


"Speak English. Take It Easy!"
SDEC Skills Development Education Centre
**International School**
**Admissions Open for New Academic Year 2018-2019**
ကျောင်းသားသစ် နှင့် ကျောင်းသားဟောင်းများ ကျောင်းအပ်လက်ခံနေပါပြီ။
Kindergarten, Year - 1 to Year - 11 (IGCSE Classes)
**May to February**
မေလ (၂)ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်။
ကျောင်းချိန် - (၈:၀၀) နာရီ မှ (၂:၀၀)
Address: No. 22(A)/ 22(B)/ 24(A)/ 24(B), Nat Maut Lane (1), Bahan Township, Yangon.
Phone: 01-430224, 09-5011117, 09-5144987, 09-73206650



**မြင့် အင် ဆန်း** အရေပြားနှင့် အလှအပဆေးခန်း

■ ဝက်ခြံကုသမှု အစီအစဉ်များ ...
■ ဝက်ခြံအမာရွတ် ကုသမှု ...
■ တင်းတိပ်၊ မှဲ့ခြောက် ကုသမှု ...
■ မျက်နှာအရေးအကြောင်း ကုသမှု ...
■ အသားဖြူဝင်းခြင်းအတွက် ကုသမှု ...
နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။
အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။
အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅


**ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈ဃ/၈၄၂၃၅ ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## “အထူးဝမ်းနည်းကြေကွဲခြင်း”

## MR. CHETTA APIPATANA @ MR. P. C. CHENG

### THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)

### CHEUNG HING & COMPANY, (HONGKONG)

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး **MR. P. C. CHENG,** အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉)နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ **BUMRUNGRAD HOSPITAL** တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ရန်ကုန်ရုံးချုပ်ဝန်ထမ်းများ**

**THAI SAWAT IMPORT EXPORT CO., LTD (BKK)**

**CHEUNG HING & COMPANY (HONGKONG)**

---

### “အထူးဝမ်းနည်းကြေကွဲခြင်း”

ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, {THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)} နှင့် {CHEUNG HING & COMPANY, (HONGKONG)} အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးဗိုလ်ဗိုလ် မိသားစု**

### “အထူးဝမ်းနည်းကြေကွဲခြင်း”

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, {THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)} နှင့် {CHEUNG HING & COMPANY, (HONGKONG)} အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးဇော်ဝင်း မိသားစု**

### “အထူးဝမ်းနည်းကြေကွဲခြင်း”

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, {THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)} နှင့် {CHEUNG HING & COMPANY, (HONGKONG)} အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးတင်မောင်သိန်း မိသားစု**

### “အထူးဝမ်းနည်းကြေကွဲခြင်း”

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, {THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)} နှင့် {CHEUNG HING & COMPANY, (HONGKONG)} အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်း နှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးညီညီအောင်+ဒေါ်စိုးစိုးခိုင် မိသားစု**

### “အထူးဝမ်းနည်းကြေကွဲခြင်း”

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, {THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)} နှင့် {CHEUNG HING & COMPANY, (HONGKONG)} အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးဟန်ဇော်လင်း+ဒေါ်ယုယုခိုင် မိသားစု**

### “အထူးဝမ်းနည်းကြေကွဲခြင်း”

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, {THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)} နှင့် {CHEUNG HING & COMPANY, (HONGKONG)} အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးအောင်မြင်+ဒေါ်အေးအေးမွန် မိသားစု**

### “အထူးဝမ်းနည်းကြေကွဲခြင်း”

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, {THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)} နှင့် {CHEUNG HING & COMPANY, (HONGKONG)} အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးဝဏ္ဏမောင်+ဒေါ်ခင်ပပ မိသားစု**

### “အထူးဝမ်းနည်းကြေကွဲခြင်း”

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, {THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)} နှင့် {CHEUNG HING & COMPANY, (HONGKONG)} အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးအောင်မျိုးရှိန်+ဒေါ်ဥမ္မာစိုး မိသားစု**

### “အထူးဝမ်းနည်းကြေကွဲခြင်း”

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, {THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)} နှင့် {CHEUNG HING & COMPANY, (HONGKONG)} အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးစိုးဝင်း+ဒေါ်အေးမာလာ မိသားစု**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မေ ၁၃ ရက်အရောက် သတင်းပို့ကြရန် ဖိတ်ကြား

**နေပြည်တော် မေ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ်၊ မေ ၁၄ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရှိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် -၁၂ (I-12) သို့ ၂၀၁၈ ခုနှစ်၊ မေ ၁၂ ရက် (စနေနေ့)ထက် မစော၊ မေ ၁၃ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေ ၁၃ ရက်အရောက် သတင်းပို့ကြရန် ဖိတ်ကြား

**နေပြည်တော် မေ ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ်၊ မေ ၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရှိရသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည် ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-19) (အိုင်-၁၉) သို့ **၂၀၁၈ ခုနှစ်၊ မေ ၁၂ ရက်ထက် မစော၊ မေ ၁၃ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ် စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လပွတ္တာမြို့နယ်တွင် နွေစပါးစိုက်ပျိုးနိုင်ရန် ရေငန်တားတာများနှင့် ရေတံခါးများ တည်ဆောက်



**လပွတ္တာ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ရွှေးမြစ်နှင့် ပြာမလေ့မြစ်အကြားရှိ ကွင်းများအား ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ရန်နှင့် မိုးစပါးသာမက နွေစပါးစိုက်ပျိုးနိုင်ရန် ရေငန်တားတာများနှင့် ရေတံခါးများ တည်ဆောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကွင်းအပိုင်း ၂ (က) မှာ လုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ လယ်မြေဧက ၇၅၀၀ ခန့် ရေငန်ဝင်ရောက်မှုမှ တားဆီးပေးနိုင်တော့မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး (၉) မှ သိရသည်။

ရွှေးမြစ်နှင့် ပြာမလေ့မြစ်ကြား ရေငန်တားတာဖို့ခြင်းလုပ်ငန်းတွင် ကွင်းအပိုင်းငါးပိုင်းရှိပြီး စီမံကိန်း ဆောင်ရွက်ရာတွင် ကွင်းအပိုင်း ၁ တွင် ၁(က)၊၁ (ခ)၊ ၁(ဂ)၊ ၁(ဃ) ဟူ၍ လည်းကောင်း၊ ကွင်းအပိုင်း ၂ တွင် ၂(က)နှင့် ၂(ခ) ဟူ၍ လည်းကောင်း၊ အပိုင်း ၃/၄/၅ ဟူ၍လည်းကောင်း အပိုင်း ၁ မှ ၅ အထိ အပိုင်း ငါးပိုင်းခွဲကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရေငန်တားတာများ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ●

**မာတိကာ**


ပုသိမ်မြို့နယ်၌ အရေခွံခွာထားသည့် ဆင်သေတစ်ကောင်နှင့်အတူ လူနှစ်ဦးကိုဖမ်းဆီးရမိ — စာ -၁၂

ထိုင်းလိဂ်တွင် ခြေစွမ်းပြနေသည့် အောင်သူ — စာ -၁၃

သက်ကြီးလူဦးရေ တိုးပွားလာတဲ့ ပြဿနာကို ဂျပန်ဘယ်လိုဖြေရှင်းမလဲ — စာ -၁၅


# အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း တစ်ကျော့ပြန်ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၂**

အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာယူ - ၂၃ အမျိုးသားဘောလုံးအသင်း တစ်ကျော့ပြန်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ တစ်ချိန်က အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများစွာရယူဖူးသည့် မြန်မာဘောလုံးအသင်းအနေဖြင့် ယခုအကြိမ်တွင် ပြန်လည်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အမျိုးသားဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ၁၉၉၄ ခုနှစ်က နောက်ဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ပေါင်း ၂၄ နှစ်အကြာတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တစ်ကျော့ပြန်ယှဉ်ပြိုင်မည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန်နှင့် ရလဒ်ကောင်းရရန် ပြင်ဆင်မှုများစွာပြုလုပ်မည်ဖြစ်ပြီး ဩဂုတ်လဆန်းတွင် ရန်ကုန်မြို့၌ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ

*စာမျက်နှာ ၉ ကော်လံ ၁* ❐




၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်းသားများကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ ဧပြီ ၂၃၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

•••••••• ဇူလိုင်မိုး(မြန်မာ့အလင်း) ••••••••



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

**မြန်မာနိုင်ငံ၏ စီးပွားရေးသည် လယ်ယာကဏ္ဍကို အဓိကအခြေခံလျက်ရှိသည်။ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြအပ်ပါသည်။**

**မေး။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဒုတိယ (၁)နှစ်တာကာလအတွင်း လုပ်ဆောင်မှုတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။အဓိကအောင်မြင်မှုအကြောင်းအရာနဲ့ပတ်သက်လို့ လယ်ယာကဏ္ဍမူဝါဒအသစ် ရေးဆွဲချမှတ်ခဲ့ပါတယ်။ ဒီလိုရေးဆွဲနိုင်ခြင်းကြောင့် မူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့တဲ့အတွက် လုပ်ကွက်ငယ် တောင်သူလယ်သမားတွေရဲ့ဝင်ငွေ တိုးတက်လာတယ်။ စားသုံးသူတွေရဲ့ သီးနှံတွေဘေးအန္တရာယ်ကင်းတဲ့ အာဟာရပြည့်ဝတဲ့ စားနပ်ရိက္ခာထုတ်လုပ်နိုင်တယ်။ နောက်ပြီးတော့ လယ်ယာနဲ့ ပတ်သက်တဲ့ စီးပွားရေးတွေမှာလည်း ဖွံ့ဖြိုးတိုးတက်လာတယ်။ နိုင်ငံတကာဈေးကွက်နဲ့လည်း ချိတ်ဆက်နိုင်တဲ့အတွက် ဈေးကွက်မှာ လယ်ယာထွက်ကုန်တွေ ပြည်ပကို တင်ပို့နိုင်တယ်။ နောက်တစ်ချက်ကတော့ ကျေးလက်ဒေသနဲ့ လူမှုဘဝတိုးတက်ဖွံ့ဖြိုးလာတာကို တွေ့ရတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရေရှည်တည်တံ့ခြင်း လမ်းစ အကျိုးကျေးဇူးတွေ ရရှိခံစားနေရပြီ ဖြစ်ပါတယ်။ ဒါတွေဖြစ်အောင်ရရှိတဲ့ အကျိုးကျေးဇူးတွေဟာ ပါဝင်တဲ့သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းရဲ့ အကျိုးကျေးဇူးတွေ ဖြစ်ပါတယ်။

**မေး။ ။ လယ်ယာမြေကဏ္ဍမှာ လယ်ယာမြေပိုင်ဆိုင်ခွင့်နဲ့ပတ်သက်ပြီး ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ လယ်ယာမြေလုပ်ပိုင်ခွင့်နဲ့ ပတ်သက်လို့ ဝန်ကြီးဌာနအနေနဲ့ လုပ်ဆောင်နေတာဆိုရင် အစိုးရပထမတစ်နှစ်အတွင်းကတည်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခဲ့တာတွေကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ပါတယ်။ ဒါနဲ့တွဲလျက် ဒီနှစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနမှာ တာဝန်ယူစဉ်ကစပြီး ခြောက်လအတွင်းမှာ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့လုပ်ငန်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြင်ဆင်တဲ့လုပ်ငန်းတွေကို ပညာရှင်တွေနဲ့ ပေါင်းပြီး ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခဲ့ပါတယ်။ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်အနေနဲ့ တောင်သူပေါင်း ၅၉၃၀၀၀၀ ကျော်ပိုင်တဲ့ ဦးပိုင်ပေါင်း ၉၆၉၀၀၀၀ ကျော်မှာ ဧကပေါင်း ၂၄၈၆၀၀၀၀ ကျော်ကို လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်များ ထုတ်ပေးဆောင်ရွက်ပြီး ဖြစ်ပါတယ်။ လျာထားချက်အပေါ် ၉၁ ဒသမ ၉၉ ရာခိုင်နှုန်း ဖြစ်ပါတယ်။

### ဖြန့်ဝေဖြည့်ဆည်းပေးခဲ့

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေနဲ့ပတ်သက်လို့ ဥပဒေပြင်ဆင်တာ မထွက်သေးပေမယ့် ယခင်တည်ဆဲဥပဒေနဲ့အတူ မြေလွတ်မြေရိုင်းလာရောက်လျှောက်ထားတဲ့သူ ၅၆၂ ဦးကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေနဲ့ လုပ်ကိုင်နိုင်ဖို့အတွက် မြေဧကပေါင်း ၁၁၁၈၀၀၀၀ ကျော်ကို ခွင့်ပြုချထားပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပြီးတော့ မြေကြီးမြေပုံ မှန်ကန်ရေးနှင့် မြေပုံများ ထုတ်လုပ်နိုင်ရေးအတွက် UTM စနစ်နဲ့ ဒစ်ဂျစ်တယ်ကွင်းမြေပုံတွေနဲ့ ချိတ်ဆက်အသုံးပြုနိုင်ဖို့ မြေပြင်ထိမ်းမှတ် (Ground Control Point) ၁၁၉ ခုကို စိုက်ထူထားရှိပေးနိုင်ခဲ့ပါတယ်။ နောက်ပြီးတော့ Total Station ၉၉ လုံးကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးကို ဖြန့်ဝေဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ပါတယ်။

နောက်တစ်ခုက ဒစ်ဂျစ်တယ်စနစ်ဖြင့် စာချုပ်စာတမ်းများ စီမံခန့်ခွဲမှုစနစ် (Digital Deeds Management System- DDMS)ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် DDMS Software ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ မြို့နယ် ရုံးပေါင်း ၁၅၅ ရုံးကို တပ်ဆင် အသုံးပြုလျက်ရှိရာ အပြည့်အဝ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကလည်း မြန်မာနိုင်ငံရဲ့ Ease of Doing Business Ranking အဆင့် တိုးတက်လာစေရေးအတွက် အထောက်အကူ ဖြစ်စေဖို့အတွက် ဆောင်ရွက်ချက်လည်း ဖြစ်ပါတယ်။

### မြေယာပြဿနာတွေလျော့နည်း

နောက်ထပ်လည်း လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနဲ့ဆိုင်ရာ အယူခံမှုတွေနဲ့ပတ်သက်ပြီး အယူခံမှုပေါင်း ၄၅၃၄ ခုမှာ လက်ရှိ ၂၈၃၅ ခုကို စိစစ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လယ်ယာမြေအငြင်းပွားမှုတွေနဲ့ မြေယာပြဿနာတွေ လျော့နည်းကျဆင်းရေးအတွက် ပြည်သူတွေ ဥပဒေကို လေးစားလိုက်နာတတ်တဲ့ အလေ့အကျင့်ကောင်းတွေရှိလာစေဖို့ အသိပညာပေး ဆွေးနွေးဟောပြောပွဲတွေ လုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ ကျေးရွာအုပ်စုပေါင်း ၃၄၄ အုပ်စု တောင်သူပေါင်း ၂၇၄၀၄ ဦးကို အသိပညာပေးရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။စိုက်ပျိုးရေးမှာအရေးပါလှတဲ့ စိုက်ပျိုးရေပေးဝေမှုနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနရဲ့ လုပ်ဆောင်မှု တွေကို သိပါရစေရှင့်။**

ဖြေ။ ။စိုက်ပျိုးရေပေးဝေမှုနဲ့ ပတ်သက်လို့ စိုက်ပျိုးရေအခက်အခဲမရှိ ပေးဝေနိုင်ဖို့အတွက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါး၊ မြစ်ရေတင်လုပ်ငန်းတွေနဲ့ ယခင်ရှိတဲ့ ဆည်ရေသောက် စနစ်တွေကို ပြုပြင်ထိန်းသိမ်းတယ်။ အဲဒီပြုပြင်ထိန်းသိမ်းတဲ့ လုပ်ငန်းတွေလုပ်ရုံနဲ့ပဲ အရင်က ရေကြီး ရေလျှံဖြစ်ပေါ်ခဲ့တဲ့ ဒေသတွေမှာ ရေကြီးရေလျှံမှုတွေ မဖြစ်တော့ဘူး။ ရေကို လွယ်လင့်တကူ သုံးစွဲနိုင်တာကို တွေ့ရပါတယ်။ ဒီအကျိုးဆက်တွေအနေနဲ့ကတော့ ဆန်စပါးစိုက်ပျိုးမှုမှာ ထူးထူးခြားခြား နှစ် ၇၀ အတွင်းမှာ စံချိန်ချိုးခဲ့ပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့တာ စုစုပေါင်း ၈၀၅၄ ခုကို အစိုးရသက်တမ်း နှစ်နှစ်တာကာလအတွင်းမှာ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် စိုက်ဧကပေါင်း ၁ ဒသမ ၂၃၄ သန်းခန့်အထိ စိုက်ပျိုးရေကို ပြည့်စုံလုံလောက်စွာတိုးပြီး ပေးဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အခုနှစ်အတွင်း နွေစပါးစိုက်ဧက ၁ ဒသမ ၂၈၅ သန်းခန့်ကို ရေပေးဝေစိုက်ပျိုးနိုင်ဖို့ လျာထားစီမံ ဆောင်ရွက်လျက်ရှိပါတယ်။

### လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်

နောက်တစ်ခုကတော့ စိုက်ပျိုးရေ၊ သောက်သုံးရေနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေပဲဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေအနက်မှ ဒေသအလိုက် သိသာထင်ရှားစွာ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကတော့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နဲ့ မြစ်သားမြို့နယ်အတွင်းရှိ ကင်းတား ဆည်ရေသောက်စနစ်၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ မြစ်သာရေလှောင်တမံစီမံကိန်းမှာ ရေလှောင်တမံနဲ့ ဆက်စပ် ရေအား အဆောက်အအုံတွေ၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံတွေ တည်ဆောက်ပြီးစီးပြီဖြစ်တဲ့အတွက် တပ်ဆင်ရေအားလျှပ်စစ်တာဘိုင်စက် ၂၀ မဂ္ဂါဝပ် နှစ်လုံးနဲ့ လက်ရှိမှာ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများ ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာန အဆောက်အအုံအတွင်း ကြည့်ရှုစဉ်။

*အချပ်ပို(ခ)သို့*

*အချပ်ပို(က)မှ*

နောက်တစ်ခုကတော့ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ဆည် ရေသောက်စနစ်တွေကို ဂျပန်နိုင်ငံ ODA ချေးငွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈- ၁၉ ခုနှစ်မှာ စီမံကိန်းလုပ်ငန်းတွေအားလုံး ပြီးစီးအောင်ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီလိုလုပ်ဆောင်ချက်တွေ လုပ်ဆောင်နေတဲ့ ကာလအတွင်း လုပ်ဆောင်ပြီးသွားတဲ့အခါ စိုက်ဧကပေါင်း ၂၁၆၂၈၅ ဧကခန့်အထိ တိုးမြှင့်ပြီး စိုက်ပျိုးရေပေးနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ခပေါင်းဆည်ရေသောက်စနစ်အတွင်း နွေစပါးစိုက်ဧကတွေ၊ တောင်ငူမြို့နယ်၊ ပဲချက်ကျေးရွာအုပ်စု၊ ထန်းပင်ကောက်ကျေးရွာတွေမှာ လယ်မြေ ၈၉ ဧကခန့်ကို နွေစပါးအထွက်တိုးတဲ့ SRI စိုက်နည်းစနစ်နဲ့ နွေစပါးစိုက်ပျိုးနိုင်ခဲ့ပါတယ်။

**ရေလှောင်ကန်တည်ဆောက်**

ချင်းပြည်နယ် ဖလမ်းမြို့မှာ သောက်သုံးရေ ဖူလုံစွာပေးဝေနိုင်ဖို့အတွက် လိုင်ဗားတမံမှာ ရေပိုမိုသိုလှောင်ဖို့အတွက် ရေပိုလွှဲမှာ HED တပ်ဆင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ ချင်းပြည်နယ်မှာ တစ်ခါမှမရှိတဲ့ သီကီရ်ရေလှောင်တမံကို ဒုတိယသမ္မတကြီးနဲ့ သွားရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ရေလှောင်တမံဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် လယ်ယာမြေ ဧက၅၀ ကို စိုက်ပျိုးရေပေးဝေနိုင်တဲ့အပြင် အဲဒီအနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၁ ရွာကိုလည်း သောက်သုံးရေ ပေးဝေနိုင်ခဲ့ပါတယ်။ ဂါလန်ပေါင်း ၂၃၅၀၀၀ ဆံ့ သံကူကွန်ကရစ်ရေလှောင်ကန် တည်ဆောက်ပြီး ရေပိုက်လိုင်းတွေသွယ်တန်းခြင်းလုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနဲ့ ပူးပေါင်းပြီး ဆက်လက် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ အောင်ဗလလျှိုပိတ်ဆည်၊ ကျောက်ဖြူမြို့နယ်ရှိ စနဲ့လျှိုပိတ်ဆည်၊ အမ်းမြို့နယ်ရှိ ပဒဲကြောနဲ့ လက်ခွာဒွေလျှိုပိတ်ဆည်တွေ၊ ရမ်းဗြဲမြို့နယ်ရှိ လက်ပံ၊ ပုန်းဆိုးပြိန်နဲ့ လမူးခြေလျှိုပိတ်ဆည်တွေ၊ တောင်ကုတ်မြို့နယ်ရှိ ငြင်းချောင်းလျှိုပိတ်ဆည်၊ မောင်တောမြို့နယ်ရှိ ကိုင်းကြီးလျှိုပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် လျှပ်စစ်ရေတင်လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ လျှပ်စစ်ရေတင်လုပ်ငန်းတွေကို ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး စတဲ့ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေမှာ လုပ်ငန်းပေါင်း ၁၇ ခုကို ဆောင်ရွက်ပေးခဲ့ပြီး လယ်ယာမြေဧက ၇၀၀၀ ခန့်ကို အကျိုးပြုအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နောက်တစ်ခုကတော့ ဒီဇယ်နဲ့ ရေတင်လုပ်ငန်းခြောက်ခုကို လျှပ်စစ်ရေတင်လုပ်ငန်းအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့မှာ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင် ခဲ့ပါတယ်။

**မေး။ ။စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနရဲ့ လုပ်ဆောင်ချက်တွေကိုလည်း သိပါရစေ။**

ဖြေ။ ။စိုက်ပျိုးရေးဦးစီးဌာနရဲ့ လုပ်ဆောင်ချက်တွေကတော့ လုပ်ငန်းစတင်ကတည်းက စိုက်ပျိုးရေးအနေနဲ့ လုပ်ဆောင်တဲ့ရလဒ်ကို ပထမဆုံးအနေနဲ့ ပြောချင်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနကို စကိုင်တွယ်ကတည်းက နည်းပညာပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်ကို စပြီးတော့ လုပ်ဆောင်ခဲ့ပါတယ်။ နည်းပညာပေးတာနဲ့အမျှ နည်းပညာနဲ့ တွဲပြီးတော့ နည်းပညာနဲ့ ပတ်သက်တဲ့ လုပ်ငန်းကို တိုးချဲ့ပြီးတော့ လုပ်တဲ့နေရာမှာ တောင်သူလယ်သမားတွေအတွက် တစ်ဧကရဲ့ အထွက်နှုန်းမြင့်တင်တဲ့ လုပ်ငန်းရယ်၊ လယ်ယာကဏ္ဍမှာ ကုန်ကျစရိတ်တွေ လျှော့ချတဲ့ လုပ်ငန်းရယ်၊ သဘာဝပတ်ဝန်းကျင်ကို လိုက်လျော ညီထွေမှုရှိတဲ့ စိုက်ပျိုးရေးစနစ်တွေဖြစ်ဖို့ ဆောင်ရွက်ခဲ့



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများ ရေချိုငါးမွေးမြူရေး သုတေသနနှင့်တိုးချဲ့ပညာပေးရေးဗဟိုဌာနအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

တယ်။ ဒါတွေက စိုက်ပျိုးရေးဦးစီးဌာနကတော့ စိုက်ပျိုးရေး အသိပညာပေးခဲ့တာတွေပဲဖြစ်တယ်။ ဒါကတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တစ်ရာရာခိုင်နှုန်းမလုပ်ပေးနိုင်သေးပေမယ့် အသိပညာပေးမှုတွေနဲ့ပတ်သက်ပြီး တောင်သူတွေ အကျိုးကျေးဇူးတွေ ခံစားရနေပြီ ဖြစ်ပါတယ်။

**ပြည်ပ ဆန်တင်ပို့မှု နှစ်ဆတင်ပို့နိုင်**

၂၀၁၆- ၁၇ ခုနှစ်မှာ နွေစပါး၊ မိုးစပါး စိုက်ဧကသန်းပေါင်း ၁၇ ဒသမ ၆၉၅ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အထွက်တင်းပေါင်း ၁၃၂၇ ဒသမ ၂၃ သန်းထုတ်လုပ်နိုင်ခဲ့ပြီး ဆန်မက်ထရစ်တန် ၁ ဒသမ ၇၄၇ သန်း ပြည်ပကို တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလအထိ နွေစပါး၊ မိုးစပါး စိုက်ဧက သန်းပေါင်း ၁၇ ဒသမ ၂၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်းပေါင်း ၁၁၀၅ ဒသမ ၃၅၆ သန်းထုတ်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၈ ခုနှစ် မတ်လအထိ ပြည်ပကို ဆန်တင်ပို့နိုင်မှုအနေဖြင့် ဆန်မက်ထရစ်တန် ၃ ဒသမ ၅၁၈ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ ၂၀၁၆-၁၇ ခုနှစ်ထက် ပြည်ပကို ဆန်တင်ပို့မှု နှစ်ဆခန့် တိုးမြှင့်တင်ပို့နိုင်ခဲ့ပါတယ်။

နောက်တစ်ခုကတော့ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး တောင်သူလယ်သမားတွေအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့တာဝန်ပေးချက်အရ ဆန်စပါးအသင်းချုပ်ရဲ့ ထိန်းချုပ်မှုနဲ့ တောင်သူလယ်သမားတွေရဲ့ ဆန်စပါးအတွက် အခြေခံဈေးနှုန်းကို ညှိနှိုင်းသတ်မှတ်ပေးနိုင်ခဲ့ပါတယ်။ စပါးတင်း တစ်ရာကို ငါးသိန်း သတ်မှတ်ပေးခဲ့တဲ့အတွက် တောင်သူလယ်သမားတွေ စိုက်ပျိုးတဲ့အခါမှာ အခြေခံ ဈေးနှုန်းသတ်မှတ်ခဲ့တဲ့အတွက် သေချာစေတာ ဖြစ်ပါတယ်။

မျိုးစေ့တွေ စိုက်ပျိုးကြတဲ့၊ ထုတ်လုပ်ကြတဲ့ အဖွဲ့အစည်းတွေဖွဲ့တဲ့ လုပ်ငန်းမှာ အစိုးရ၊ ပုဂ္ဂလိက တောင်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ စတင်ဆောင်ရွက်တဲ့အချိန် ပထမခြောက်လမှာ ဧက တစ်သောင်းမပြည့်မီခဲ့ပါဘူး။ အခုအခါမှာ မျိုးစေ့ထုတ်လုပ်ဖို့အတွက် မျိုးကောင်းမျိုးသန့် စိုက်ပျိုးမှုမှာ သုံးဆလောက်မြင့်မားမယ်လို့ မှန်းထားတာကနေ ခုနစ်ဆလောက် မြင့်မားခဲ့ပါတယ်။ မိုးစပါး ၆၉၇၀၂ ဧက စိုက်ပျိုးထုတ်လုပ်ဖို့ ရည်မှန်းထားပြီး ၆၉၇၃၄ ဧက တိုးပြီးစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒီလို စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် စိုက်ပျိုးခဲ့တဲ့သီးနှံတွေမှ မျိုးစေ့ထုတ်လုပ်မှုတွေကို ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် သီးနှံမျိုးစေ့ဖြန့်ဖြူးလျက်ရှိရာ စပါးသီးနှံအနေနဲ့ ၂၂၇၉၅၉ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

စိုက်ပျိုးပညာပေးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်မှာလည်း နိုင်ငံတကာအဆင့်မီတဲ့ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း (Agricultural Extension and Development Training Centre) ကြီးကို ဇေယျာသီရိမြို့နယ် နေပြည်တော်မှာ ၁၄-၁၁-၂၀၁၇ မှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒီကျောင်းကြီးကနေပြီးတော့ ကျေးရွာသစ်လူ့ပ်ရှားမှု အခြေခံသင်တန်းတွေ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ခေါင်းဆောင်မှုသင်တန်းတွေနဲ့ လူထုပညာပေးသင်တန်း စတဲ့သင်တန်းတွေကို ယခုချိန်အထိ သင်တန်း(၆)ကြိမ်၊ သင်တန်းသားဦးရေ ၅၄၉ ဦးကို သင်တန်းများ ပို့ချပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံရဲ့နောင်တစ်ချိန်မှာ ကျေးရွာတွေမှာ စနစ်တကျနဲ့ ခေါင်းဆောင်မှုပညာတွေမြင့်လာတော့မှာပါ။

**ပီပီပြင်ပြင်ဆောင်ရွက်**

နောက်တစ်ခုကတော့ အစိုးရနှစ်နှစ်တာကာလအတွင်းမှာ တောင်သူတွေထံကို စိုက်ပျိုးနည်းပညာတွေ ဖြန့်ဖြူးတဲ့နေရာမှာ အထောက်အပံ့ကောင်းဖြစ်တဲ့ call center ကို ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ နောင်တစ်ချိန် ပြည်သူကနေပြီးတော့ ဒါတွေကို အသုံးပြုပြီး အကျိုးရှိတာကိုသိရင် တဖြည်းဖြည်းနဲ့ အသုံးပြုမှု ပိုပြီးများလာမယ်။ နောက်တစ်ခု ဆောင်ရွက်နိုင်တာကတော့ Postharvest Research Institute ကို နေပြည်တော်မှာ တည်ထောင်နိုင်ခဲ့ပါတယ်။ ဒီလို Postharvest Research Institute ကိုတည်ထောင်နိုင်ခဲ့တဲ့အတွက် ကြံသီးနှံနဲ့ ပတ်သက်တဲ့ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း လုပ်ပေးနိုင်သလို ၂၀၁၇-၂၀၁၈ ခုနှစ် ကြံစိုက်ရာသီအထိ စိုက်ဧရိယာ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်း အစားထိုးအောင်မြင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းမှာ ဖွင့်လှစ်ပေးနိုင်ခဲ့တာတွေကတော့ ဇီဝနည်းပညာဓာတ်ခွဲခန်း ဖြစ်ပါတယ်။ ဒီတော့ ဇီဝနည်းပညာကို အသုံးပြုပြီး ရောဂါအမျိုးအစားခွဲခြားမှု လုပ်ငန်းတွေကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နောက်တစ်ခု ဆောင်ရွက်နိုင်ခဲ့တာကတော့ မြန်မာ့ပိုးစာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေဖို့နဲ့ ပိုးစာနဲ့ ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနဲ့ ပုဂ္ဂလိကတို့ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် မြန်မာ့ပိုးချည်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေကို ကျင်းပပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် အခြားသီးနှံဖြစ်တဲ့ ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်လို့လည်း မဟာဗျူဟာ (တတိယမူကြမ်း)အထိ ရေးဆွဲဆောင်ရွက်နိုင်ပြီးဖြစ်ပါတယ်။ မြန်မာ့ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမှာဖြစ်သလို မြန်မာနိုင်ငံရဲ့ ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားတဲ့ ရေရှည်မျှော်မှန်းချက်များကိုလည်း ရေးဆွဲချမှတ်နိုင်ပြီ ဖြစ်ပါတယ်။

ပြည်တွင်းအထည်အလိပ်ထုတ်လုပ်တဲ့ စက်ရုံတွေအတွက် ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ဖို့အတွက် အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

**အသိအမှတ်ပြုလက်မှတ်ရရှိရေး**

ဒ့ါအပြင် ဝါစိုက်တဲ့ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာစေဖို့အတွက် အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒ့ါအပြင် လုပ်သားတွေအတွက် “စံ”ဆိုတာ အရေးကြီးပါတယ်။ လုပ်သားကျွမ်းကျင်မှု စံသတ်မှတ်ခြင်းအနေဖြင့် ကျွမ်းကျင်မှုစံများကို ခေတ်နဲ့အညီ ပိုမိုပြည့်စုံကောင်းမွန်စေရန် ရော်ဘာအစေးလှီးလုပ်သား၊ ရော်ဘာပျိုးခင်းလုပ်သား၊ မှိုင်းခံရော်ဘာထုတ်လုပ်ရေး လုပ်သားတွေအတွက် ကျွမ်းကျင်မှု စံနှင့် သင်ရိုးညွှန်းတမ်းတွေကို (National Skills Standard Authority - NSSA) ရဲ့ သတ်မှတ်ချက်တွေနဲ့အညီ ရေးဆွဲပြီး ရော်ဘာအစေးလှီး ကျွမ်းကျင်လုပ်သား အသိအမှတ်ပြုလက်မှတ်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

နောက်တစ်ခုကတော့ IRRDB ရဲ့ Clone Exchange အစီအစဉ်အရ ရော်ဘာမျိုးဖလှယ်ခြင်းအနေနဲ့ အဖွဲ့ဝင်နိုင်ငံတွေမှ မျိုးသစ် ၄၇ မျိုးနဲ့ မြန်မာနိုင်ငံမှာ ARCPC – 2 နဲ့ ARCPC -6 နှစ်မျိုးနဲ့ မျိုးဖလှယ်စိုက်ပျိုးခြင်းဖြင့် မြန်မာနိုင်ငံရဲ့ရေမြေဒေသနဲ့ ကိုက်ညီတဲ့ အထွက်ကောင်းမျိုးတွေကို ရော်ဘာစိုက်တောင်သူတွေကို ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ နောက်ပြီး မွန်ပြည်နယ်မှာ ရော်ဘာသတင်းအချက်အလက်စင်တာကို ၂၁-၉-၂၀၁၇ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပြီး ရော်ဘာစိုက်တောင်သူ Small Holder တွေ ရော်ဘာ ရောင်း၊ ဝယ်ရာမှာ သတ်မှတ်ရော်ဘာ အဆင့်အတန်းလိုက် ဈေးမှန် ဈေးကောင်းရရှိဖို့ သတင်းအချက်အလက်စင်တာ တည်ထောင်ပြီး ပြည်တွင်း၊ ပြည်ပ နေ့စဉ် ရော်ဘာပေါက်ဈေးတွေကို ကြော်ငြာပေးခြင်းနဲ့ ဈေးနှိမ်မခံရဘဲ သတ်မှတ်အဆင့်အတန်းလိုက် ဈေးကောင်းရရှိခဲ့ပါတယ်။

**မေး။ ။လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနေချိန်မှာ စက်မှုလယ်ယာဦးစီးဌာနရဲ့ ရည်မှန်းချက်တွေ၊ အကောင်အထည် ဖော်မှုတွေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။စက်မှုလယ်ယာဦးစီးဌာနရဲ့အကောင်အထည်ဖော်မှုတွေကတော့ မထင်မှတ်ပေမယ့် တော်တော်လေးကို အကျိုးသက်ရောက်မှုရှိတာကိုလည်း တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ လယ်ယာဝန်ဆောင်မှု လုပ်ငန်းမှာ လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းဖို့ စက်မှုလယ်ယာကဏ္ဍ တိုးမြှင့်ဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ မကြာမီအချိန်အတွင်းမှာပဲ ဆောင်ရွက်ခဲ့ပါတယ်။ လယ်ယာ ဝန်ဆောင်မှုလုပ်ငန်းတွေအဖြစ် ဝန်ဆောင်မှုပေးနိုင်ခဲ့တာတွေကတော့ ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှု လုပ်ဆောင်နေတဲ့လူဦးရေ ၁၈၉၆ ဦးကို ပေါင်းစပ်ပြီး အသင်း ၉၆ သင်းကို ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။ သူတို့ပိုင်ဆိုင်တဲ့ ထွန်စက်ကြီး ၁၄၁၇ စီးနဲ့ ရိတ်သိမ်းခြွေလှေ့စက် ၂၃၃ စီးတို့နဲ့ လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ပြုပြင်ထိန်းသိမ်း**

ဒ့ါအပြင် လယ်ယာသုံးစက်ကိရိယာတွေ သုံးစွဲနိုင်ရေးအတွက် တစ်ပိုင်တစ်နိုင်သုံးစွဲနိုင်တဲ့ တောင်သူတွေထံ ထွန်စက်တွေရောင်းချတဲ့ အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအစီအစဉ်တွေကိုတော့ ကော်မတီတွေ၊ ဘဏ်တွေနဲ့ ညှိနှိုင်းပြီး စီစဉ်ပေးခဲ့ပါတယ်။ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ အတိုင်းအတာအနေနဲ့ကတော့ လက်တွန်းထွန်စက် ၁၅၃၀၆ စီးနဲ့ ထွန်စက်ကြီး ၃၆၃ စီးတို့ ရောင်းချပေးနိုင်ခဲ့ပါတယ်။ ငွေပေးချေမှုပုံစံကတော့ ပထမတစ်နည်းအနေနဲ့ အရစ်ကျစနစ်နဲ့ နှစ်နှစ်အတွင်းမှာ သုံးရစ်ဆပ်၊ ဒုတိယတစ်နည်းကတော့ စက်တန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်း ပထမ အရစ်ပေးသွင်းရပြီး စက်ရယူကာ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းကိုတော့ ခြောက်လတစ်ကြိမ် ၁၅ ရာခိုင်နှုန်းနဲ့ ခြောက်ကြိမ်ခွဲပြီးတော့ သုံးနှစ်ကြာ ပြန်လည်ဆပ်ရတဲ့နည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ငွေကျပ်သိန်း ၃၀၀ တန်စက်တစ်ခုကို လယ်သမားက ငွေကျပ်သိန်း ၃၀ သွင်းရုံနဲ့ လက်ဝယ်ရယူနိုင်ပါတယ်။ ဒီစနစ်နဲ့ ဖြန့်ဖြူးပေးလိုက်တာဟာ စုစုပေါင်းထွန်စက်ကြီး ၁၃၈၅ စီးနဲ့ ရိတ်သိမ်းခြွေလှေ့စက် ၅၉ စီးကို လက်ရှိအနေနဲ့ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ဒီစနစ်ကတော့ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ လယ်သမားလိုချင်သလောက်ကို ပေးနိုင်ဖို့ရာအတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ နောက်ပြီး ဆောင်ရွက်ပေးတာကတော့ ငွေကြေးနည်းနည်းနဲ့ အကျိုးရှိအောင်သုံးနိုင်ဖို့ စက်မှုလယ်ယာမှာရှိနေတဲ့ ငွေကျပ်သိန်း ၃၀ တန် ထွန်စက်ဟောင်းတွေကို ပြန်ပြုပြင်ထိန်းသိမ်းပြီး အနည်းအကျဉ်း တတ်နိုင်တဲ့ တောင်သူတွေသုံးစွဲနိုင်ဖို့အတွက် စက်တန်ဖိုး ငွေကျပ်သိန်း ၂၀ နဲ့ လက်ငင်း၊ အရစ်ကျစနစ်နဲ့ ပြန်လည်ရောင်းချပေးခဲ့ပါတယ်။ ဒါကလည်း စုစုပေါင်း ၃၉၅ စီး ရောင်းချပေးနိုင်ခဲ့ပါတယ်။

**လွယ်လွယ်ကူကူဝယ်လို့ရ**

နောက်တစ်ခုကတော့ တောင်သူပိုင်စက်များ ပြင်ဆင်ပေးခြင်းနဲ့ စက်အရန်ပစ္စည်းအလွယ်တကူ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းအနေနဲ့ စက်မှုလယ်ယာစခန်း ၄၅ ခုမှာ ပြင်ဆင်ရေးကိရိယာတွေကို တပ်ဆင်ပြီး တောင်သူပိုင်စက်တွေကို ပြင်ဆင်ပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြင်ဆင်တဲ့ စက်ပေါင်း တောင်သူပိုင်ထွန်စက်ကြီး ၄၂၃ စီး၊ လက်တွန်းထွန်စက် ၁၉၈ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ခုနစ်စီး၊ နောက်တွဲယာဉ်တစ်စီးနဲ့ ရေစုပ်စက် ခုနစ်လုံးကို စက်မှုလယ်ယာစခန်းတွေမှာရှိတဲ့ အလုပ်ရုံတွေကနေပြီးတော့ ပြင်ဆင်ပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် စက်မှုလယ်ယာစခန်း ၂၇ ခုမှာ ပုဂ္ဂလိက လုပ်ငန်းရှင်တွေနဲ့ ညှိနှိုင်းပြီး စက်ပစ္စည်းတွေ၊ စက်အပိုပစ္စည်းတွေကို လွယ်လွယ်ကူကူ ဝယ်လို့ရအောင် ဖြန့်ဖြူးပေးတဲ့ စနစ်တွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါမှသာ တောင်သူလယ်သမားတွေအတွက် အဆင်ပြေမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက စက်အသုံးပြုမယ့် တောင်သူလယ်သမားတွေအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းရေးနဲ့ ပြင်ဆင်ရေးသင်တန်းတွေမှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဒီသင်တန်းတွေမှာ တောင်သူလယ်သမားတွေကို ကိုယ်တိုင်စက်တွေ ပြင်ဆင်၊ မောင်းနှင်နိုင်ဖို့အတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။ ၂၈-၂-၂၀၁၈ ရက်နေ့အထိ သင်တန်းပေါင်း ၂၅၈ ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးပါပြီ။ တောင်သူလိုအပ်ချက် အခြေပြုသုတေသနလုပ်ငန်းတွေအနေနဲ့ Power Weeder (ကြားပေါင်းလိုက်ကိရိယာ) ဖြင့် ပေါင်းမြက်နှိမ်နင်းရေးနဲ့ တမန်နိုးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကြားပေါင်းလိုက် ကိရိယာ

*အချပ်ပို(ဂ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(ခ)မှ*

စမ်းသပ် သုတေသနပြုခြင်းလုပ်ငန်း၊ SRI ကောက်စိုက်စက်ဖြင့် စပါးသီးနှံ စိုက်ပျိုးခြင်းဖြင့် မျိုးစေ့ကုန်ကျမှုနဲ့ စိုက်ပျိုးရေးလိုအပ်မှုကို သိသာစွာ လျှော့ချနိုင်ခြင်း၊ ပင်ပွားများခြင်း၊ အထွက်နှုန်းတိုးခြင်း စတဲ့အကျိုးကျေးဇူးတွေ ရရှိနိုင်မှာ ဖြစ်ကာ တစ်ဧကမှာ မျိုးစေ့ကုန်ကျမှုကို ၁၂ ပြည်မှ ခုနစ်ပြည်အထိ လျှော့ချပြီး စမ်းသပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် သုတေသနအနေဖြင့် စက်မှုလယ်ယာကဏ္ဍကနေပြီး ထူးထူးခြားခြား ဖော်ထုတ်ခဲ့တာ ကန်သင်းပေါင်ဖော်ကိရိယာ ဖြစ်ပါတယ်။ ဒီကိရိယာကိုလည်း စနစ်ကျ လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းမှာ အသုံးပြုဖို့ သုတေသနပြုစမ်းသပ်ဆောင်ရွက်ခဲ့ပါတယ်။ ဒါတွေကတော့ အစိုးရနှစ်နှစ်တာ ကာလအတွင်းမှာ တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်ခဲ့တာတွေပဲဖြစ်ပါတယ်။ နောက်ထပ်လည်း သုတေသနလုပ်ငန်းတွေကို ဆက်လက်ပြီး ဆောင်ရွက်နေဦးမှာ ဖြစ်ပါတယ်။

**မေး ။ ။ အစိုးရ ဒုတိယ (၁) နှစ်တာ ကာလအတွင်း တောင်သူတွေ မျိုးကောင်းမျိုးသန့်တွေ အသုံးပြုနိုင်ဖို့အတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကိုလည်း သိပါရစေ။**

ဖြေ ။ ။ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအနေနဲ့ကတော့ ဒေသအလိုက်သင့်တော်တဲ့ အထွက်ကောင်းမျိုးတွေ၊ မျိုးသစ်တွေကို မွေးမြူထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အစိုးရနှစ်နှစ်တာကာလအတွင်း စပါးသီးနှံနဲ့ပတ်သက်ပြီး ရေငတ်ခံ စပါးမျိုး၊ အပူဒဏ်ခံနိုင်တဲ့ စပါးမျိုး၊ ဆားငန်ဒဏ်ခံနိုင်တဲ့ စပါးမျိုး စတဲ့ ဒေသအလိုက် အသုံးပြုနိုင်တဲ့ စပါးမျိုးသစ်ပေါင်း ကိုးမျိုး၊ မြေပဲသီးနှံအနေနဲ့ မျိုးသစ်သုံးမျိုး၊ နှမ်းသီးနှံမျိုးသစ် နှစ်မျိုး၊ ဂျုံသီးနှံမျိုးသစ်တစ်မျိုး၊ ပဲပုပ်သီးနှံမျိုးသစ်သုံးမျိုး၊ ကုလားပဲသီးနှံမျိုးသစ် တစ်မျိုး၊ မတ်ပဲသီးနှံမျိုးသစ် တစ်မျိုး၊ ကြံသီးနှံ မျိုးသစ်တစ်မျိုး၊ ချည်မျှင်ရှည်ဝါနဲ့ပတ်သက်တဲ့ မျိုးသစ်တစ်မျိုး စုစုပေါင်း မျိုးသစ် ၂၅ မျိုးကို စိုက်ပျိုးရေးသုတေသနကနေ ဖော်ထုတ်နိုင်ခဲ့ပါတယ်။

**ရေထိန်းတဲ့စနစ်ဆောင်ရွက်**

လက်ရှိမှာ ကမ္ဘာကြီးကပြောင်းလဲလာပြီ။ ရာသီဥတုပြောင်းလဲလာပြီး သဘာဝအရင်းအမြစ် ရေရရှိနိုင်မှုဟာ အချို့နေရာတွေမှာ အကန့်အသတ်နဲ့ရှိနေပါတယ်။ ဒါကြောင့်မို့ စိုက်ပျိုးရေးလုပ်ကိုင်တဲ့အခါ ရေကို ချွေတာသုံးစွဲတဲ့နည်းတွေကို သုတေသနပြုလုပ်ဖို့ပြောတဲ့အခါမှာ စပါးသီးနှံအတွက် ရေကိုချွေတာပြီးတော့ အသုံးပြုနိုင်တဲ့နည်း ရေစိုတစ်လှည့် ခြောက်တစ်ခါ ရေထိန်းတဲ့စနစ်(AWD)ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါကလည်း သုတေသနရဲ့ရလဒ်ပါ။

နောက်ထပ်ယာနဲ့ ဟင်းသီးဟင်းရွက်သီးနှံတွေအတွက်လည်း Sprinkler ၊ ရေကို အစက်ချတဲ့နည်း (Drip Irrigation) စတဲ့ ရေကိုထိန်းသိမ်းတဲ့လုပ်ငန်း (Water Saving) နည်းစနစ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုလုပ်တဲ့အတွက် မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဇုန်ဒေသစိုက် ယာသီးနှံတွေအတွက် မြေအစိုဓာတ်ထိန်းသိမ်းနိုင်ဖို့ စိုက်ခင်းဘေးတွေမှာ မိုးရေခံမြောင်းတူးထားခြင်းနဲ့ မိုးရေကို မြောင်းတွေအတွင်း စုဆောင်းထားနိုင်တဲ့ မြေအစိုဓာတ်ကို ၁၅ မှ ၂၅ ရာခိုင်နှုန်းအထိ ပိုမိုထိန်းထားနိုင်ပြီး ရေကိုထိန်းသိမ်းနိုင်တဲ့( Water Harvesting) နည်းပညာကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒီနည်းလမ်းကတော့ မြန်မာနိုင်ငံအချို့ဒေသတွေမှာ သုံးနေကြပါပြီ။ တစ်နိုင်ငံလုံးသုံးနိုင်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ရေရှားပါးမှုဒဏ်ကို ကာကွယ်နိုင်ပြီး သီးနှံအထွက်တိုးစေမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက အပင်ဇီဝနည်းပညာသုတေသန လုပ်ငန်းတွေအနေနဲ့ အပင်တစ်သျှူးမွေးမြူထုတ်လုပ်ခြင်းနဲ့ မျိုးထွန်းနည်းပညာကိုသုံးပြီး အချိန်တိုအတွင်း မိဘနဲ့ပုံစံတူတဲ့အပင်တွေ ပွားများမွေးမြူခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှားပါးမျိုးထိန်းခြင်းလုပ်ငန်းတွေကို အဏုဇီဝ နည်းပညာကို အသုံးပြုပြီးတော့ သီးနှံဗီဇမျိုးတွေကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပါတယ်။ နောက်တစ်ခုက သီးနှံအထွက်တိုးရေးကို အထောက်အကူပြုမယ့် အပင်နဲ့ပတ်သက်တဲ့ ဇီဝကမ္မဗေဒဆိုင်ရာ လက္ခဏာတွေနဲ့ပတ်သက်တဲ့ လေ့လာခြင်းဆိုင်ရာ သုတေသနလုပ်ငန်းတွေကို ဆက်လက်ပြီးတော့ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

**အလေအလွင့်အနည်းဆုံးဖြစ်**

အခုအခါမှာ စိုက်ပျိုးဖို့ အချိန်မှာ သုတေသနလုပ်ဖို့လိုအပ်တဲ့ နည်းပညာကတော့ ရိတ်သိမ်းချိန်လွန်နည်းပညာဖြစ်ပါတယ်။ ဒါဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီနေရာမှာ အခြေခံအဆောက်အအုံတွေက အရေးကြီးပါတယ်။ လွယ်လင့်တကူဆောင်ရွက်နိုင်ဖို့ တောင်သူတွေကို ပညာပေးတဲ့ လုပ်ငန်းတွေကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနကနေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် စပါးမျိုးအလိုက် အနည်းဆုံးနဲ့ ဆန်ချောထွက်ရှိမှုအမြင့်မားဆုံးရရှိစေမယ့် အကောင်းဆုံးရိတ်သိမ်းချိန်ကိုသိရှိဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနည်းဆုံးဆိုတာ အလေအလွင့်အနည်းဆုံးဖြစ်တာကို ဆိုလိုတာပါ။

**မေး ။ ။ မွေးမြူရေးနဲ့ ကုသရေး ဦးစီးဌာနအနေနဲ့ ၂၀၁၇ ခုနှစ်အတွင်းမှာ နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမှုလုပ်ခဲ့တာကိုလည်း သိရပါတယ်။ အောင်မြင်မှုအခြေအနေလေးကို ရှင်းပြပေးပါဦးရှင့်။**

**တိရစ္ဆာန်ကောင်ရေစာရင်း**

ဖြေ ။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့လည်း



တောင်နဝင်းဆည်ရေသောက်စနစ်ဖြင့် နွေစပါးများ စိုက်ပျိုးထားမှုကို တွေ့ရစဉ်။



Digital Deeds Management System (DDMS) Software ကို စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းတွင် လက်တွေ့အသုံးချနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

တိရစ္ဆာန်အရှင်တွေ တင်သွင်းတာကို လုပ်ပါတယ်။ ဒါကြောင့်မို့ စိုးရိမ်စိတ်တစ်ခုဝင်လာတာက ကိုယ့်နိုင်ငံမှာ တိရစ္ဆာန်ကောင်ရေဘယ်လောက်ရှိမှန်းမသိ၊ ဘယ်လောက်မျိုးသုဉ်းသလဲဆိုတာ မသိဘူး။ ဒါတွေက အတိအကျသိဖို့လိုလာပါတယ်။ ဘာကြောင့်လဲဆိုတော့ capacity သိမှ capacity အင်အားကို ဘယ်နေရာမှာသုံးမလဲဆိုတာ နှစ်စဉ် ဘယ်လောက်ထုတ်သလဲ၊ နှစ်စဉ် မွေးမြူရေးဌာနက ဘယ်လောက်များ မွေးမြူမလဲသိမှ ဖြစ်လို့ လုပ်ခဲ့တာဖြစ်ပါတယ်။ သူ့အတွက် လုပ်ခဲ့တာကတော့ ၂၀၁၆ ခုနှစ် အောက်တိုဘာလ လောက်ကတည်းကပါ။ FAO- LIFT Fund စီမံကိန်းရဲ့အကူအညီနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ မလှိုင်မြို့နယ်တွေ၊ မကွေးတိုင်းဒေသကြီးအတွင်းမှာ ပခုက္ကူနဲ့ ရေစကြိုမြို့နယ်တွေမှာ ကျေးရွာပေါင်း ၁၃၉၄ ရွာ၊ အိမ်ခြေပေါင်း ၂၄၄၂၃ အိမ်တွေကနေ ကောက်ယူခဲ့ပါတယ်။ အမျိုးသားအဆင့် ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအစကနေ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အနက် မြို့နယ်ပေါင်း ၂၇၅ မှာရှိတဲ့ တိရစ္ဆာန်ကောင်ရေစာရင်းရရှိပြီး ဖြစ်ပါတယ်။ ကောက်ယူခဲ့ပြီး ရရှိလာတဲ့ တိရစ္ဆာန်ကောင်ရေစာရင်းတွေကို စာရင်းသွင်းခြင်းလုပ်ငန်းကို အတိအကျ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ အစိုးရ ဒုတိယ (၁) နှစ်တာ ကာလအတွင်းမှာ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ဘယ်လိုမူဝါဒတွေ ချမှတ်ဆောင်ရွက်နေတယ်ဆိုတာ ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ချမှတ်ထားတဲ့ မူဝါဒတွေအနေနဲ့ကတော့ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစေရေးနဲ့ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး တိုးတက်လာစေရန်က ပရောဂျက်ရဲ့ အဓိကလုပ်ငန်းဖြစ်ပါတယ်။ နောက်တစ်ချက်က ပြည်တွင်း သားငါးစားသုံးမှုသာမက ပြည်ပဈေးကွက်ဝင်တဲ့အထိ ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နေပါတယ်။ ထုတ်လုပ်တဲ့နေရာမှာ အရည်အသွေးမြင့်တဲ့ပစ္စည်းတွေ ထုတ်လုပ်ဖို့လိုပါတယ်။ လယ်ယာ၊ သားငါးထုတ်ကုန်တွေ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့အတွက် ရည်မှန်းချက်တွေထားပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ငါးလုပ်ငန်းစခန်း ၂၇ ခုကနေ စံနမူနာပြလုပ်ဆောင်ပေးနေပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ငါးလုပ်ငန်းစခန်း ၂၇ ခုကနေ ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၂၅၉၁ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါတယ်။

**ရေချိုငါးမွေးမြူရေး**

သဘာဝဘေးဒဏ်တွေကြောင့် ပျက်စီးသွားတဲ့ တိုင်းဒေသကြီး ငါးခုရှိခဲ့ပါတယ်။ အဲဒီဒေသတွေကို ငါးသားပေါက်ဖြန့်ဖြူးတဲ့လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကျခံခဲ့တာကတော့ ငွေကျပ် သန်းပေါင်း ၅၄ ဒသမ ၉၅၅ သန်း အကုန်အကျခံဆောင်ရွက်ပေးခဲ့ပါတယ်။ ငါးသားပေါက်ကောင်ရေကတော့ သိန်းပေါင်း ၈၀ ဒသမ ၇၇၉ သိန်းကို ပေးအပ်ခဲ့ပါတယ်။ နောက်ပြီးတော့ နိုင်ငံတကာအဆင့်မီတဲ့ ရေချိုငါးမွေးမြူရေး သုတေသနနဲ့ တိုးချဲ့ပညာပေးရေး ဗဟိုဌာနကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ နိုင်ငံတကာအဆင့်မီဆိုတာ နောင်ကျရင် ငါးကန်ကြီးတွေ ကျယ်ကျယ်ဝန်းဝန်း လုပ်နေမယ့်အစား သုတေသနဌာနတွေကနေ နေရာနည်းနည်းနဲ့ တန်ဖိုးမြင့်တဲ့ ငါးတွေ မွေးထုတ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ပူးပေါင်းလုပ်ဆောင်ပေးခဲ့တာကတော့ KOICA ပါ။ ဒါတွေကတော့ အစိုးရသစ်လက်ထက်မှာ ပထမဦးဆုံး ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာလည်းပဲ နိုင်ငံတကာကို တင်ပို့တဲ့အခါမှာ နိုင်ငံပေါင်း ၄၀ ကျော်သို့ ၂၀၁၈ ခုနှစ် မတ်လကုန်အထိ ငါးတန်ချိန် ၅၆၈၂၂၇ ဒသမ ၃၂၇ မက်ထရစ်တန်၊ အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၁၁ ဒသမ ၇၁၇ တင်ပို့ နိုင်ခဲ့ပြီဖြစ်ပါတယ်။ နှစ် ၂၀ အတွင်း စံချိန်တင်တာပါ။ ဆန်စပါး တင်ပို့တာလည်း စံချိန်တင်ခဲ့သလို ငါးတင်ပို့တာကလည်း နှစ် ၂၀ အတွင်းမှာ စံချိန်ပြန်လည်တင်ပေးခဲ့ပါတယ်။ နောက်ထပ် မွေးမြူရေး ငါး/ ပုစွန်တွေကို EU နိုင်ငံတွေကို တင်ပို့နိုင်ဖို့အတွက် National Residue Monitoring Plan ကို လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံ (AQSIQ) မှ ထုတ်ပြန်ထားတဲ့စည်းကမ်းချက် Decree 135 ပါ ပြဋ္ဌာန်းချက်တွေအတိုင်း လိုက်နာဆောင်ရွက်နိုင်ခဲ့ပါတယ်။ ငါးကန်တွေကိုလည်း အစိုးရထံတင်ပြပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။ စပါးကတော့ အရှိန်စမြှင့်နေပြီ၊ ငါးလုပ်ငန်းကိုလည်း ရှေ့နှစ်မှာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်တော့မယ်။

**မေဂျာတစ်ခုအနေနဲ့ သင်ကြား**

ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး ဖွင့်လှစ်ဖို့ရာအတွက် ငါးလုပ်ငန်းဆိုင်ရာ ပညာရှင်တွေနဲ့ သွားပြီးတော့ ဆွေးနွေးတိုင်ပင်ခဲ့ပါတယ်။ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု မပေါ်ပေါက်လာခင်မှာ ရန်ကုန်တက္ကသိုလ်မှာ ဘာသာရပ်တစ်ခုအနေနဲ့ ငါးပညာရပ်ကို စတင်သင်ကြားပေးဖို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ အမေရိကန်နိုင်ငံကလှူတဲ့ အဆင့်မြင့်တဲ့ ငါးနဲ့ ပတ်သက်တဲ့ အခြေခံ အဆောက်အအုံတွေ တော်တော်များများ ပြည့်စုံနေပါပြီ။ ဒါကို အဓိကလုပ်နေတဲ့ ပါမောက္ခတွေလည်းရှိပါတယ်။ ဒါတွေနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အခုလာမယ့် ပညာသင်နှစ်မှာ ငါးနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေကို မေဂျာတစ်ခုအနေနဲ့ သင်ကြားနိုင်တော့မှာ ဖြစ်ပါတယ်။

နောက်တစ်ချက် ပြောချင်တာကတော့ ပင်လယ်လိပ်မျိုးထိန်းသိမ်းရေး လုပ်ငန်းပါ။ ဒီလုပ်ငန်းကို သမီးလုကျွန်းမှာ ပင်လယ်လိပ်ထိန်းသိမ်းခြင်းလုပ်ငန်း လက်ရှိဆောင်ရွက်နေတဲ့ဟာကို အသိအမှတ်ပြုတဲ့ Site Network Certificate နဲ့ ဓာတ်ခွဲခြင်းဆိုင်ရာ အသိအမှတ်ပြုတဲ့ ISO Certificate ကို ၂၀၁၆ ခုနှစ်ကစပြီး လုပ်ခဲ့တာ ၂၀၁၈ ခုနှစ်အထိ ISO / IEC 17025 : 2005 Certificate တတိယ သက်တမ်းလက်မှတ် ရရှိခဲ့ပါတယ်။

**နည်းပညာထောက်ပံ့**

ငါးသယံဇာတထိန်းသိမ်းမှုအနေနဲ့ ငါးမဖမ်းရ ရာသီ၊ ငါးမဖမ်းရဧရိယာကို ၂၀၁၈ ခုနှစ် မေလ ၁၆ ရက်ကနေ ဩဂုတ်လ ၁၅ ရက်အထိ ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ထားပါတယ်။ ငါးဖမ်းကွက်အားလုံးကို ငါးမဖမ်းရဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ တရားမဝင် ငါးဖမ်းလုပ်ငန်းတွေကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ဖို့အတွက် အမျိုးသားငါးလုပ်ငန်းစီမံချက်ကို EU-GIZ ရဲ့ Trade Development Programme- TDP က နည်းပညာထောက်ပံ့မှုနဲ့ ရေးဆွဲအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

**မေး ။ ။ ၂၀၁၇-၁၈ ခုနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနေ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်တွေအပေါ်မှာ ဝန်ကြီးအနေနဲ့ သုံးသပ်ပေးပါဦး။**

ဖြေ ။ ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ကလည်း အရေးကြီးတဲ့ ဌာနတစ်ခုပါ။ သူက ကျေးလက်ဒေသမှာရှိတဲ့သူတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့် လူသားအရင်းအမြစ် စဉ်ဆက်မပြတ်

*အချပ်ပို(ဃ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

*အချပ်ပို(ဂ)မှ*

*အချပ်ပို(ဂ)မှ*

ဖွံ့ဖြိုးမှုပန်းတိုင်နဲ့အညီ လူသားအရင်းအမြစ် ဖွံ့ဖြိုးဖို့ ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျေးလက်ဒေသတွေ သန့်ရှင်းသော သောက်သုံးရေဖူလုံအောင် ရရှိရေးအတွက် UNICEFနဲ့ ပူးပေါင်းပြီးတော့ ကျေးလက်ရေရရှိရေး မဟာဗျူဟာနဲ့ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ရေးဆွဲပြီး လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ စုစုပေါင်း ရေရရှိရေး လုပ်ငန်းပေါင်း ၅၇၉၅ ခု ကို ကျေးရွာပေါင်း ၄၂၃၉ ရွာမှာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့လို့ အိမ်ထောင်စု ၄ ဒသမ ၆ သိန်း လူဦးရေ ၂ ဒသမ ၂၆၄ သန်းလောက်အထိ အကျိုးပြုစေနိုင်ခဲ့ပါတယ်။

ကျေးလက်တွေမှာ ရေရရှိရေးလုပ်ငန်းတွေ တင်မကဘဲ ကျေးလက်မီးလင်းရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကျေးရွာ ၄၀၇၂ ရွာမှာ မီးလင်းရေးလုပ်ငန်းပေါင်း ၂၂၉၄၅၇ ခုနဲ့ စာသင်ကျောင်း၊ ဆေးပေးခန်းအပါအဝင် အများပိုင် အဆောက်အအုံ ၃၂၅၆၀ ကို ဆောင်ရွက်နိုင်ခဲ့လို့ အိမ်ခြေ ၃ ဒသမ ၀၈ သိန်းနဲ့ လူဦးရေ ၁ ဒသမ ၅ သန်းတို့ကို အကျိုးပြုနိုင်ခဲ့ပြီး အသေးစား ဓာတ်အားလိုင်းစနစ်နဲ့ ကျေးရွာ ၄၄ ရွာ မှာရှိတဲ့ အိမ်ခြေ ၃၈၉၆ ခုနဲ့ လူဦးရေ ၁၈၄၉၈ ဦးတို့ကို အကျိုးပြုစေခဲ့ပါတယ်။

**တိုးချဲ့ဆောင်ရွက်သွား**

နောက်တစ်ခု လုပ်နေတာကတော့ လူထုဗဟိုပြု စီမံကိန်းဖြစ်ပါတယ်။ လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် ၆၃ မြို့နယ်တွင် လျာထားပြီး မြို့နယ် ၄၇ မြို့နယ်မှာ ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၉၈၆၈ ခု ဆောင်ရွက်ပေးနိုင်ခဲ့လို့ ကျေးရွာ ၁၂၀၁၁ ရွာ မှာရှိတဲ့ လူဦးရေ ၇ ဒသမ ၁ သန်းအား အကျိုးပြုစေခဲ့ပြီးတော့ ကျန်မြို့နယ် ၁၆ မြို့နယ်မှာ တိုးချဲ့ဆောင်ရွက်သွားဖို့ ရှိပါတယ်။

နောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုလည်း ဆောင်ရွက်နေပါတယ်။ မြစိမ်းရောင်စီမံကိန်းက အခုဆို အရင်ကထက်အောင်မြင်လာပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက ကျေးရွာတွေကနေ တောင်းဆိုလာတဲ့အထိ ဖြစ်လာပါတယ်။ စီမံကိန်းကိုလက်ရှိမှာ ယူနစ်ပေါင်း ၈၀၅၇ ယူနစ်နဲ့ ကျေးရွာပေါင်း ၉၈၉၅ ရွာမှာ ငွေကျပ် ၂၇၁ ဒသမ ၄ ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ အဲဒီအတွက် အိမ်ထောင်စုပေါင်း ၉ ဒသမ ၇ သိန်း လူဦးရေ ၆ ဒသမ ၈ သန်းကို အကျိုးပြုစေခဲ့ပါတယ်။

အတိုးငွေကတော့ ၆၁ ဒသမ ၉၈ ဘီလီယံ ရရှိခဲ့ပြီး အဲ့ဒီအတိုးငွေထဲကမှ ငွေကျပ် ၉ ဒသမ ၂ ဘီလီယံ၊ ပြည်သူထည့်ငွေကျပ် ၅ ဒသမ ၉ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၂ ဘီလီယံနဲ့ ကျေးရွာပေါင်း ၁၆၂ ရွာတွေမှာ လမ်း ၄၂/၆မိုင်၊ တံတား ခြောက်စင်း၊ ရေရရှိရေး ၂၀ ခု၊ မီးလင်းရေး ၄၁ ခု၊ ကျန်းမာရေး ငါးခု၊ ပညာရေး ၁၄ ခုနဲ့ အခြား ဖွံ့ဖြိုးရေးလုပ်ငန်း ၃၀ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းကို ကျေးရွာ ၈၉၆၃ ရွာမှာ စီမံချက်တွေ ရေးဆွဲခဲ့ပြီး ကျေးရွာတစ်ရွာအတွက် ငွေကျပ် သိန်း ၁၀၀ ထောက်ပံ့ပေးခဲ့ရာ အိမ်ထောင်စု ၃ ဒသမ ၄ သိန်း လူဦးရေ ၁ ဒသမ ၅၈၄ သန်းကို အကျိုးပြုစေနိုင်ခဲ့ပါတယ်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းတွေ စုစုပေါင်း သင်တန်းကြိမ်ရေ ၁၄၉၀ ဖြင့် ကျေးလက်ပြည်သူ ၃၉၆၈၉ ဦး ကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ထောက်ပံ့ငွေ အထောက်အပံ့ (Grant)ဖြင့် အဖွဲ့အစည်း ၃၁ ဖွဲ့နဲ့ လုပ်ငန်းပေါင်း ၃၉ ခု၊ ချေးငွေ အထောက်အပံ့ (Loan)နဲ့ အဖွဲ့အစည်း သုံးဖွဲ့နဲ့ လုပ်ငန်းပေါင်း ငါးခု ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကျေးလက်နေပြည်သူတွေနဲ့ မြို့ပြနေအခြေခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝကို အထောက်အကူပြုနေတဲ့ သမဝါယမဦးစီးဌာနအနေနဲ့ နှစ်နှစ်တာကာလအတွင်း ဘာတွေလုပ်ဆောင်ပြီးပြီလဲ ဆိုတာ ပြောပြပေးပါရှင့်။**

ဖြေ ။ ။ သမဝါယမဦးစီးဌာန အနေနဲ့ ကျေးလက်နေပြည်သူတွေနဲ့ မြို့ပြနေ အခြေခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ သမဝါယမစနစ်နဲ့ တစ်ဖက်တစ်လမ်းက အထောက်အကူပြု ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သမဝါယမ ကဏ္ဍကြီးကို ပုံစံသစ်တွေနဲ့ ဆောင်ရွက်နိုင်ဖို့ လုပ်နေပါတယ်။ သမဝါယမက နိုင်ငံတိုင်း တိုးတက်ချင်ရင် ရှိကိုရှိရမှာ ဖြစ်ပါတယ်။ ကျေးလက်နေ တောင်သူလယ်သမားတွေအတွက် အဓိကထားရည်မှန်း ဆောင်ရွက်နေပါတယ်။ သမဝါယမအသင်းတွေ ဖွဲ့စည်းပေးမှုအနေနဲ့ အသင်းသစ် ၅၉၄ သင်း တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ယခင်က ရှိပြီးသား အသင်းနဲ့ဆိုရင် စုစုပေါင်း ၄၀၅၈၆ သင်းအထိ ရှိပါပြီ။ အရေအတွက်ထက် အရည်အသွေးကသာ အဓိကဖြစ်တဲ့အတွက် ဒါတွေကိုသာ ခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်ရင် တောင်သူလယ်သမားတွေအတွက် တစ်နိုင်ငံလုံးအထိ စည်းရုံးရေးပါ ဖြစ်စေနိုင်ပါတယ်။

**ပံ့ပိုးဆောင်ရွက်ပေး**

သမဝါယမကဆောင်ရွက်နေတဲ့ အသေးစား အရင်းအနှီးချေးငွေ လုပ်ငန်းရှိပါတယ်။ အဲဒီလုပ်ငန်း အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုမှာ မြို့နယ်ပေါင်း ၂၉၁ မြို့နယ်ရှိ အသင်း ၃၀၇၂၄ သင်းက အသင်းသား ၂ ဒသမ ၅ သန်းကျော်ကို ချေးငွေထုတ်ပေးခဲ့တာ ဘီလီယံပေါင်း ၅၈၆ ဒသမ ၅၄၂ ကို ထုတ်ချေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အရစ်ကျ Hire Purchase စနစ်နဲ့ သမဝါယမအသင်းသား တောင်သူတွေကို စက်ကိရိယာရောင်းချမှု အခြေအနေမှာ အစိုးရနှစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၇၂ မြို့နယ်မှာ သမဝါယမအသင်း ၂၈၇၁ သင်းရှိ အသင်းသား တောင်သူ ၇၃၇၈ ဦးကို စက်ပစ္စည်း စီးရေ စုစုပေါင်း ၇၈၅၁ စီး ငွေအနေနဲ့ ဘီလီယံပေါင်း ၅၇ ဒသမ ၉၅၉ ကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လယ်ယာမြေတွေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအနေနဲ့ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းတွေ အဆင့်တိုးမြှင့်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးနဲ့ လယ်ယာမြေတွေ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းတွေကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်နိုင်မှုအနေနဲ့ မြို့နယ် ၁၆၂ မြို့နယ်ရှိ လယ်ယာမြေစုစုပေါင်း ၆၄၅၇၅ ဒသမ ၆၂ ဧကအတွက် ချေးငွေကျပ်သန်း ၁၉၃၅၃ ဒသမ ၂၄၇ ထုတ်ချေးဆောင်ရွက်ခဲ့ပြီး လယ်ယာမြေပြုပြင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းတွေကနေပြီးတော့လည်း မြေထယ်ထိုးထွန်ယက်ပြုပြင်ခြင်း၊ စပါးရိတ်သိမ်းခြွေလှေ့ခြင်း၊ စပါးသိုလှောင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာတွေဖြစ်တဲ့ ရိတ်သိမ်းခြွေလှေ့စက် ၇၁ စီးနဲ့ ထွန်စက်ကြီး ၆၇၇ စီးတို့နဲ့ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက် ပေးလျက်ရှိပါတယ်။ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး သမဝါယမအသင်းက ချေးငွေထုတ်ချေးပေးနိုင်မှုကတော့ မျိုးစေ့ထုတ်ဧက ၈၂၆၀ ဧကအတွက် ချေးငွေကျပ် ၂၄၇၈ သန်းကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ နောက်ပြီး သမဝါယမတက္ကသိုလ် / ကောလိပ်လေးခုမှ နှစ်နှစ်အတွင်း ဒီပလိုမာဘွဲ့ရရှိသူ ၃၄၄၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ နိုင်ငံစီးပွားရေးရဲ့ အဓိကမောင်းနှင်အားဖြစ်တဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ လုပ်ဆောင်နေမှုနဲ့ပတ်သက် လို့လည်း သိပါရစေ။**

ဖြေ။ ။ အသေးစား စက်မှုလက်မှုလုပ်ငန်း အဓိက ဆောင်ရွက်တာကတော့ အသက်မွေးဝမ်းကျောင်းကာလတို သင်တန်းတွေ ဆောင်ရွက်ပေးပါတယ်။ သင်တန်း ၃၇၈ ခုထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မှတ်ပုံတင်လုပ်ငန်း ၁၈ ခုနဲ့ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်း ၃၀၁၇ ခုကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တိုးချဲ့ဖွင့်လှစ်နိုင်တဲ့ သင်တန်းတွေမှာ ဆောင်းဒါးရက်ကန်းနဲ့ အသက်မွေးပညာသိပ္ပံနဲ့ ယွန်းပညာကောလိပ်တို့မှာ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံစတဲ့ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွေ တိုးချဲ့ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မြန်မာနိုင်ငံအတွင်း အသေးစား အလုပ်ရုံနဲ့ လက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ စီမံကိန်းတွေ၊ ရိုးရာလက်ရက်ကန်း ဖွံ့ဖြိုးတိုးတက်ရေးတွေ၊ အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းတွေ၊ ဆင်းရဲနွမ်းပါးသူတွေရဲ့ လူမှုဘဝတိုးမြှင့်ရေးဆိုင်ရာ သင်တန်းတွေဖွင့်လှစ်နိုင်ရေး စီမံကိန်းတွေ၊ လက်မှုပညာရပ်တွေ၊ ရက်ကန်းလုပ်ငန်းတွေအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နိုင်ဖို့အတွက် လက်ခတ်သံ စီမံကိန်းတွေကို MoU, LoA, MoM လက်မှတ်ရေးထိုးပြီး လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။



ပျဉ်းမနားမြို့နယ်၌ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်စဉ်။

**မေး ။ ။ မြန်မာနိုင်ငံမှာ တစ်ခုတည်းရှိတဲ့ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ရဲ့ ပညာရေးမြှင့်တင်ရေးအပိုင်းတွေမှာ ဘယ်လို ရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်နေသလဲ ဆိုတာ ရှင်းပြပေးပါရှင့်။**

ဖြေ ။ ။ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ကတော့ လက်ရှိအနေအထားမှာ စတင်ပြီးတော့ ပြုပြင်ပြောင်းလဲပြီး ကြိုးစားနေတဲ့နေရာမှာ သင်ကြားမှုပုံစံကို ပြောင်းလဲဖို့ ကြိုးစားနေပါပြီ။ အဲဒါတွေကတော့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က ဒေသတွင်းနဲ့ နိုင်ငံတကာတက္ကသိုလ်တွေနည်းတူ သင်ကြားသင်ယူမှုဆိုင်ရာ ပညာရေးစနစ်တွေ၊ သုတေသနလုပ်ငန်းတွေ၊ စိုက်ပျိုးပညာပေးရေး လုပ်ငန်းတွေ၊ အစဉ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာတစ်ခု အနေနဲ့ ပြောရမယ်ဆိုရင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရဲ့ သင်ကြားမှုပုံစံကို ယခင်က သင်ကြားမှုကို အဓိကထားတဲ့ စနစ်ကနေ သင်ယူသူအခြေပြုတဲ့ သုတေသနအခြေပြုတဲ့စနစ်အဖြစ် ပြောင်းလဲနိုင်စေဖို့ ကြိုးစား ဆောင်ရွက်နေပါတယ်။ မသင်မနေရ ဘာသာရပ်တွေ၊ သင်ကြားပေးတဲ့ပုံစံမှ မိမိစိတ်ကြိုက် ဘာသာရပ်တွေကို ရွေးချယ်သင်ယူနိုင်စေဖို့ သင်ရိုးညွှန်းတမ်းတွေ ပြောင်းလဲရေးဆွဲခဲ့ကြပါတယ်။

**နားလည်မှုစာချွန်လွှာ ရေးထိုး**

ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့အထောက်အပံ့နဲ့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွေ၊ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးသုတေသနတက္ကသိုလ် (IARI) နဲ့ပူးပေါင်းပြီး အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနဲ့ ပညာရေးဗဟိုဌာန (ACARE)ကို တည်ထောင်ဖွင့်လှစ်ခဲ့ပါတယ်။ ဩစတြေးလျ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသန စင်တာ (ACIAR)နဲ့ ပူးပေါင်းပြီးတော့လည်း သုတေသနနယ်ပယ်တွေမှာ ပူးပေါင်းလုပ်ဆောင်လျက်ရှိပါတယ်။ ဥပမာအနေနဲ့ ဓာတ်မြေဩဇာ အသုံးပြုမှုနဲ့ တောင်သူတွေရဲ့ ဝင်ငွေအပေါ် အကျိုးသက်ရောက်မှုကို လေ့လာတဲ့ သုတေသနလုပ်ငန်းတွေ၊ ၎င်းအပြင် နိုင်ငံတကာတက္ကသိုလ်၊ သုတေသနအဖွဲ့အစည်း ၂၅ ခုဖြင့် နားလည်မှုစာချွန်လွှာတွေ ရေးထိုးထားရှိပြီး ဖြစ်ပါတယ်။

တက္ကသိုလ်စင်တာ တည်ထောင်တဲ့နေ့မှ ယနေ့အထိ ဘွဲ့ရမောင်မယ် ၁၂၀၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပထမနှစ်ဝက် ဘွဲ့ကြို ဘွဲ့လွန်သင်တန်းတွေကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ဖွင့်လှစ်ခဲ့ပြီး ဘွဲ့ကြိုကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၃၁ ဦးနဲ့ ဘွဲ့လွန် သင်တန်းသား သင်တန်းသူ ၁၈၇ ဦး တက်ရောက် သင်ကြားလျက်ရှိပါတယ်။

**မေး ။ ။ မွေးမြူရေး တက္ကသိုလ်အတွက် မျှော်မှန်း ဆောင်ရွက်ချက်တွေကိုလည်း သိပါရစေ။**

ဖြေ။ ။ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်အနေနဲ့ နိုင်ငံတော်ရဲ့ တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ဖို့အတွက် တိရစ္ဆာန်ဆေးကုနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေးပညာရှင်တွေ မွေးထုတ်ပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်နဲ့ ဆောင်ရွက်လျက်ရှိတဲ့ တက္ကသိုလ်ဖြစ်ပါတယ်။ ပြည်ပတက္ကသိုလ်အနေနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ကတော့ ထိုင်းနိုင်ငံ Kasetsart University ၊ ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဗဟိုအဖွဲ့ ACIAR ၊ အပြည်ပြည်ဆိုင်ရာ အဏုမြူအေဂျင်စီ (IAEA)၊ ရွှေ့လျားတိရစ္ဆာန်ဆေးကုစခန်း၊ နယူးဇီလန်နိုင်ငံ Massey University ၊ ဩစတြီးယားနိုင်ငံ တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ နှစ်နှစ်တာကာလအတွင်း တိရစ္ဆာန်ဆေးသိပ္ပံပညာဘွဲ့ရ ၁၉၅ဦး၊ ဘွဲ့လွန်မဟာဘွဲ့ရ ၈၇ ဦးနှင့် ပါရဂူဘွဲ့ရ ငါးဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး မွေးမြူရေးပညာဘွဲ့ရ ၁၀၀ ခန့်ကိုလည်း မွေးထုတ်ပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။ နှစ်နှစ်တာကာလအတွင်း လုပ်ဆောင်ချက်တွေ၊ တိုးတက်မှုတွေကိုသုံးသပ်ပြီး လာမယ့်နှစ်တွေမှာ ပိုမိုကောင်းမွန်တဲ့ မူဝါဒတွေ ချမှတ်သွားဖို့ရှိရင် ပြောပြပေးပါရှင့်။**

ဖြေ။ ။ မိမိတို့ရဲ့ရှေ့ဆက်မယ့် လုပ်ငန်းတွေ အောင်မြင်ဖို့အတွက် မိမိအပါအဝင် မိမိဝန်ထမ်းတွေအနေနဲ့ Concentration ဆိုတဲ့ တစိုက်မတ်မတ် ဇောက်ချလုပ်ကိုင်တတ်ဖို့၊ Discrimination ဆိုတဲ့ ခွဲခြားသိမြင်မှုရှိတတ်ဖို့၊ စုစည်းပေါင်းရုံးဆောင်ရွက်တတ်ဖို့၊ ဆန်းသစ်တီထွင်တတ်ဖို့ ဆက်သွယ်ခြင်း၊ မျှဝေခြင်းတို့ကို အဖွဲ့အစည်းတစ်ခုနဲ့ တစ်ခုကြားမှာ အမြဲဆောင်ရွက်နေဖို့ လိုပါတယ်။ တို့အားလုံးပြည်သူနှင့်အတူဆိုတဲ့ စကားအတိုင်း ဆောင်ရွက်ကြဖို့ လိုပါတယ်။ မိမိတို့နဲ့ လက်တွဲဆောင်ရွက်နေကြတဲ့ သက်ဆိုင်သူအားလုံးကိုလည်း လှိုက်လှဲဝမ်းမြောက်ရှိကြဖို့ မိမိကိုယ်ကိုယ် အားကိုးကြဖို့နဲ့ စုပေါင်း ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။ ပြည်သူတွေအားလုံး အထက်ကပြောတဲ့အရာတွေကို စုပေါင်းဆောင်ရွက်ကြမယ်ဆိုရင် မဝေးတော့တဲ့ကာလမှာ မြန်မာနိုင်ငံဟာ တိုးတက်ဖွံ့ဖြိုးလာတော့မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နှစ်နှစ်တာကာလ တိုးတက်မှုများကို သုံးသပ်ပြီး စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတို့ကို ရေးဆွဲအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ရည်မှန်းချက်၊ တိကျခိုင်မာမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ပြည်သူနှင့်အတူ ဆက်လက်ကြိုးပမ်းအားထုတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ရင်း နိဂုံးချုပ်ပါတယ်။

ဟုတ်ကဲ့-ကျေးဇူးတင်ပါတယ်ရှင့်။ ။



ကြီးအုံကြီးဝ ရေလှောင်တမံရေပိုလွှဲမှ နွေစပါးစိုက်ပျိုးရန်အတွက် ရေပေးဝေနေမှုကို တွေ့ရစဉ်။



ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံဖွင့်ပွဲကို ၂၃-၁၂-၂၀၁၇ ရက်က ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၏ဇနီး Mrs. Wang Xue Hong တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

# အိတ်ကပ်ထဲမှ ထုတ်ယူသုံးစွဲနေရသည့် ကျန်းမာရေးစရိတ်များ လျော့ကျစေရေး၊ လွယ်လွယ်ကူကူ ဆေးကုသနိုင်စေရေးနှင့် ကျန်းမာရေးအသိပညာ မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်နေသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဇူလိုင်မိုး(မြန်မာ့အလင်း)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး

**ကျန်းမာရေးနှင့် အားကစားသည် ခွဲခြား၍မရသော ကဏ္ဍနှစ်ရပ်ပင်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားအားကစားလုပ်ခြင်းသည် ဆေးမှီဝဲမှုကင်းသော ကျန်းမာရေးကို ပိုင်ဆိုင်နိုင်သည်။ ထို့အတူ ကျန်းမာသောစိတ်နှလုံးနှင့် ခန္ဓာကိုယ် ပိုင်ဆိုင်သရွေ့ နိုင်ငံအတွက် စွမ်းရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်နိုင်သလို မိသားစုအတွက် လိုအပ်သည့် ဉစ္စာနေကိုလည်း ဖြည့်တင်းပေးနိုင်မည် ဖြစ်သည်။**

လူတိုင်းလက်လှမ်းမီသော သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သော ပြည်သူများ၏ ကျန်းမာရေးအတွက် ပြည်သူ့အိတ်ကပ်ထဲမှ ထုတ်ယူသုံးစွဲနေရသည့် ကျန်းမာရေးစရိတ်များ လျော့ကျစေရန်၊ ကျန်းမာရေးပြဿနာဖြစ်ပေါ်လာသည့်အခါ လွယ်လွယ်ကူကူအခက်အခဲမရှိ ဆေးကုသနိုင်စေရန်၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားလာစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည်။

**ကာကွယ်ဆေးသစ်ထိုးနှံ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် အလွန်များပြားသည့် ကျန်းမာရေးဝန်ဆောင်မှုများအနက်မှ အစိုးရနှစ်နှစ်တာကာလအတွင်း ယခင်မထိုးပေးဖူးသေးသည့် ပြင်းထန်အဆုတ်ရောဂါကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးသစ်နှစ်မျိုးကို ထိုးနှံပေးနိုင်ခဲ့သည်။ ယခုအခါ ကလေးများအတွက် ကာကွယ်ဆေးစုစုပေါင်း ၁၁ မျိုးကို ထိုးနှံပေးလျက်ရှိသည်။ ကာကွယ်ဆေး ၁၁ မျိုးလုံးကိုထိုးပေးသည့်အတွက် ကလေးများတွင် ရောဂါ ၁၁ မျိုးဖြစ်ပေါ်ခြင်းမှ ကာကွယ်နိုင်တော့မည်ဖြစ်သည်။

ထို့အပြင် အစုလိုက်အပြုံလိုက်ထိုးဆေးအနေနှင့် ရခိုင်ပြည်နယ်မှာ အသက် ငါးနှစ်အောက် ကလေး ခုနှစ်သိန်းကျော်ကို ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်း၊ နာဂဒေသနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အသက် ၉ လမှ ၁၅ နှစ်အထိ ကလေး ၃၂၀၀၀၀ ခန့်ကို ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံပေးခဲ့သည့်အပြင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် အသက် ၉ လမှ ၁၅ နှစ်အထိ ကလေး ၁၂ ဒသမ ၆ သန်းခန့်ကို ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ ထပ်မံ၍ မွေးကင်းစကလေးများကို အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေး စဉ်ဆက်မပြတ် စတင်ထိုးနှံပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ခုတင် ၁၀၀ နှင့်အထက် ကလေးအထူးကုရှိသော ဗဟိုအဆင့်ဆေးရုံများတွင် ကာကွယ်ဆေးထိုး လွှမ်းခြုံမှုများလာစေရန်အတွက် ကာကွယ်ဆေးထိုး၊ ဆေးခန်းများဖွင့်လှစ်၍ စတင်ထိုးနှံလျက်ရှိသည်။

ကာကွယ်ဆေးလွှမ်းခြုံမှု တိုးတက်စေရန်အတွက် ကျေးလက်ကျန်းမာရေးဌာနများ၌ Immunization corner ကာကွယ်ဆေးထိုးနေရာငယ်များထားရှိပြီး ကာကွယ်ဆေးထိုးခြင်းနှင့် ပညာပေးခြင်းများကို စတင်လုပ်ဆောင်လျက်ရှိသည်။ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုတိုးတက်စေရန်အတွက် ဝေးလံခက်ခဲသောဒေသများ၌ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းကို အောင်မြင်စွာ အရှိန်အဟုန်မြှင့်ပြီး လုပ်ဆောင်လျက်ရှိသဖြင့် ကလေးသူငယ်များ၏ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုနှုန်းများမှာ ကျဆင်းလာသည်ကို တွေ့မြင်ရသည်။

**အားထည့်ဆောင်ရွက်သွားမည်**

တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်းမှာ အရှင်မွေးတစ်ထောင်လျှင် ၃၈ ဦးနှင့် ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း အရှင်မွေးတစ်ထောင်လျှင် ၄၈ ဦး ခန့်ရှိသည်ဟု သိရသည်။ အလားတူ ၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံလူဦးရေနှင့် ကျန်းမာရေးစစ်တမ်း (MDHS) အရ အရှင်မွေးတစ်သိန်းလျှင် မိခင် ၂၂၇ဦး သေဆုံးသဖြင့် မိခင်သေဆုံးမှုနှုန်းမှာ ယခင်နှစ်များနှင့်စာလျှင် ကျဆင်းလာသော်လည်း နိုင်ငံတကာစံနှုန်းနှင့် နှိုင်းယှဉ်လျှင် များနေဆဲဖြစ်၍ လာမည့်နှစ်များတွင် မိခင်သေဆုံးမှုနှုန်းနှင့် ကလေးသေဆုံးမှုနှုန်း ပိုမိုလျော့ချနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် အထူးဦးစားပေးကဏ္ဍအဖြစ် အားထည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိခင်သေဆုံးနှုန်းများကျစေရန် ရည်ရွယ်ချက်ဖြင့် သားဖွားဆရာမများအား အခြေခံအရေးပေါ် သားဖွားပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ သင်တန်း (Basic Emergency Obstetric and Newborn Care) ကို မြို့နယ်ပေါင်း ၁၀၉ မြို့နယ်တွင် သင်ကြားပို့ချပေးနိုင်ခဲ့ပြီး ကျန်မြို့နယ်များတွင် ဆက်လက်၍ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ခြင်းစနစ် (Maternal Death Surveillance and Response System)ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

**ကျောင်းကျန်းမာရေး**

တစ်ပြည်လုံး၌ ကျောင်းသားဦးရေ (၈ ဒသမ ၇) သန်းခန့်ရှိသည့်အတွက် ကျောင်းသားထုကြီး ကျန်းမာပါက ရေရှည်၌ မြန်မာနိုင်ငံ၌ ကျန်းမာသော ပြည်သူများ ပိုမိုများပြားလာမည်ဖြစ်ပါသဖြင့် တစ်နိုင်ငံလုံးတွင်ရှိသော ကျောင်းများ၌ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ အထူးအားပေး ဆောင်ရွက်ခဲ့ရာတွင် ကျောင်းပေါင်း ၄၅၇၆၇ အနက် ၉၇ ရာခိုင်နှုန်းခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ တစ်နိုင်ငံလုံးရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် သန်ချဆေး နှစ်ကြိမ်တိုက်ကျွေးခဲ့သည်။ ကျောင်းများတွင် သန်ချဆေးတိုက်ကျွေးခြင်း (School Deworming) သည် ကျန်းမာရေးအတွက် အထူးအကျိုးရှိသဖြင့် ယခုနှစ်၌လည်း ဦးစားပေးအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အမျိုးသားအဆင့် ကျောင်းကျန်းမာရေးဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ပြီးဖြစ်၍ ၎င်း အစည်းအဝေးမှ ပေါ်ထွက်လာသော ဆွေးနွေးအကြံပြုချက်များကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ် အသီးအပွင့်လေးများ၏ ကျန်းမာရေးနှင့် နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနေသော မိခင်များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အထူးဂရုစိုက် ကာကွယ်ပေးနေသည်ကို မြင်တွေ့ရသည်။

**အသင့်အတင့် လျှော့ချနိုင်ခဲ့**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူများ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုလျော့ကျစေရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ရောဂါဖြစ်ပွားမှုနှုန်းအနေနှင့် လူတစ်သိန်းတွင် ဝမ်းလျှောဝမ်းပျက်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အသည်းရောင်ရောဂါ၊ ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်း၊ ကူးစက်ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ ကျဆင်းလျက်ရှိသည်ကိုတွေ့ရသည်။ မူးယစ်ဆေးအစားထိုး မက်သဒုန်း တိုက်ကျွေးမှုကိုလည်း နှစ်နှစ်တာကာလအတွင်း ၂၅၉၁၅ ဦးအထိ တိုက်ကျွေးနိုင်ခဲ့သဖြင့် မူးယစ်ဆေးသုံးစွဲမှုကို အသင့်အတင့်လျှော့ချနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် နိုင်ငံတကာနှင့် ယှဉ်လျှင် နိမ့်ကျခဲ့ရာမှ ယခုအခါ အစိုးရမှ ကျန်းမာရေးအသုံးစရိတ်များ တိုးမြှင့်ချမှတ်သုံးစွဲခွင့်ပေးခဲ့၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် ပြန်လည်ဦးမော့လာနိုင်ခဲ့ သည်။ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့ရာတွင်လည်း အစိုးရနှစ်နှစ်တာကာလအတွင်း တိုးတက်အောင်မြင်မှုများစွာရရှိခဲ့သည်။ ဥပမာ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ခုခံအားကျဆင်းမှုရောဂါ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ အစရှိသည့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များတွင် အစိုးရနှစ်နှစ်အတွင်း တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့မြင်ရသည်။

**ကျဆင်းလာ**

ခန့်မှန်းတွက်ချက်မှုများအရ ၂၀၁၇ ခုနှစ်တွင် အသက် ၁၅ နှစ်မှ ၄၉ နှစ်အကြား အိပ်ချ်အိုင်ဗွီ လူနာအသစ်ဖြစ်ပွားမှုသည် ၂၀၁၅ ခုနှစ်တွင် ၁၂၉၁၅ ဦး ရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၁၁၈၇၃ ဦး နှင့် ၂၀၁၇ ခုနှစ်တွင် ၁၀၉၄၅ ဦးအထိ လျှော့ချနိုင်ခဲ့ပြီး အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဖြင့် သေဆုံးမှုသည် ၂၀၁၅ ခုနှစ်တွင် ၈၈၁၁ ဦးရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၈၀၆၃ ဦးနှင့် ၂၀၁၇ ခုနှစ်တွင်

*အချပ်ပို(စ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ




(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းအစည်းအဝေးကို ၅-၄-၂၀၁၈ ရက်က ကျင်းပရာ ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

*အချပ်ပို(င)မှ*

၇၄၅၄ ဦးအထိ လျော့ချနိုင်ခဲ့သည်။ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုနှုန်းသည် ၂၀၁၅ ခုနှစ်တွင် ၁၅ ဒသမ ၃၉ ရာခိုင်နှုန်းရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၁၄ ဒသမ ၃၆ ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်တွင် ၁၃ ဒသမ ၄၂ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၌ လူဦးရေတစ်သိန်းတွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းသည် ၂၀၁၄ ခုနှစ်တွင် ၃၆၉ ဦး မှ ၂၀၁၆ ခုနှစ်တွင် ၃၆၁ ဦးထိသာ လျော့ကျလာသည်ကိုတွေ့ရှိရပြီး တီဘီရောဂါကြောင့် သေဆုံးမှုနှုန်းသည် ၂၀၁၄ ခုနှစ်တွင် ၅၃ ဦးမှ ၂၀၁၆ ခုနှစ်တွင် ၄၇ ဦးထိ လျော့ကျလာကြောင်း တွေ့ရှိရသည်။ တီဘီရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ တီဘီလူနာအခမဲ့ရှာဖွေကုသပေးနိုင်မှုမှာ၂၇၁၆၅၀ ရှိခဲ့ပြီး တီဘီလူနာဆေးကုသမှုအောင်မြင်နှုန်း ၈၈ ရာခိုင်နှုန်းထိ ရှိလာသည်ကို တွေ့ရှိရပါသည်။

ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်ရောဂါ၊ ငှက်ဖျားရောဂါကာကွယ် နှိမ်နင်းရေးနှင့်ပတ်သက်၍ အထူးအောင်မြင်လျက်ရှိပြီး ယခုအခါ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကင်းဝေးရေး (Malaria Elimination) ကို ဦးတည်ရေးဆွဲထားသော အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၀ (National Strategic Plan 2016-2020) ကို ရေးဆွဲပြီးစီးပြီဖြစ်၍ စတင်ဆောင်ရွက်လျက်ရှိသည်။ ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်း (Mass Drug Administration) ကို နှစ်စဉ် လူဦးရေ ၃၂ သန်းခန့်အား တိုက်ကျွေးလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ဆင်ခြေထောက်ရောဂါကင်းဝေးရေး ရည်မှန်းချက်သို့ ရောက်ရှိရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

အနာကြီးရောဂါ လူနာသစ်ရှာဖွေရေးလုပ်ငန်းမှတွေ့ရှိသူ လူနာသစ်ပေါင်း ၄၈၈၈ ဦးကို ဆေးဝါးကုသပေးနိုင်ခဲ့သည်။ ဤအချက်သည် အနာကြီးရောဂါကာကွယ်ရေးကို အရှိန်မပြတ် ဆက်လက်ဆောင်ရွက်ရမည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးတွင် မျက်စိအတွင်းတိမ် ခွဲစိတ်မှုပေါင်း ၂၂၂၇၃၀ ပြုလုပ်ခဲ့သဖြင့် မျက်စိအတွင်းတိမ်ရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ရောက်ရှိနေသည်ကို တွေ့ရသည်။

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ရှိ နိုင်ငံပိုင်ဆေးရုံကြီးခုနစ်ရုံတွင် အသည်းရောင်အသားဝါ (စီ) ရောဂါပိုးကူးစက်ခြင်းခံရသူ လူနာများအနက် ၂၀၀၀ ကို all oral direct acting anti-viral ဆေးများအသုံးပြု၍ အခမဲ့ဆေးကုသခြင်းလုပ်ငန်း စတင်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လူနာပေါင်း ၁၆၇၁ ဦးကို ကုသမှုပေးနိုင်ခဲ့ပြီးဖြစ်သည်။

**ကူးစက်ရောဂါများ ထိန်းချုပ်နိုင်ခဲ့**

ကူးစက်ရောဂါများဖြစ်ပွားမှု ကျဆင်းရန်အတွက်အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် Global Health Security Agenda (GHSA)ပါ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာမဲခေါင်ဒေသကြီးတွင် ကျန်းမာရေး ဘေးကင်းလုံခြုံမှု (Greater Mekong Subregion Health Security) စီမံချက်အား အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ချေးငွေဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ကပ်ရောဂါအသွင်ဖြင့် ရောဂါဖြစ်ပွားမှုများကို ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထူးခြားပြောင်မြောက်စွာ စွမ်းဆောင်နိုင်မှုမှာ ၂၀၁၆ ခုနှစ် နာဂဒေသတွင် ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားမှုနှင့် ၂၀၁၇ ခုနှစ် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု(H1N1) ရောဂါဖြစ်ပွားမှုအား ကာလတိုအတွင်း အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သည်။

“ရောဂါရှာဖွေတဲ့နေရာမှာ ကမ္ဘာ့ရန်ပုံငွေ (Global Fund) ရဲ့အထောက်အပံ့နဲ့ အလွန်ပြင်းထန်ပြီး ကူးစက်မြန်တဲ့ရောဂါတွေကို ဓာတ်ခွဲရှာဖွေဖို့အတွက် သန့်ချိတန်တဲ့ ဇီဝလုံခြုံမှုအဆင့်(၃)ရှိတဲ့ ဓာတ်ခွဲခန်းနှစ်ခုကို တောင်ကြီးနဲ့ အင်းစိန်မှာ ဖွင့်ခဲ့ပါတယ်၊ အဲဒီဆေးရုံတွေမှာ ကူးစက်မှုပြင်းထန်ပြီး မြန်တဲ့ရောဂါတွေကို ရှာဖွေလို့ရနေပါပြီ၊ ဒီရောဂါတွေကို ရိုးရိုးသာမန်ဓာတ်ခွဲခန်းမှာ ရှာဖွေလို့မရပါဘူး၊ ရောဂါတွေကူးစက်နိုင်တယ်။ ဒါကြောင့်မို့ ဒီဓာတ်ခွဲခန်းနှစ်ခုဟာလည်း ကျွန်တော်တို့နိုင်ငံရဲ့ အားထားရတဲ့ ဓာတ်ခွဲခန်းတွေဖြစ်ပါတယ်၊ ဒါ့အပြင် ကုသမှု၊ ကုထုံးတွေအနေနဲ့လည်း အရေးကြီးပါတယ်၊ ကုထုံးဆိုတာလည်း အမြဲပြောင်းလဲနေပါတယ်၊ HIV/AIDS, TB အစရှိတဲ့ ရောဂါတွေအတွက် နောက်ဆုံးပေါ် ကုထုံးလမ်းညွှန် (Therapeutic Guidelines) တွေလည်း ထုတ်ထားပါတယ်”ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

**မကူးစက်နိုင်သောရောဂါများ**

အခြေခံကျန်းမာရေးဝန်ထမ်းများမှ မကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးတိုး၊ ဆီးချို၊ သွေးချို၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါများနှင့် ကင်ဆာရောဂါများ (သားအိမ်ခေါင်း၊ ရင်သား၊ ခံတွင်း) အား ရောဂါရှာဖွေကုသမှုပေးခြင်း၊ လွှဲပြောင်းပေးခြင်းလုပ်ငန်းအား ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ခြင်း (Package of Essential NCDs Interventions -PEN) လုပ်ငန်းကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုနှင့် မြို့နယ် ၉၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်ခုနစ်ခုရှိ မြို့နယ် ၁၃၀ မြို့နယ်များသို့ တိုးချဲ့သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံးတွင် လွှမ်းခြုံဆောင်ရွက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မကူးစက်နိုင်သောရောဂါများ အနည်းငယ်ဦးမော့လာသည်ကို စိစစ်တွေ့ရှိရ၍ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၁၇-၂၀၂၁ ကို ရေးဆွဲခဲ့ပြီး ၎င်းအပေါ်မူတည်၍ ကျန်းမာရေးဝန်ဆောင်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ အလားတူ မြန်မာနိုင်ငံ အမျိုးသားကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေး မဟာဗျူဟာစီမံကိန်း၂၀၁၇-၂၀၂၁ ကိုရေးဆွဲခဲ့ပြီး လူထုအခြေပြုကင်ဆာရောဂါစာရင်းပြုစုခြင်း (Population Based Cancer Registry)ကို လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် စတင်ဆောင်ရွက်ခဲ့သဖြင့် ကျန်းမာရေးစီမံကိန်းစီမံချက်ရေးဆွဲရာ၌လည်းကောင်း၊ ရန်ပုံငွေခွဲဝေချထားရာ၌လည်းကောင်း များစွာအထောက်အကူပြုလျက်ရှိသည်။

**ကုသမှုပိုင်းဆိုင်ရာတိုးတက်မှု**

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ၊ ဆေးကုသမှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေး၏ တစ်စိတ်တစ်ပိုင်းမှာ အထူးကုဆရာဝန်ကြီးများ၏ အရည်အသွေးတိုးတက်မှုသည် အရေးကြီးသည့်အချက်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အထူးကုဆရာဝန်ကြီးများ၏ ကျွမ်းကျင်မှုအရည်အသွေးအဆင့်အတန်းမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အထူးကုဆရာဝန်ကြီးများသည် ပြည်ပနိုင်ငံများမှ အထူးကုဆရာဝန်ကြီးများနှင့် ပူးတွဲလုပ်ကိုင်ခြင်းဖြင့် ဆေးကုသမှုအရည်အသွေးတိုးတက်လာမှုများကိုလည်း တွေ့ရသည်။

ကုသမှုပိုင်းဆိုင်ရာတိုးတက်မှုများကို ဥပမာအားဖြင့်တင်ပြရလျှင် ရင်ခေါင်းဖွင့်နှလုံးခွဲစိတ်ကုသခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီးတို့တွင် လူနာပေါင်း ၁၂၈၇ ဦးကို ရင်ခေါင်းဖွင့်ကာ နှလုံးခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၉၅ ရာခိုင်နှုန်းကျော်ဖြစ်သည်။ နှလုံးသွေးကြောချဲ့ကုသမှုများကို ချက်ချင်းလျင်မြန်စွာလုပ်နိုင်ရန် Cardiac Cath Lab များကို မန္တလေးပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီးတို့၌ ဖွင့်လှစ်ထားရှိပြီး လူနာပေါင်း ၈၁၆၂ ဦးကို ကုသပေးနိုင်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး ပြင်သစ်နိုင်ငံ၌ မတ် ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် **Gavi, the Vaccine Alliance Board Retreat** အစည်းအဝေးသို့ တက်ရောက်စဉ်။

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် အရေးပေါ်နှလုံးသွေးကြောချဲ့ကွန်ရက်ကို စတင်ထူထောင်နိုင်ခဲ့ပြီး မူလက ရုံးဖွင့်ရက် ရုံးချိန်အတွင်းသာ ဝန်ဆောင်မှုပေးခဲ့ရာမှ ယခုအခါ ၂၄ နာရီနီးပါး ကုသမှုပေးနိုင်ခဲ့ပြီး လူနာပေါင်း ၅၆၃ ဦးကို ကုသမှုပေးခဲ့ပြီးဖြစ်သည်။ ကွန်ရက်ဖွဲ့၍ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းသည် ထိရောက်သည့်ကိစ္စဖြစ်သဖြင့် အခြားရောဂါများ ကုသမှုကိုလည်း လုပ်ဆောင်ရန် စဉ်းစားစီစဉ်လျက်ရှိပါသည်။

အသည်းအစားထိုး ခွဲစိတ်ကုသပေးခြင်း (Liver Transplant)လုပ်ငန်း၊ ကျောက်ကပ်အစားထိုးခွဲစိတ်ခြင်း (Kidney Transplant) လုပ်ငန်း၊ ရိုးတွင်းခြင်ဆီအစားထိုးခြင်း (Bone Marrow Transplant) လုပ်ငန်း၊ သားသမီးရရှိရန်ခက်ခဲသူများ သားသမီးရရှိစေရေးလုပ်ငန်း (Fertility Center)၊ နှလုံးအဆို့ရှင်လဲလှယ်တပ်ဆင်မှုလုပ်ငန်း (Transcatheter Aortic Valve Implantation) များကို ပြည်ပပညာရှင်များနှင့် ပူးပေါင်း၍ အောင်မြင်စွာအရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနများကို ရန်ကုန်၊ မန္တလေး၊ မြောက်ဥက္ကလာပနှင့် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားလျက်ရှိရာမှာ နောက်ဆုံးပေါ် စက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းပေးခဲ့ပြီး မြောက်ဥက္ကလာပဆေးရုံကြီး၌ မြန်မာနိုင်ငံတွင် ယခင်က မခွဲစိတ်နိုင်ခဲ့သော ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ခွဲစိတ်မှုငါးမျိုးကို ဆောင်ရွက်နေနိုင်ပြီဖြစ်သလို နိုင်ငံတကာနှင့်ပူးပေါင်း၍ ခွဲစိတ်သင်ကြားမှုများ ဆောင်ရွက်လျက်ရှိသည်။ အထွေထွေခွဲစိတ်ကုဆရာဝန်မြောက်မြားစွာကိုလည်း အထူးမွမ်းမံသင်တန်းများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုဌာနတွင် လက်ကောက်ဝတ်မှ ပြတ်တောက်ခြင်း၊ လက်ချောင်းပြတ်တောက်ခြင်းကို ပြန်လည်ဆက်ပေးနိုင်ခြင်း၊ ခြေညှိုးကို လက်ချောင်းနေရာတွင် အစားထိုးပေးနိုင်ခြင်းတို့ကို အောင်မြင်စွာ ခွဲစိတ်ကုသ ပေးနိုင်ခဲ့သည်။

*အချပ်ပို(ဆ)သို့*

*အချပ်ပို (၈) မှ*

**ဆေးရုံဝန်ဆောင်မှု**

ဆေးရုံများတွင် လူနာများဆေးရုံတက်ရောက်ခြင်းနှင့် အခြားဆေးရုံနှင့်ဆိုင်သော ကိစ္စများကို ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ညွှန်ကြားဌာနများကို ခုတင် ၁၀၀ နှင့်အထက် အဆင့်ဆေးရုံ ၁၂၃ ရုံတွင် ညွှန်ကြားဝန်ထမ်းအမျိုးသမီးငယ် ၈၃၈ ဦးဖြင့် စတင်ဝန်ဆောင်မှုပေးလျက်ရှိပြီး ဆက်လက်၍လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

ခုတင် ၂၀၀ နှင့်အထက် ဆေးရုံကြီးများ၌ ဆေးရုံမှ အခမဲ့ပေးနိုင်ခြင်းမရှိသော ဆေးနှင့်ဆေးပစ္စည်းများကို အရည်အသွေးပြည့်မီပြီး စျေးနှုန်းမှန်ကန်စွာ ရောင်းချပေးသောဆေးဆိုင်များ ဖွင့်လှစ်ခြင်းအားလည်း ဆေးရုံကြီး ၂၃ ရုံတွင် စတင်ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပါသည်။ဆေးရုံများ၌ ဆေးဆိုင်ဖွင့်လှစ်ခြင်းမှာ နိုင်ငံတော်အစိုးရအဖွဲ့ (Cabinet) မှလည်း ခွင့်ပြုပြီးဖြစ်သည်ဟု သိရှိရပါသည်။ ဆေးဝါးများအား အခမဲ့ပေးခြင်းသည် ကောင်းမွန်သော်လည်း ရေရှည်တွင် ဖွံ့ဖြိုးဆဲနိုင်ငံအတွက် မဖြစ်နိုင်ပါ။ အလားတူများပြားလှစွာသော ဓာတ်ခွဲစစ်ဆေးမှုများကို ဆေးရုံများ၌ အခမဲ့ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ စျေးနှုန်းသင့်တင့်၍ အလွယ်တကူဝယ်ယူရရှိနိုင်သော စားသောက်ဆိုင်၊ စတိုးဆိုင်ငယ်များဖွင့်လှစ်ခြင်းအားလည်း ဆေးရုံကြီးကိုးရုံတွင် ဆေးရုံအထောက်အကူပြုအဖွဲ့များ၏ကြီးကြပ်မှုဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ဆေးရုံများ၌ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကျစေရန်အတွက် ဆေးရုံတွင် ရောဂါကူးစက်မှုနှုန်း ထိန်းချုပ်ရန် လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ခဲ့သည်။

**ဝန်ထမ်းအရည်အသွေးမြှင့်တင်**

အလွှာစုံဝန်ထမ်းများ အရည်အသွေးမြင့်မားလာစေရန်အတွက် နိုင်ငံတကာသို့ သင်တန်းများ၊ အစည်းအဝေးများ စေလွှတ်ထားရှိမှုအနေနဲ့ နိုင်ငံတကာအစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲ၊ ညီလာခံနှင့် နိုင်ငံခြားပညာတော်သင်စုစုပေါင်း ၄၁၄၆ ဦးတို့ကို စေလွှတ်နိုင်ခဲ့သည်။

“ဆရာဝန်တွေရဲ့ အရည်အသွေးကို ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နေပါတယ်၊ လာမယ့်နှစ်တွေမှာလည်း ဒီထက်ပိုပြီး လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့မှာ တော်တဲ့ ဆရာဝန်တွေ၊ အထူးကုဆရာဝန်တွေရှိဖို့ လိုအပ်ပါတယ်၊ အစိုးရနှစ်နှစ်အတွင်းမှာ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့၊ ဒီပလိုမာသင်တန်းစတဲ့ သင်တန်းအသစ် ၁၃ ခုကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်၊ ဒါ့အပြင် ဘွဲ့လွန်သင်တန်းသင်ကြားပေးမှုအနေနဲ့ကတော့ လက်ရှိမှာ ဒီပလိုမာဘွဲ့လွန်သင်တန်း၊ မဟာသိပ္ပံသင်တန်း၊ ပါရဂူဘွဲ့လွန်သင်တန်း၊ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း စုစုပေါင်း ၁၂၆ ခု ဖွင့်လှစ်သင်ကြားပေးပြီး အထူးကုဆရာဝန်၊ အထူးကုသူနာပြုဆရာမ၊ ဆေးဘက်ကျွမ်းကျင်ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပါတယ်၊ ဝန်ထမ်းများပြီး အရည်အသွေးမပြည့်မီမှုတွေ မရှိရအောင် အားဖြည့်လုပ်ဆောင်နေပါတယ်။

သူနာပြု၊ သားဖွားသင်ကြားရေးကဏ္ဍကို လေ့လာတဲ့အခါ နိုင်ငံတကာနဲ့ယှဉ်ရင် ခေတ်နောက်မကျစေရန်၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းတွေမှာ သူနာပြု၊ သားဖွားသင်ရိုးညွှန်းတမ်းတွေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး စတင်သင်ကြားလျက်ရှိပါတယ်၊ အခုလိုပြောင်းလိုက်တဲ့အခါမှာလည်း ပြည်ပပညာရှင်တွေကိုခေါ်ပြီး ညှိနှိုင်းဆွေးနွေးကာ ပြုပြင်ပြောင်းလဲခဲ့တာပါ၊ ဒီလိုပြောင်းလဲမှုဟာ အောင်မြင်မှုတစ်ရပ်လို့လည်းဆိုနိုင်သလို မိမိတို့နိုင်ငံရဲ့ သူနာပြု၊ သားဖွားတွေရဲ့ အရည်အသွေးနဲ့ ပုံရိပ်ကိုလည်း မြင့်တက်လာစေမှာဖြစ်ပါတယ်၊ နောက်ပြီး ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာမူဝါဒ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မဟာဗျူဟာ ၂၀၁၈-၂၀၂၂ နဲ့ သားဖွားကျွမ်းကျင်သူဆိုင်ရာ မူဝါဒကို ရေးဆွဲခဲ့ပြီး အခုအခါမှာ မူဝါဒတွေနဲ့အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆက်လက်ပြောကြားသည်။




၂၁-၃-၂၀၁၈ ရက်က ရှမ်းပြည်နယ် စံပြဆေးရုံများ ဆုချီးမြှင့်ပွဲနှင့် ပြည်နယ်ကျန်းမာရေးသံတမန်ခန့်အပ်ပွဲ အခမ်းအနားကျင်းပစဉ်။

**ကျန်းမာရေးစာတတ်မြောက်မှု**

ပြည်သူများ ကျန်းမာရေးအသိအမြင်၊ ကျန်းမာရေးစာတတ်မြောက်မှု (Health Literacy) မြင့်လာပါက ရောဂါများဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ပြီး သာမန်အဖြစ်များသော ရောဂါများ ဖြစ်ပွားမှုနှုန်းများလည်း ကျဆင်းလာပြီး ဆေးရုံ၊ ဆေးခန်းသို့လာရောက်တက်ရောက်ရသူ နည်းလာပါမည်။ သို့အတွက် နည်းပါးသောလူနာအရေအတွက်အား ဆေးရုံဝန်ထမ်းများမှ အရည်အသွေးပြည့်ဝသော ကုသစောင့်ရှောက်မှုများ ပိုမိုပေးအပ်နိုင်မည့်အပြင် ရောဂါအတွက် ဆေးဝါး၊ ဆေးပစ္စည်း၊ ဓာတ်မှန်၊ ဓာတ်ခွဲ ကုန်ကျစရိတ်များလည်း လျော့နည်းလာမည်ဖြစ်သည့်အတွက် နိုင်ငံတော် ဘဏ္ဍာငွေ ကုန်ကျနေမှုများအားလည်း သိသာစွာသက်သာလာမည်ဖြစ်သည်။ ပိုလျှံသောငွေကို အခြားလိုအပ်သော ကဏ္ဍ၌ သုံးနိုင်မည်ဖြစ်ပါသည်။

ပြည်သူများကျန်းမာရေး၊ စာတတ်မြောက်မှုအတွက် နည်းလမ်းပေါင်းစုံနှင့်ပညာပေးလျက်ရှိရာတွင် ယခုအခါ ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များစာအုပ်အား ရေးသားပြုစုထုတ်ဝေပြီး ကျန်း မာရေးဝန်ထမ်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများထံ အုပ်ရေ ၂၀၀၀၀ ဖြန့်ဝေပြီးဖြစ်ပါသည်။

အဆိုပါစာအုပ်ကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုလျက်ရှိပြီး ဆက်လက်၍ နောက်ထပ်အုပ်ရေ ၃၀၀၀၀ ခန့် ဆက် လက်ထုတ်ဝေသွားမည်ဖြစ်သည်။ ၎င်းစာအုပ်တွင် အဖြစ်များ၍ အလွယ်တကူကာကွယ်နိုင်သည့် ရောဂါများအကြောင်းကို ထည့်သွင်းထားရှိ၍ ကာကွယ်နိုင်မည့် နည်းလမ်းများကိုပါ တစ်ပါတည်းဖော်ပြထားသဖြင့် မိသားစုတိုင်း၊ အိမ်တိုင်း လက်ဝယ်ထားရှိသင့်သော စာအုပ်တစ်အုပ်ဖြစ်ပါသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများမှ ၎င်းစာအုပ်ကိုအသုံးပြု၍ အိမ်တိုင်ရာရောက်ကျန်းမာရေးပညာပေးရာတွင် ပို၍လွယ်ကူစေရေးအတွက် ထိုစာအုပ်ကို ဖုန်း Tablet များတွင် ထည့်သွင်း၍ အခြေခံကျန်းမာရေး ဝန်ထမ်း ၃၀၀၀၀ ခန့်ကို ဖြန့်ဝေပေးနိုင်ရေး စီစဉ်လျက်ရှိသည်။

အဆိုပါ ဖုန်း Tablet များတွင် ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များစာအုပ်သာမက ဝန်ထမ်းများအနေဖြင့် သိသင့်သိထိုက်သည့် အချက်အလက်များ၊ စာအုပ်စာတမ်းများ၊ လုပ်ငန်းလမ်းညွှန်များကို ထည့်သွင်းပေးထားမည်ဖြစ်ပြီး ယနေ့ခေတ် IT နည်းပညာ၏အကူအညီကိုရယူ၍ ဝန်ထမ်းများ၏ စွမ်းဆောင်မှု အရည်အသွေးမြင့်မားလာစေရေးနှင့် ပြည်သူများအား ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရေး ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပါသည်။

**ပြည်သူ့ကျန်းမာရေးကဏ္ဍ**

အစိုးရ နှစ်နှစ်တာ ကာလအတွင်းတွင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအား အသစ်တည်ဆောက်ခဲ့ရာတွင် ကျေးလက်ကျန်းမာရေးဌာနအသစ် ၁၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၂ ခု အသစ်ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း (Community Health Clinic) များအားလည်းဖွင့်လှစ်၍ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၇၉၆ ခုတွင် ဆေးခန်းများ ဖွင့်လှစ်လျက်ရှိပြီး မိခင်နှင့် ကလေးကျန်းမာရေးလုပ်ငန်း၊ ငါးနှစ်အောက်ကလေးကျန်းမာရေးလုပ်ငန်း၊ အာဟာရမြှင့်တင်ရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း၊ သွေးတိုး၊ နှလုံး၊ ဆီးချိုစသည့် မကူးစက်တတ်သောရောဂါများနှင့် ပတ်သက်သောလုပ်ငန်းများဆောင်ရွက်ခြင်း၊ သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေးရာနေရာငယ်များ (Health Education corner) ထားရှိခြင်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်မြို့ မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာန၌ ခွဲစိတ်ကုသနေမှုကို တွေ့ရစဉ်။

**တိုင်းရင်းဆေးကဏ္ဍတိုးတက်ရေး**

အနောက်တိုင်းဆေးပညာများကို အားကိုးအားထားပြုနေကြသူများရှိသလို တိုင်းရင်းဆေးပညာသည်လည်း ပြည်သူများကို ကြီးမားသောကျန်းမာရေးအထောက်အပံ့ပေးနေသော ကဏ္ဍဖြစ်သည်။ ကမ္ဘာ့အလယ်တွင် မြန်မာ့တိုင်းရင်းဆေးပညာဟု ဂုဏ်ယူဝင့်ကြွားစွာ ချပြနိုင်လောက်အောင် အစွမ်းထက်သော ဆေးပညာရပ်ဖြစ်သည်။

တိုင်းရင်းဆေးကို အားကိုးအားထားပြုနေကြသည့် ပြည်သူများအတွက် တိုင်းရင်းဆေးရုံ၊ ဆေးခန်း စုစုပေါင်း ၂၄၁ ရုံဖွင့်လှစ်ကုသပေးလျက်ရှိရာ ပြင်ပလူနာ ၁၅၁၂၃၀၀ နှင့် အတွင်း လူနာ ၂၉၈၆၈ ဦးတို့ကို အခမဲ့ကုသပေးနိုင်ခဲ့သည်။

ကွင်းဆင်းကုသမှုပေါင်း ၁၂၁၄၇ ကြိမ်တွင် လူနာပေါင်း ၁၇၇၇၀၄၂ အား တိုင်းရင်းဆေးဖြင့် ကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံနှစ်ရုံမှ ဌာနသုံးဆေးဝါးအမျိုး ၂၀ ကို ထုတ်လုပ်လျက်ရှိရာ ထပ်မံ၍ သောက်ဆေးသုံးမျိုး၊ စည်းဆေးနှစ်မျိုး၊ လိမ်းဆေးတစ်မျိုးတို့အား အသစ်ထုတ်လုပ်နိုင်ခဲ့ပြီး စျေးကွက်အတွင်း သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေး ၇၉ မျိုးကို ပြည်သူများသို့ အသိပေးနိုင်ခဲ့သည်။ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားခြင်းကို ဖြေလျော့မှုများလည်း ဆောင်ရွက်ပေးခဲ့သည်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ၊ တိုင်းရင်းဆေးသုတသန စာတမ်းဖတ်ပွဲနှစ်ကြိမ်စီ ပြုလုပ်ခြင်းဖြင့် တိုင်းရင်း ဆေးပညာရပ်ဆိုင်ရာကုသမှုအမြင်များ ဖလှယ်ခြင်း၊ သုတေသနတွေ့ရှိချက်များကို အသုံးချနိုင်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သဖြင့် တိုင်းရင်းဆေးကဏ္ဍပိုမိုတိုးတက်စေရန် ဆောင်ရွက်နိုင်ခဲ့သည်။

**အစားအသောက်နှင့်ဆေးဝါး ဘေးကင်းစိတ်ချရမှု**

ပြည်သူများ၏ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် အဓိကပြဿနာတစ်ရပ်မှာ အန္တရာယ်ရှိသော ဓာတုပစ္စည်းများပါဝင်သော အစားအသောက်နှင့် အရည်အသွေးမမီသော ဆေးဝါးများ၊ အဆိပ်အတောက်ပါသော အလှကုန်ပစ္စည်းများမှာ နိုင်ငံအတွင်းသို့နည်းလမ်းပေါင်းစုံဖြင့် အဘက်ဘက်မှ ဝင်ရောက်နေခြင်းဖြစ်သည်။ ထိုပြဿနာများကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အခြားနီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အလေးထားဆောင်ရွက်လျက်ရှိသည်။

စျေးများ၊ ဆေးဆိုင်များသို့လည်း ရှောင်တခင်ဝင်ရောက် စစ်ဆေးခြင်းကို အကြိမ်ပေါင်းများစွာ ပြုလုပ်လျက်ရှိပြီး ပြည်သူများသည် စစ်မှန်သော အစားအစာနှင့်ဆေးဝါးများ သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းများဆိုင်ရာ အာဏာပိုင်အဖွဲ့၏ အစည်းအဝေးကျင်းပခဲ့ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား အဖွဲ့အစည်းပေါင်းစုံပါဝင်အကောင်အထည်ဖော်မည့် မဟာဗျူဟာနှင့်လမ်းပြမြေပုံရေးဆွဲပြီး အချိန်နှင့် တစ်ပြေးညီ အထူးကြိုးစားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အဖြစ်များလာသည့် ဆီးချိုနှင့်သွေးတိုးရောဂါများကို ထိန်းချုပ်ရာတွင် အလွန်အရေးကြီးသော အချိုရည်များ တင်သွင်းမှု၊ ထုတ်လုပ်မှု၊ ၎င်းတို့တွင် သကြားပါဝင်မှု ထိန်းသိမ်းရေး၊ အစားအသောက်များတွင် ဆားပါဝင်မှု ကန့်သတ်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်နေပြီဖြစ်ပါသည်။ အစားအသောက်၊ အလှကုန်နှင့်

*အချပ်ပို (၉) သို့*

*အချပ်ပို(ဆ) မှ*

ဆေးပစ္စည်း ဓာတုဓာတ်ခွဲခြင်းများ အတွက် နိုင်ငံတကာ အဆင့်မီဓာတ်ခွဲခန်းကြီးအား ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၎င်းဓာတ်ခွဲခန်းသည် အမေရိကန်အခြေစိုက် ANAB (ANSI- ASO National) Accreditation Board မှ ပေးအပ်သော ISO 17025 Certificate ကိုရရှိခဲ့သဖြင့် ကမ္ဘာ့အဆင့်မီစွာဖြင့် အစားအသောက်နှင့် ဆေးဝါးများကို အရည်အသွေးစစ်ဆေးလျက်ရှိသည်။

အစိုးရ နှစ်နှစ်တာကာလတွင် FDA ၏ တိုင်းနှင့်ပြည်နယ်ရုံးများ တည်ဆောက်ပြီးခဲ့၍ စဉ်ဆက်မပြတ် ဖွင့်လှစ်သွားမည် ဖြစ်သည်။ ၎င်းအပြင် မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်မည့် အစီအစဉ် အတွက် FDA ခရိုင်ရုံး ၂၄ ရုံးကိုလည်း တည်ဆောက်လျက်ရှိပြီး အဆိုပါရုံးများတွင် အစားအသောက်နှင့် ဆေးဝါးအန္တရာယ်ကို စစ်ဆေးပေးနိုင်သည့် ခေတ်မီဓာတ်ခွဲခန်းများလည်း ပါဝင်မည်ဖြစ်သည်။ ဒေသအလိုက် အစားအသောက်၊ ဆေးဝါး၊ အလှကုန်များ အန္တရာယ်ကင်းရှင်းရေးကို မကြာမီ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ခွင့်မပြု ဆိုးဆေးများ၊ သောက်ရေသန့်လုပ်ငန်းများ၊ အေးခဲအသား၊ ငါး၊ ပုစွန်နှင့်ရေထွက်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိသော၊ အရည်အသွေးမမီသောအရက်များ၊ အလှကုန်ပစ္စည်းများ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကျေးရွာအရောက် ပညာပေးအစီအစဉ်များအား အထူးအားဖြည့်ဆောင်ရွက်နိုင်ခဲ့သည်။ သုံးစွဲရန်မသင့်သော အစားအသောက်၊ဆေးဝါး၊အလှကုန်တို့ကို မီဒီယာများမှ တစ်ဆင့် ပြည်သူများသို့ အသိပေးကြေညာခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**မူဝါဒများ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မူဝါဒ(Human Resources for Health Policy)၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မဟာဗျူဟာ (Human Resources for Health Strategy) (2018-2021)နှင့် သားဖွားကျွမ်းကျင်သူများဆိုင်ရာမူဝါဒ (Midwifery Workforce Policy)၊ ကျန်းမာရေး သုတေသနဆိုင်ရာမူဝါဒ (National Health Research Policy)များကို ရေးဆွဲနိုင်ခဲ့ပြီး ယခုအခါ ၎င်းမူဝါဒများကို ကျင့်သုံးလျက်ရှိသည်။

လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်အတွက် အားလုံးပူးပေါင်းပါဝင်သော အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)ကို အဆင့်လိုက်၊ အပိုင်းလိုက် စနစ်ကျစွာ ကျွမ်းကျင်မှုဆိုင်ရာအပိုင်းမှ အတတ်နိုင်ဆုံး၊ အကောင်းဆုံး ဆောင်ရွက်လျက်ရှိပြီး ယခင်က ဝန်ကြီးဌာနတွင် မရှိဖူးသော အမျိုးသားကျန်းမာရေးစီမံကိန်း လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့အား ဖွဲ့စည်း၍ စီမံကိန်းလုပ်ငန်းများကို စနစ်တကျ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အထူးကုဆေးရုံကြီး (ရန်ကုန်မြို့) ခြောက်ထပ်ဆောင်နှင့် OT Complex ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

စောင့်ကြပ်ကြည့်ရှု ဆန်းစစ်လျက်ရှိပါသည်။

ကျန်းမာရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၁၀၀၀ ရရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ သုတေသန (Implementation Research) ၂၄၃ ခု ဆောင်ရွက်နိုင်ခဲ့သည်။ ထွက်ပေါ်လာသည့် တွေ့ရှိချက်များကိုလည်း လိုအပ်သလို မှီငြမ်းသုံးစွဲလျက်ရှိပါသည်။ သုတေသနနှင့်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ ၁၃ ခုကိုလည်း ကျင်းပခဲ့သည့်အတွက် ဝန်ထမ်းများ၏ သုတေသနစွမ်းရည် ပိုမိုရရှိခြင်းဖြင့် ဝန်ဆောင်မှုများကို ပိုမိုထိရောက်မည်ဖြစ်သည်။

**တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အစိုးရနှစ်နှစ်တာကာလအတွင်း ကျန်းမာရေးကဏ္ဍကို တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သလို အားကစားကဏ္ဍကိုလည်း ရရှိသည့် ဘဏ္ဍာငွေအတွင်းမှ အစွမ်းကုန်မြှင့်တင်ပေးနိုင်ခဲ့သည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ နွေရာသီ အားကစားနည်း သင်တန်းအမျိုးမျိုးတွင် လူငယ်အများ စိတ်ပါဝင်စားစွာ တက်ရောက်သင်ကြားနေသည်ကို တွေ့မြင်နေရသည်။ ထိုအချက်သည်လည်း ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် အားကစားကဏ္ဍမှာ တိုးတက်သင့်သလောက်တိုးတက်လာသည်ဟု ဆိုရမည်ဖြစ်သည်။

ကျန်းမာကြံ့ခိုင်သော ပြည်သူများဖြစ်စေရေးအတွက် “ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး” (Healthy Myanmar Seminar (Exercise is Medicine) နှီးနှောဖလှယ်ပွဲကိုကျင်းပနိုင်ခဲ့ပြီး ထွက်ပေါ်လာသည့် အကြံပြုချက်၊ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် လူမှုရေးဝန်ကြီးများက ဦးဆောင်၍ ဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်ချမှတ်ပေးခဲ့ပြီး စတင်ဆောင်ရွက်လျက်ရှိသည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းအမျိုးသမီးအားကစားဆပ်ကော်မတီတို့ပူးပေါင်း၍ တာမွေမြို့နယ်၊ ကျိုက္ကဆံအားကစားကွင်း၊ ပြည်သူ့ရင်ပြင်နှင့် သခင်မြပန်းခြံတို့တွင် အနုပညာရှင်များအပါအဝင် အမျိုးသမီးအင်အား ၁၀၀၀ ကျော်ဖြင့် စည်းရုံးလှုပ်ရှားဆောင်ရွက်နိုင်ခဲ့ပါသည်။ အခြားတိုင်းနှင့်ပြည်နယ်များမှာလည်း ဤကဲ့သို့ လုပ်ဆောင်နေသည်ကို တွေ့ရခြင်းသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှု (National Fitness)ကို ရရှိစေမှာပင်ဖြစ်သည်။

အားကစားကွင်း၊ အားကစားရုံများတွင်လည်း ပြည်သူလူထုမှ အခမဲ့ဝင်ရောက်ကစားနိုင် ကြောင်း ကြော်ငြာ ဆိုင်းဘုတ်များလည်း ထားရှိပြီး သတင်းစာများမှလည်း ကြော်ငြာပေးသည့်အတွက် ပြည်သူများပိုမို လာရောက်ကစားသည်ကို တွေ့မြင်နေရသည်။ ပြည်သူများ ကိုယ်လက်လေ့ကျင့်လှုပ်ရှားမှုများကို လေကောင်းလေသန့်ရသည့် နေရာများတွင် လေ့ကျင့်ဆောင်ရွက်နိုင်ရေးအတွက် Outdoor Fitness Equipment များအား တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ၆၇ ၅စုံ တပ်ဆင်ပေးပြီး ဖြစ်သည်။ ဆက်လက်၍လည်း အရေအတွက်များစွာ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားကဏ္ဍတွင်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့်(၇)ကြိမ်မြောက်အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ၊ (၄) ကြိမ်မြောက် အားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (AMMS-4) (The $4^{th}$ ASEAN Ministerial Meeting on Sports)၊ ပထမအကြိမ်အာဆီယံ + ဂျပန် အားကစားဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး (The $1^{st}$ ASEAN Plus Japan Ministerial Meeting on Sports) နှင့် အခြားဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည်။

မြန်မာ့အားကစားသည် ကမ္ဘာကိုထိုးဖောက်ဝင်ရောက်နိုင်စေရန် ဝန်ကြီးဌာနအနေဖြင့် အားကစားအဖွဲ့ချုပ်ဌာနနှင့်ပူးပေါင်း၍ လည်းကောင်း၊ နိုင်ငံတကာနှင့်ချိတ်ဆက်၍ လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အားကစားသမားလောင်းများကို သွေးသစ်လောင်းနိုင်ရန် အားကစားသိပ္ပံကျောင်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။

အားကစားနှင့်ကာယပညာသိပ္ပံ (လှိုင်ကော်) နှင့် မုံရွာအား တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ခြောက်ကျောင်းရှိလာပြီး လက်ရွေးစင်အားကစားသမားများ ပိုမိုပေါ်ထွက် လာနိုင်တော့မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ် ၁၆ ပွဲ လက်ခံကျင်းပနိုင်ခဲ့သည်။

ပထမအကြိမ်အာရှခြင်းလုံးအဖွဲ့ချုပ် အစည်းအဝေးနှင့် အရှေ့တောင်အာရှ ခြင်းလုံးအဖွဲ့ချုပ်ဖွဲ့စည်းခြင်း အစည်းအဝေး ($1^{st}$ Asian Chinlone Federation Congress and South East ASEAN Chinlone Federation) ကို အောင်မြင်စွာကျင်းပခဲ့ပြီး ခြင်းလုံးအားကစားကို ပိုမိုပျံ့နှံ့စေရန်အတွက် ပညာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကျောင်းများတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ ပထမဦးဆုံး B.Sc(Sports) သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၇၀ ထွက်ပေါ်လာခဲ့ပြီး လက်ရှိတွင် ဒဂုံနှင့် ရတနာပုံတက္ကသိုလ်တို့၌ ကျောင်းသားပေါင်း ၂၀၇ ဦး တက်ရောက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ် ၃၁၀ မှာ နွေရာသီအခြေခံ အားကစားသင်တန်းများကို ဖွင့်လှစ်ခဲ့ရာမှာ အားကစားနည်း ၈ မျိုးမှ ၃၂ မျိုးအထိ သင်ကြားပေးနိုင်ခဲ့ပြီး စုစုပေါင်းသင်တန်းသား ၁၂၁၃၇၅ ဦး လာရောက်တက်ခဲ့ကြောင်း သိရသည်။

လူမှုရေးဝန်ကြီးများ၊ အားကစားအဖွဲ့ချုပ်များမှ အားကစားပညာရှင်များနှင့် အားကစားလက်ရွေးစင်များပါဝင်သော အမျိုးသားအဆင့် မြန်မာ့အားကစား စွမ်းဆောင်ရည် မြှင့်တင်ရေး ဆွေးနွေးပွဲကြီးကို ကျင်းပနိုင်ခဲ့ပြီး ၎င်းတို့မှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ်မူတည်၍ အားကစားလောကကြီး တိုးတက်ရန်အတွက် လမ်းပြမြေပုံများ၊ လက်တွေ့ကျသော မဟာဗျူဟာများကို ရေးဆွဲ၍ ဆက်လက်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဦးစားပေးဆက်လက်ဆောင်ရွက်သွားမည်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ၌ ဦးစားပေးလုပ်ငန်းများအနက် အဓိကဦးစားပေး လုပ်ငန်းများအဖြစ်ကျောင်းကျန်းမာရေးလုပ်ငန်း၊ သူနာပြုနှင့်သားဖွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ကျန်းမာရေးစာတတ်မြောက်မှု မြှင့်တင်ရေး (Health Literacy Promotion)နှင့်အခြေခံ ကျန်းမာရေးဝန်ထမ်းများ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြင့်မားရေးတို့ကို လုပ်ဆောင်လျက်ရှိသကဲ့သို့ အားကစားလောကကြီးတိုးတက်ရန်အတွက် လမ်းပြမြေပုံများ လက်တွေ့ကျသော မဟာဗျူဟာများကို ရေးဆွဲအကောင်အထည်ဖော်ကာ အားကစားကဏ္ဍကို မြှင့်တင်ရန် လုပ်ဆောင်လျက်ရှိပါသည်။ စာရင်းဇယားများ တိကျမှန်ကန်ရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေကို အလေအလွင့်နည်းပါးပြီး ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် (၂၀၁၈-၂၀၁၉) ခုနှစ်အား စာရင်းဇယားနှင့် သတင်းအချက်အလက်နှင့် နိုင်ငံတော်ဘဏ္ဍာငွေကို မှန်ကန်စွာ ခွဲဝေမှုနှင့် ပီပြင်စွာသုံးစွဲမှုနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်တွင်ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင်ရေး အတွက် (၂၀၁၈-၂၀၁၉) ခုနှစ်အား ဝန်ထမ်းအိမ်ရာနှစ်အဖြစ် သတ်မှတ်၍ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်ခြင်း၊ ကုသရေးဝန်ဆောင်မှုအရည်အသွေး မြင့်မားလာစေရန် အဘက်ဘက်မှ ပြည်တွင်းသင်တန်းများ၊ ပြည်ပသင်တန်းများသို့ တက်ရောက်စေခြင်းကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လက်တွဲပူးပေါင်း၍ လူတိုင်းလက်လှမ်းမီနိုင်သော သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုမှ တစ်ဆင့် ပြည်သူများအားလုံး ကျန်းမာရောဂါကင်းပြီး အလှဆုံးပြုံးပျော်နိုင်စေဖို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**“ပြည်သူများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် အဓိကပြဿနာတစ်ရပ်မှာ အန္တရာယ်ရှိသော ဓာတုပစ္စည်းများပါဝင်သော အစားအသောက်နှင့် အရည်အသွေးမမီသော ဆေးဝါးများ၊ အဆိပ် အတောက်ပါသော အလှကုန်ပစ္စည်းများမှာ နိုင်ငံအတွင်းသို့ နည်းလမ်းပေါင်းစုံဖြင့် အဘက်ဘက်မှ ဝင်ရောက်နေခြင်းဖြစ်၏။ ထိုပြဿနာများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ အခြား နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အလေးထား ဆောင်ရွက်လျက်ရှိ”**




၂၆-၃-၂၀၁၈ ရက်က ကျင်းပသည့် ပထဝီဝင်ဆိုင်ရာ ဂြိုဟ်တုအခြေပြုအချက်အလက်များကို ကျန်းမာရေးဆိုင်ရာ စီမံကိန်းများရေးဆွဲခြင်းနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အနုစိတ် စီမံချက်များရေးဆွဲခြင်းလုပ်ငန်းများတွင်အသုံးပြုရန် တင်ပြသောအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အမှာစကားပြောကြားစဉ်။